# မင်္ဂလာ

၂၀၁၅ ခုနှစ် အမှတ်စဉ်--၃ စုစုပေါင်းအမှတ်စဉ်--၂၅၄

# 吉祥


2015 年 第 3 期
总 第 254 期





## တရုတ်နိုင်ငံအမြန်ချောပို့လုပ်ငန်း လျင်မြန်စွာတိုးတက်လာ

## တရုတ်မြန်မာယဉ်ကျေးမှုဖလှယ်ရေး၏‘‘ မင်္ဂလာပန်း ’’ တစ်ပွင့်


ISSN 1009-9417


စိတ်ကူးယဉ်အိပ်မက်ကို ဤတွင်စတင်အကောင်အထည်ဖော်
AIMANI
အိုက်မာနီ(တရုတ်)နက်ဝေါ့ခ်သိပ္ပံနှင့်နည်းပညာ
艾玛尼（中国）网络科技
www.gms-seasa.com
ထိုင်း၊ မြန်မာ၊ လာအို၊ ဗီယက်နမ် စသော
ဘာသာစကားမျိုးစုံပါရှိသောဝက်ဘ်ဆိုက်တ်
泰缅老越....
多语种网站
梦想从这里起飞
艾玛尼(中国)网络科技有限公司
电话：86-871-64668646
အိုက်မာနီ(တရုတ်)နက်ဝေါ့ခ်သိပ္ပံနှင့်နည်းပညာကုမ္ပဏီလီမိတက်
ဖုန်း။ ။ ၈၆–၈၇၁–၆၄၆၆၈၆၄၆
E-mail:zrz125576@live.cn






# 欢迎您到金色的土地——缅甸来！
# “福地”热诚地欢迎您！







## 缅甸有丰富的旅游资源

- 有闻名世界的瑞光大金塔;
- 有号称“塔林”的蒲甘圣地;
- 有世界第一大书的瓦城“碑林”;
- 有世界第一大的“敏滚”大钟;
- 有缅甸故宫曼德勒皇城;
- 还有世界惟一的茵莱湖水上人家的独特风光;
- 还有避暑胜地彬乌伦、阳光灿烂的“昌达”海滨……
- 更有动人心弦的翡翠、珠宝的诱惑，等着您的到来！

※ **联系电话：**0095-2-31832
0095-99061291　0095-95198193

※ **电子邮件：**zuqing@mandalay.net.mm

**缅甸曼德勒“福地”旅游有限公司**　　地址：缅甸曼德勒 41 条街（83/84 条街中间）68 号

# 云南建工集团有限公司

## ယူနန်ဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီလီမိတက်

云南建工集团有限公司是在云南建工集团总公司基础上，于 2009 年 11 月 6 日改制而成。目前，集团已发展成为集工程总承包、房地产开发、城市建设投资开发、建筑工程施工、机电设备安装、商品混凝土生产、路桥市政工程施工、钢结构工程施工、水利水电工程施工、地基工程施工、建材与设备供销、建筑科研、勘察设计、建筑劳务于一体的多层次大型企业集团；是云南省政府国资委履行出资人职责的 20 户省管企业和 15 户省属重要骨干企业之一。集团现有全资子公司、控股公司和直管企事业单位 31 个；现有在职职工 16000 人，各类专业技术人员 7797 人，其中具有高级职称 751 人。

近年来，集团努力进行结构调整，千方百计拓展市场，综合实力显著增强，为云南的经济建设和社会发展做出了显著贡献。2013 年完成总产值 434.23 亿元，完成竣工面积 828.1 万平方米。科技水平显著提高，国际市场的开拓能力不断增强。截至 2013 年 12 月，集团累计获得全国建筑工程鲁班奖 22 项，国家优质工程银质奖 32 项，詹天佑土木工程大奖提名奖 1 项，全国用户满意工程 13 项，全国和省级以上科技进步奖 400 多项，获部省级优质工程奖 390 项，连续 9 次入选中国承包商 60 强。截至 2013 年 9 月，集团公司连续 22 次入选中国企业 500 强。集团先后在也门、南非、泰国、老挝、乌干达、伊拉克、马尔代夫、毛里求斯、赤道几内亚、柬埔寨等国家承接各类工程，并荣获老挝政府颁发的"发展勋章"、"劳动勋章"等荣誉。2010 年至 2013 年，集团公司连续四年进入美国《工程新闻记录》（ENR）杂志全球最大 225 家国际承包商排行榜，创造了良好的国际声誉。集团以高效、优质的服务和重合同、守信用的严谨作风，赢得了广大客户、行业主管部门、金融机构的充分信赖，连年被评为 AA 级企业，享有较高的商誉，"云南建工"品牌已经成为国内建筑业界的知名品牌。

在实现较快发展的基础上，集团全力加快战略转型的步伐，加快企业的股份制改造，将集团进一步发展成拥有设计、科研、施工、咨询、投融资建设一体化发展能力的核心竞争力更强的现代大型建筑企业集团和中国西部一流建工集团。



ယူနန်ဆောက်လုပ်ရေးအဖွဲ့ ကုမ္ပဏီလီမိတက်သည် ယူနန်ဆောက်လုပ်ရေးအဖွဲ့ဌာနချုပ်၏အခြေခံပေါ်တွင် ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၌ ပြန်လည်ပြုပြင်ဖွဲ့စည်းထူထောင်ခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် ကုမ္ပဏီအဖွဲ့သည် ကန်ထရိုက်တာဖြင့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အိမ်ရာတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ခြင်း၊ မြို့ပြတည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စက်ပစ္စည်းတပ်ဆင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ စီးပွါးရေးအရ ကွန်ကရစ်လုပ်ငန်းဆောင်ရွက်ခြင်း၊ လမ်းနှင့် တံတားဆိုင်ရာမြို့ပြစည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိဖြင့် ဖွဲ့စည်းတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြေအုတ်မြစ်အခြေခံဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် စက်ပစ္စည်းများအရောင်းအဝယ်ပြုလုပ်ခြင်း၊ ဆောက်လုပ်ရေးဆိုင်ရာသိပ္ပံနှင့် နည်းပညာသုတေသနပြုရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် ဒီဇိုင်းထုတ်ပေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာလုပ်အားပေးလုပ်ကိုင်ဆောင်ရွက်ခြင်းများကို မျိုးစုံလုပ်ကိုင်ဆောင်ရွက်နိုင်သောအတိုင်းအတာကြီးမားသည့်ဘက်စုံလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယူနန်ပြည်နယ်အစိုးရ နိုင်ငံတော်ပိုင်လုပ်ငန်းကြီးများဦးစီးဌာနအတွက် တာဝန်ယူရမည့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်ရှိ ကုမ္ပဏီ ၂၀ ကျော်ထဲက တစ်ခုအပါအဝင်ဖြစ်ပေရာ၊ ပြည်နယ်အဆင့်ပိုင်ဆိုင်မှုရှိသောအရေးကြီးသည့် ကုမ္ပဏီပေါင်း ၁၅ ခု ထဲက တစ်ခုအပါအဝင်ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် ကုမ္ပဏီအဖွဲ့သည် ရာနှုန်းပြည့်ပိုင်ကုမ္ပဏီ၊ အဓိကရှယ်ယာပိုင်ကုမ္ပဏီနှင့် တိုက်ရိုက်အုပ်ချုပ်သောဌာနပေါင်း ၃၁ ခုရှိပါသည်။ လက်ရှိဝန်ထမ်းပေါင်း ၁၆၀၀၀ရှိပါသည်။ ကျွမ်းကျင်သော ပညာရှင်မျိုးစုံပေါင်း ၇၇၉၇ ဦးရှိပေရာ၊ အဆင့်မြင့်ကျွမ်းကျင် ပညာရှင်များ ၇၅၁ ဦးပါပါသည်။

လွန်ခဲ့သောနှစ်များတွင် ကုမ္ပဏီအဖွဲ့သည် ဖွဲ့စည်းပုံစနစ် ပိုမိုကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဈေးကွက်တိုးချဲ့ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အားထုတ်ခဲ့ခြင်းဖြင့် ဘက်စုံအင်အားသိသာစွာ တိုးတက်အားကောင်းလာနေသည်ကို တွေ့ရှိနိုင်ပေသည်။ ယူနန်၏ စီးပွါးရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုအဖွဲ့အစည်း၏တိုးတက်မှုများအတွက် သိသာထင်ရှားစွာ အကျိုးပြုခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် လုပ်ငန်းထုတ်လုပ်ရေးတန်ဘိုး စုစုပေါင်းပမာဏမှာ ယွမ်ငွေပေါင်း ၄၃.၄၂၃ ဘီလျံအထိရှိပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းပြီးမြောက်အောင်ဆောင်ရွက်နိုင်သောအကျယ်အဝန်းသည် စတုရန်းမီတာသိန်းပေါင်း ၈၂.၈၁ ရှိလာပါသည်။ သိပ္ပံနှင့် နည်းပညာပိုင်းဆိုင်ရာအဆင့်အတန်းသည် သိသာထင်ရှား စွာတိုးတက်လာနေသည်ကို တွေ့ရှိနိုင်ပေသည်။ နိုင်ငံတကာ ဈေးကွက်အတွင်းရှိ တိုးချဲ့စွမ်းဆောင်ရည် အဆင့်အတန်းသည် အဆက်မပြတ်တိုးတက်အားကောင်းလာနေပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်သည့်အထိ ပြည်လုံးကျွတ်ဆိုင်ရာ "လို ပန်" ဆုရဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၂၂ ခုရရှိခဲ့ပါသည်။ နိုင်ငံတော်အဆင့်အရည်အသွေးကောင်းငွေတံဆိပ်ဆုရဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၃၂ ခုရရှိခဲ့ပါသည်။ Zhan Tianyou Civil Engineering Award ဆုတစ်ခုရရှိခဲ့ပါသည်။ ပြည်လုံးကျွတ်ဆိုင်ရာ သုံးစွဲသူကျေနပ်မှုရှိ လုပ်ငန်းပေါင်း ၁၃ ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ တစ်ပြည်လုံးနှင့် ပြည်နယ်လုံးအဆင့်ထက်မြင့်သောသိပ္ပံနှင့် နည်းပညာတိုးတက်မှုဆုရရှိခြင်းပေါင်း ၄၀၀ ကျော်ရှိပါသည်။ ဝန်ကြီးဌာနနှင့် ပြည်နယ်အဆင့်အရည်အသွေးကောင်းဆုရ ဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၃၉၀ ရှိပါသည်။ တရုတ်နိုင်ငံရှိ အကောင်းဆုံးကန်ထရိုက်တာလုပ်ငန်း၆၀ စာရင်းအတွင်း ဝင်ရောက်ရန် ၉ ကြိမ် ဆက်တိုက်ရွေးချယ်တင်မြှောက်ခြင်းခံရခဲ့ပါသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ ကုမ္ပဏီအဖွဲ့သည် ၂၂ ကြိမ်ဆက်တိုက် အကောင်းဆုံးတရုတ်ကုမ္ပဏီ ၅၀၀ စာရင်းထဲဝင်ရောက်ရန် အရွေးခံခဲ့ရပါသည်။ ကုမ္ပဏီအဖွဲ့သည် ယီမင်နိုင်ငံ၊ တောင်အာဖရိက၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ယူဂန္ဒာနိုင်ငံ၊ အီရက်၊ မော်လဒစ်(ဗ)နိုင်ငံ၊ မောရစ်ရှား(စ)နိုင်ငံ၊ အီကွေတော်ရီးယားဂီနီ နိုင်ငံနှင့် ကမ္ဘောဒီးယား စသောနိုင်ငံများတွင် ဆောက်လုပ်ရေးကန်ထရိုက်တာလုပ်ငန်းမျိုးစုံကို လက်ခံအကောင်အထည်ဖော်ခဲ့ရာ၊ လာအိုအစိုးရမှ ချီးမြှင့်ပေးသော "ဖွံ့ဖြိုးရေးဆုတံဆိပ်" နှင့် "လုပ်သားဆုတံဆိပ်"တို့ကို ရရှိခဲ့ပါသည်။ ၂၀၁၀ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ကုမ္ပဏီအဖွဲ့သည် ၄ နှစ်ဆက်တိုက် အမေရိကန်၏ （ENR- အင်ဂျင်နီယာလုပ်ငန်းသတင်းမှတ်တမ်း） မဂ္ဂဇင်းပါ တကမ္ဘာလုံးရှိနိုင်ငံတကာကန်ထရိုက်တာ ၂၂၅အစဉ် လိုက်စာရင်းထဲ ပါဝင်လာခဲ့ရာ၊ ကောင်းမွန်သောနိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိခဲ့ပါသည်။ ကုမ္ပဏီအဖွဲ့သည် မြန်ဆန်ထိရောက်မှု၊ ဝန်ဆောင်ရေးကောင်းမွန်မှု၊ စာချုပ်ပါကတိတည်မှုနှင့် ယုံကြည်စိတ်ချမှုတို့ကြောင့် များပြားလှသောဖေါက်သည်အဖွဲ့၊ လုပ်ငန်းပိုင်းဆိုင်ရာ ဦးစီးဌာနများနှင့် ငွေရေးကြေးရေးအဖွဲ့များ၏ အပြည့်အဝယုံကြည်စိတ်ချမှုကို ရရှိခဲ့ပါသည်။ AA အဆင့်ရှိ လုပ်ငန်းဌာနအဖြစ်နှစ်စဉ် အရွေးခံရသည့်အတွက် စီးပွါးရေးနယ်ပယ်တွင် အမည်ကောင်းရရှိခဲ့ပါသည်။ "ယူနန်ဆောက်လုပ်ရေးအဖွဲ့"သည် ပြည်တွင်းဆောက်လုပ်ရေးနယ်ပယ်တွင် အမည်ကျော်ကြားသောကုမ္ပဏီအဖွဲ့တစ်ခုဖြစ်လာနေပါသည်။

လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသောအခြေခံပေါ်တွင် ကုမ္ပဏီအဖွဲ့သည် မဟာဗျူဟာနည်းပညာပိုင်းဆိုင်ရာပြောင်းလဲမှုများကို အရှိန်မြင့်တက်လာအောင် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ၊ လုပ်ငန်းကုမ္ပဏီကို ရှယ်ယာပိုင်ဆိုင်မှုစနစ်ပြုပြင်ပြောင်းလဲလာအောင်လျင်မြန်စွာဆောင်ရွက်နေပါသည်။ ကုမ္ပဏီအဖွဲ့ကို ဒီဇိုင်းရေးဆွဲရေး၊ သုတေသနပြုရေး၊ လုပ်ငန်းများအကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရေး၊ မေးမြန်းမှုများကို အဖြေပေးနိုင်အောင်ကြိုးပမ်းအားထုတ်ခြင်း၊ ငွေရေးကြေးရေးရင်းနှီးမြှုပ်နှံနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းပိုင်းအကောင်အထည်ဖေါ်လာနိုင်အောင် ကြိုးပမ်းအားထုတ်ခြင်းများကို တစ်ပေါင်းတစ်စည်းတည်းစွမ်းဆောင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေရာတွင် ယှဉ်ပြိုင်အားပိုမိုတောင့်တင်းလျက်၊ အတိုင်းအတာကြီးမားသည် ခေတ်မီဆောက်လုပ်ရေးလုပ်ငန်းနှင့် တရုတ်နိုင်ငံအနောက်ဖက်ဒေသရှိ အဆင့်အမြင့်ဆုံးဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့တစ်ခုအနေဖြင့် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။

# မင်္ဂလာ


တာဝန်ခံစီမံခန့်ခွဲသူ––
တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာန
တာဝန်ယူ၍ထုတ်ဝေသူ––
ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန
ပူးပေါင်းအကူအညီပေးရေးအဖွဲ့––
ယူနန်ဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီလီမိတက်
စီစဉ်တည်းဖြတ်၍ပုံနှိပ်ထုတ်ဝေသူ––
'မင်္ဂလာ'မဂ္ဂဇင်းစာတည်းအဖွဲ့

အထွေထွေအကြံပေးအရာရှိ––ကြောင့်ကျင်း၊ မုန်ဝိန်ကော်
အကြံပေးအရာရှိ––ကျန်းဟုန်ဖိန်၊ ရှန်ယွီချိုင်၊ ချိုက်ချွန်စိန်၊ ကျန်းရွှေချိုင်၊
လီလျံပင်၊ လျူယုံ

တိုက်အုပ်––လီချမ်း
ဒုတိယတိုက်အုပ်––ဝူကြင်ပေါ၊ ထျန်ဟူချင်း၊ ဟိုင်ကျန်း
အယ်ဒီတာချုပ်––ယန်ယွင်
စာတည်းဌာနတာဝန်ခံ––ရီကျင့်ယီ ဒုတိယတာဝန်ခံ––ဝမ်ဝေယွင်
စာတည်းဌာနမှူး––ဝမ်ကြည့်ချမ်း လီခယ်
စာတည်းဌာနဒုတိယတာဝန်ခံ––လျူကျန်းလင်း
မြန်မာစာ တည်းဖြတ်ပြန်ဆိုသူ––ဦးကြည်မြတ်
မြန်မာစာ အယ်ဒီတာ––ဇာဇာဝင်း သန္တာဦး
မြန်မာစာဘာသာပြန်––လွင်စိန် လီကြူချင်း ဒေါ်ခင်စိန်
ပန်းချီဒီဇိုင်းကြီးကြပ်ရေးမှူး––ကျင့်ဝေ
အင်တာနက်ကွန်ရက်ကြီးကြပ်ရေးမှူး––ကျန်းစိုးရီ
လက်ထောက်စာတည်းကြီးကြပ်ရေးမှူး––ကျန်းကြိမ်ဟုန်
အင်တာနက်ကွန်ရက်ကြီးကြပ်ရေးဌာနဒုတိယတာဝန်ခံ––လီထောင်
အင်တာနက်ကွန်ရက်ကြီးကြပ်ရေးဌာနအယ်ဒီတာ––လီဝင်းကျင် စီရိန့်ချွန်
ရန်ကုန်မြို့ရုံးခွဲတာဝန်ခံ––ဒေါ်ကြည်လင်း
ဖြန့်ချိရေးဌာနတာဝန်ခံ––ကြိုဟိုဖိန် ချိန်လုံ
ပြုစုတည်းဖြတ်မှုအယ်ဒီတာ––လူလွေ ဟယ်ယူလန်း

လိပ်စာ–တရုတ်နိုင်ငံယူနန်ပြည်နယ်ကူမင်းမြို့အနောက်ဘက်မြို့ပတ်လမ်း
အမှတ်–၅၇၇
အယ်ဒီတာအဖွဲ့ဖုန်း–– ၈၆–၈၇၁–၆၄၁၁၂၉၇၃(Fax)
ရုံးအဖွဲ့ဖုန်း––၈၆–၈၇၁–၆၄၁၀၁၆၄၄
ဖြန့်ချိရေးဌာနဖုန်း––၈၆–၈၇၁–၆၄၁၀၁၇၂၇
စာပို့သင်္ကေတ––၆၅၀၀၃၄

ရန်ကုန်ဌာနခွဲလိပ်စာ။ FMI CITY မင်္ဂလာလမ်းအမှတ်(၂) အိမ်နံပါတ် K-42
ဖုန်းနံပါတ်။ ၀၀၉၅၉–၃၁၄၅၂၂၂၂

တရုတ်ပြည်တွင်းပြည်ပတွင် ဖြန့်ချိထုတ်ဝေသည်
စာပို့ရန်အစားထိုးနံပါတ်––၆၄–၃၅
လစဉ် ၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်
နိုင်ငံတကာသုံးမှတ်ပုံတင်အမှတ်–– ISSN 1009—9417
တရုတ်ပြည်တွင်းသုံးမှတ်ပုံတင်အမှတ်–– CN 53—1115/G2
http://www.yunnangateway.com
E–mail:yunnanjixiang@163.com

ကြော်ငြာဖော်ပြရန်ခွင့်ပြုချက်နံပါတ်––၅၃၀၀၀၀၄၀၀၀၀၅၂
ပုံနှိပ်သူ––ကူမင်းမြို့ဖူရှင်ချွန်ရောင်စုံပုံနှိပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

မဂ္ဂဇင်းတန်ဖိုး––RMB 10




## မာတိကာ　目　录


### အထူးသတင်းပေးပို့ချက်စာမူ　本刊特稿

6 GDP လျော့ခြင်းသည် ဒေသဖွံ့ဖြိုးရေးလောဂျစ်အသစ်ဖြစ်ပေါ်လာ



### တရုတ်နိုင်ငံ၏လိုလားတောင့်တမှု　中国梦

10 အာလာ–တောင်ကြားဝဂိတ်ပေါက်
14 တရုတ်ဗီယက်နမ်နယ်စပ်တွင်နယ်စပ်ကယ်ဆယ်ရေးစနစ်ထူထောင်




### ယနေ့တရုတ်ပြည်　今日中国

16 တရုတ်နိုင်ငံအမြန်ချောပို့လုပ်ငန်း လျင်မြန်စွာတိုးတက်လာ



### အာဆီယံနိုင်ငံများမြင်ကွင်း　东盟瞭望

20 "တစ်ဇုန်တစ်လမ်း" ထောက်ကူမှုဖြင့် ကမ္ဘာတစ်ဝှမ်းပြန်လည်ညီမျှစေ
24 ကမ္ဘောဒီးယား၊ ဗီယက်နမ်ခရီးစဉ်



### တရုတ်မြန်မာချစ်ကြည်ရေး　中缅友好

26 တရုတ်မြန်မာယဉ်ကျေးမှုဖလှယ်ရေး၏"မင်္ဂလာပန်း"တစ်ပွင့်
30 အမှတ်တရ မန္တလေး



### ဆွဲဆောင်အားကောင်းသောယူနန်　魅力云南

32 ယူနန်။ ။ ယဉ်ကျေးမှုတံတားတည်ဆောက်ပြည်သူ့နှလုံးသားလမ်းခင်း
36 သူရဲကောင်းတို့ မွေးဖွားရာပုခက်——ယူနန်ကြည်းတပ်စစ်ပညာသင်တန်းကျောင်း
38 ယူနန်ဆောက်လုပ်ရေး——ပိုးထည်တင်ပို့သည့်လမ်းမကြီးပြန်လည်ထွန်းကားရေး ရှေ့ဆောင်သူအနေအထား ဦးဆောင်သူစိတ်ဓာတ်ဖြင့် အာရှနှင့်အာဖရိကသို့ ရဲဝံ့စွာထိုးဖောက်



### လည်ပတ်ကြည့်ရှုနိုင်သောဤကမ္ဘာမြေ　旅游天地

44 နန်ရှမ်ရှေးဟောင်းမြို့
46 ဝူတင့်ခြသေ့်တောင်



### တိုင်းရင်းသားလူမျိုးစုပုံရိပ်လွှာ　民族风情

48 နွေဦးရာသီအစ။ ။ရှေးခေတ်မှ ယခုခေတ်သို့လျှောက်လှမ်း



### ယဉ်ကျေးမှုအနုပညာ　文化艺术

52 "နိုင်ငံခြားကဖန်များ" သည် တရုတ်စားသောက်ဆိုင်များအား အကြိုက်တွေ့



### အကျိုးဆောင်ကဏ္ဍ　为您服务

56 ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံရုပ်ရှင်လက်မှတ်ရောင်းရဝင်ငွေသည် ယွမ်ငွေပေါင်း(၂၉.၆)ဘီလျံ ရှိလာ
58 မမေ့နိုင်သော တရုတ်ခရီးစဉ်



### တရုတ်ဘာသာသင်ခြင်း　学汉语

60 ရိက္ခာကြမ်း(၅)မျိုးစားသုံးလျှင်ကိုယ်ခန္ဓာကျန်းမာလာမည်
62 တရုတ်မြန်မာနှစ်ဘာသာဆင်တူယိုးမှားစကားပုံနှင့်ဆိုရိုးစကားများ(၁၁)
64 တရုတ်–မြန်မာ–အင်္ဂလိပ်သိပ္ပံနှင့်နည်းပညာအဘိဓာန်(၈၆)






မူလတန်းကျောင်းသားကျောင်းသူများက မုန်လာဥအစိမ်းအား စားခြင်းဖြင့် "နွေဦးအစကို ဆီးကြိုခြင်း"
小朋友吃生萝卜"咬春"　新华社 图


主管：中华人民共和国国务院新闻办公室
主办：云南省人民政府新闻办公室
协办：云南建工集团有限公司
编辑出版：《吉祥》杂志社

总顾问：赵　金　卯稳国
顾问：张红苹　宣宇才　蔡春生　张瑞才
李联斌　刘　荣

社长：李　茜
副社长：吴静波　田虎青　海　江
总编辑：杨　云
总编室主任：禹正玉　副主任：汪伟云
编辑总监：王志谦
编辑部副主任：刘江林
缅文译审：王子崇
缅文编辑：曹云波　贺　舒
翻译：曹润盛　李祖清　许清媛
美术设计：经　纬
网络总监：张守义　总监助理：张俊宏
网络部副主任：李　涛　编辑：李文君　施艳琼
仰光分社主任：孟　飞
发行部主任：邹和平　发行：陈　龙
编务：陆　蕊　何如兰

地址：中国云南省昆明市环城西路577号
编辑部电话：86–871–64112973（传真）
办公室电话：86–871–64101644
发行部电话：86–871–64101727
邮　编：650034

仰光分社地址：
FMI CITY吉祥二路K–42号
电　话：00959–31452222　43021167

发行范围：国内外公开发行
邮发代号：64–35
出版日期：每月五日
国际标准刊号：ISSN 1009–9417
国内统一刊号：CN 53–1115/G2
http://www.yunnangateway.com
E–mail:yunnanjixiang@163.com

广告经营许可证号：5300004000052
印　刷：昆明富新春彩色印务有限公司

定　价：10元（人民币）

# GDPလျှော့ခြင်းသည် ဒေသဖွံ့ဖြိုးရေးလော့ဂျစ်အသစ်ဖြစ်ပေါ်လာ




ချုံချင့်တွင် Shale ဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများအား အရှိန်မြန်စွာ တွန်းအားပေးနေပုံ
重庆推进页岩气勘探开发 新华社 图

## 淡化 GDP 成地方发展新逻辑

中国经济增速从高速增长步入中高速增长的新阶段，陆续召开的“地方两会”传递出“淡化 GDP”的一致信号，这成为了解读新常态下地方经济发展新逻辑的一扇窗口。

တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအောက်တွင် GDP စံညွှန်းကိုလျှော့ချခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု၏တွန်းအား၊ အရည်အသွေး၊ အရှိန်နှုန်းမြှင့်တင်ခြင်းများမည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို အထူးဂရုစိုက်နေကြသည်။ ဒေသအတွင်း အစည်းအဝေး(၂)ရပ်မှာ အစိုးရလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများကို ဆက်တိုက်ထုတ်ပြန်ခြင်းဖြင့် သေချာသောအဖြေကိုဖော်ပြနိုင်ခဲ့သည်-- စီးပွားရေးတည်ဆောက်မှု အဆင့်မြှင့်တင်ခြင်းကို ပိုမိုဂရုစိုက်ခြင်း၊ ဆန်းသစ်ပြောင်းလဲခြင်း၊ ဒေသအလိုက်စုစည်း ညှိနှိုင်းဖွံ့ဖြိုးခြင်းများသည် ဒေသတိုင်းအတွက် ဖွံ့ဖြိုးမှုတွန်းအားအဖြစ် ပြောင်းလဲသွားခြင်း၊ ဖွံ့ဖြိုးမှုအသစ်များအတွက် တွန်းအားများမွေးထုတ်ခြင်း စသည်တို့ဖြင့်ဖြစ်ပေါ်နေပါသည်။

ချုံချင့်သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုတည်ဆောက်ခြင်းအတွက် ချိတ်ဆက်ကာ အရေးကြီးသည့် ဖြန့်ကျက်မှုများစီစဉ်ဆောင်ရွက်ခဲ့သည်။ ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာအတွက် အလုပ်တာဝန်(၅)ချက်ကို အသေးစိတ်ချမှတ်လုပ်ဆောင်ခဲ့သည်။ လုပ်ငန်းဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးကူညီမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စစ်ဆေးတန်ဖိုးဖြတ်မှုများ စသည့်အမျိုးအစားခွဲကူညီ၊ သီးခြားထိန်းချုပ်ခြင်း နောက်ဆက်တွဲလုပ်ဆောင်မှုများဖြင့် အရင်းအမြစ်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ခြင်းကို တွန်းဆော်ပေးနိုင်ခဲ့သည်။ လုပ်ငန်းတာဝန်အပိုင်းအသီးသီးတွင် အချင်းချင်းထောက်ကူပေးခြင်း၊ အားသာအားနည်းချက်များ အချင်းချင်းဖြည့်စွက်ပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့်ဖွဲ့စည်းမှုအသစ်များဖြစ်ပေါ်လာစေသည်။ ထို့အတူ အိုင်စီစုပေါင်းလျှပ်စစ်ပတ်လမ်းများ၊ စက်ရုပ်၊ Shale ဓာတ်ငွေ့ စသည့်(၁၀)ခုသော မဟာဗျူဟာသစ် ဆန်းသစ်လုပ်ငန်းများကို ပိုမိုကြီးမားခိုင်ခံ့အောင် ပြုလုပ်ခြင်းဖြင့် ဆန်းသစ်မှုကို ဖွံ့ဖြိုးတိုးတက်မှု၏အင်ဂျင်သစ်အဖြစ် လုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ကျန်ထုတ်လုပ်စွမ်းအင်ဓာတ်ပြယ်စေခြင်း၊ လေထုညစ်ညမ်းမှုကို ဖြေရှင်းခြင်းစသည်တို့ကြောင့် ပြည်နယ်တစ်ခုလုံး ကုန်ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး (၁.၇၅%)တိုးမြှင့်နှုန်းခန့်မှန်းလျာထားချက်အောက်တွင် ဟော်ပေပြည်နယ်မှ “အရှိန်ပြောင်းပြီး ပါဝါမလျော့၊ အရေအတွက်တိုးပြီး အရည်အသွေးပိုမြှင့်” ဟူသောဆောင်ပုဒ်ကို ထုတ်ပြန်ခဲ့သည်။ ယခုနှစ်တွင် စီးပွားရေးတည်ဆောက်မှုကို ပြုပြင်ပြောင်းလဲမည်ဖြစ်ပြီး လက်ကျန်ထုတ်လုပ်စွမ်းအင်ကို ထပ်မံဓာတ်ပြယ်ဖြေရှင်းပြီး ရိုးရာလုပ်ငန်းများကို အဆင့်မြင့်အတန်းစားသို့ရောက်ရှိအောင် တွန်းဆော်၊ တိုးပွားချက်အသစ်ကို တက်ကြွစွာမွေးထုတ်ခြင်းနှင့်အတူ ကျင်းကျင်းကျိ(ပေကျင်း၊ ထျန်းကျင်းနှင့်ဟော်ပေ(၃)ဒေသ)ပူးပေါင်းဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ဂရုပြုပြီး အခွင့်အလမ်းအသစ်များ တွန်းဆော်သွားမည်ဖြစ်သည်။

(၂၀၁၅)ခုနှစ်သည် တရုတ်နိုင်ငံအဖက်ဖက်မှ ပြုပြင်မှုများ ပြုလုပ်မည့်အထူးနှစ်ဖြစ်သည်။ GDP စံညွှန်းကို လျှော့ကျစေခြင်းသည် တစ်ဆင့်တိုးပြုပြင်ပြောင်းလဲခြင်း၊ တည်ဆောက်ပုံပြုပြင်ခြင်း၊ ပုံစံပြောင်းအဆင့်မြှင့်ခြင်းများအတွက် နေရာရယူစေမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲခြင်းအတွက် တွန်းအားလို




ရှန်ဟဲမြို့ဗဟိုနေရာရှိ အဆောက်အအုံအုပ်စုများ
上海市中心建筑群 新华社 图



(၆) ကြိမ်မြောက်တရုတ်(နိုင်ငံတကာ)ငွေရေးကြေးရေးစီမံအုပ်ချုပ်ရေးအစည်းအဝေးအား ဟန်ချူးမြို့တွင် ကျင်းပစဉ်
第六届中国（国际）资产管理大会在杭州召开　新华社 图

အပ်ပြီး ပြုပြင်တည်ထောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပုံစံအသစ်အောက်မှဖြစ်ပေါ်သော ကွဲလွဲမှုပြဿနာများကို ဖြေရှင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် “ရေဓာတ်”များဆက်လက်ဖြည့်ပေးရန် လိုအပ်ပါသည်။ GDP စံညွှန်းကိုလျှော့ကျစေခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းကို ပိုမိုလုပ်ဆောင်ခြင်း “လားရာနှစ်ဖက်အပြန်အလှန်လုပ်ဆောင်ခြင်း”တို့သည် ဒေသအသီးသီး၏ အစည်းအဝေး(၂)ရပ်တွင် တူညီသောအမြင်များရရှိခဲ့ကြသည်။

ပထမဦးဆုံး GDP စံညွှန်းတိုးမြှင့်ခြင်းကို ဖယ်ရှားခဲ့သောမြို့တော် ရှန်ဟဲမြို့က ဖော်ပြသည်မှာ–ကျွန်တော်တို့သည် GDPကို သိပ်ပြီးဂရုမစိုက်ပါကြောင်း၊ လွတ်လပ်မှုကုန်သွယ်ရေးစမ်းသပ်ဇုန် ပြုပြင်တည်ဆောက်ခြင်းကြောင့် ရှန်ဟဲမြို့ပေါ်ထိရောက်မှုကိုပိုပြီး ဂရုစိုက်ပါကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းစွမ်းဆောင်ချက်မြှင့်တင်ခြင်းနှင့် လုပ်ငန်းတာဝန်ဌာနများ စုစည်းမှုများပါဝင်ပါကြောင်း စသည်ဖြင့် ဖော်ပြသွားပါသည်။



ရှန်ဟဲ။ “One stop service” အော်တိုမက်တစ်ပုံစံဖြင့် ဆေးဝါးကုသရေးဆိုင်ရာဝန်ဆောင်မှုအဆင့်အတန်းအား မြှင့်တင်
上海：“门诊一站式”自助服务有效提高医疗服务效率　新华社 图

တရုတ်နိုင်ငံ ကျေးရွာပြုပြင်တည်ဆောက်ခြင်း၏ စတင်ရာနေရာဖြစ်သော အမ်ဟွေပြည်နယ်သည် ယခုနှစ်တွင် ကျေးရွာအထွေထွေပြုပြင်တည်ဆောက်ခြင်း၊ နိုင်ငံတော် ကျေးရွာပြုပြင်ပြောင်းလဲခြင်း စမ်းသပ်ဇုန်ကို သေချာစွာလုပ်ဆောင်ခြင်းတို့တွင် အားသွန်ခွန်စိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ကျေးရွာမြေကွက်ပြန်သိမ်းခြင်း၊ အုပ်စုလုပ်ဆောင်သောဆောက်လုပ်ရေးသုံးမြေကို မြို့ပြမြေသို့သွတ်သွင်းခြင်းနှင့် လူနေမြေစနစ်ပြုပြင်ပြောင်းလဲမှု စမ်းသပ်ချက်များကို တည်ငြိမ်စွာတွန်းဆော်ခြင်းနှင့်အတူ အုပ်စုရင်းနှီးမြှုပ်နှံရှယ်ယာအာဏာ ပြုပြင်ပြောင်းလဲမှု စမ်းသပ်ပွိုင့်ကို စတင်လုပ်ဆောင်ပြီး ကျေးရွာပိုင်ဆိုင်မှုလုပ်ပိုင်ခွင့် ဖလှယ်ဈေးကွက်ကို စမ်းသပ်ဖွံ့ဖြိုးစေခြင်း စသည့်အတွဲလိုက်ပြုပြင်ပြောင်းလဲခြင်း လုပ်ဆောင်မှုအသစ်များဖြင့် အမ်ဟွေအား ကျေးရွာပြုပြင်ပြောင်းလဲမှု ရှေ့တန်းစံပြအဖြစ်ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

GDP စံညွှန်းကို လျှော့ကျစေခြင်းသည် သဘာဝပတ်ဝန်းကျင်ယဉ်ကျေးမှု တည်ဆောက်မှုကို ပိုမိုအားသန်စေပြီး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာပေးကာ ဒေသအစိုးရလုပ်ငန်းအစီရင်ခံစာအတွင်း “ကြိမ်နှုန်းမြင့်စာလုံး” လည်းဖြစ်နေပေသည်။ တိဗက်မှတင်ပြသည်မှာ ပတ်ဝန်းကျင်လုပ်ငန်းတာဝန်ပိုင်းခြားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု အနီလိုင်းသတ်မှတ်ခြင်းများကို ပြီးမြောက်အောင် လုပ်ဆောင်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတာဝန်အရေးယူစနစ်ပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် အကျိုးဆိုင်ရာပေးလျော်မှုများပြုလုပ်ခြင်း စသည့်အတွဲလိုက် လုပ်ဆောင်ချက်များဖြင့် သဘာဝပတ်ဝန်းကျင်လုံခြုံရေးကာကွယ်မှုကို တည်ဆောက်သွားမည်ဖြစ်သည်ဟု တင်ပြသွားသည်။ ဟူနန်ပြည်နယ်က တင်ပြသည်မှာ– အညစ်အကြေး စွန့်ပစ်ခွင့်ပေးဆပ်အသုံးပြုခြင်းနှင့် ဖလှယ်ခြင်းကို အဖက်ဖက်မှ တွန်းဆော်ကာ ရေအသုံးပြုခွင့်ဖလှယ်စနစ်ကို စူးစမ်းခြင်းဖြင့် ပြည့်စုံသော သဘာဝပတ်ဝန်းကျင် ပေးလျော်သည့်စနစ်ကို တည်ဆောက်ကာ ကြီးမားသော ပတ်ဝန်းကျင်ပြဿနာတာဝန်အရေးယူခြင်းကို လုပ်ဆောင်သွားမည်ဟု တင်ပြသွားသည်။

စီးပွားရေးတိုးမြှင့်မှုအရှိန်လျှော့ချခြင်း၊ လူနေမှုကောင်းမွန်ခြင်း အရှိန်မြှင့်တင်ခြင်းသည် ဒေသအစိုးရလုပ်ငန်းအစီရင်ခံစာတွင် ပြည်သူလူထုနှင့် ထိရောက်စွာပတ်သက်သော ဖွံ့ဖြိုးတိုးတက်မှုအဖြေဖြစ်သည့် “လူနေမှုအဆင့်အတန်းစာရင်း” သည် အချက်အလက်အားလုံးမှာ ရည်မှန်းပန်းတိုင်ရှိပြီး စာကြောင်းတိုင်းမှာ ကတိပေးထားသည်။ ချုံချင့်၊ ဟူနန်၊ စီချွန်း၊ အမ်ဟွေ စသည့်နေရာများမှ တင်ပြထားသည်မှာ– အားလုံးကိုလွှမ်းခြုံထားနိုင်ခြင်း၊ အခြေခံအာမခံချက်ပေးနိုင်ခြင်း၊ အဆင့်များစွာပါဝင်ခြင်း၊ ဆက်လက်ရေရှည်လုပ်ဆောင်နိုင်သော နည်းလမ်းများဖြစ်နေခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ရင်း လူနေမှုတိုးတက်ရေးအတွက် ရင်းနှီးမှုကိုတိုးမြှင့်ကာ မြို့ပြကျေးရွာ အများပြည်သူဆိုင်ရာဝန်ဆောင်မှုစနစ်ကို ပြည့်စုံအောင် ဖြည့်စွက်ပြီး အလုပ်အာမခံ၊ ယဉ်ကျေးမှုပညာပေး စသည့်ပြည်သူများအတွက် ကောင်းမွန်သောကိစ္စရပ်တို့ကို အဓိကထား လုပ်ဆောင်ခြင်းဖြင့် လူနေမှုပြဿနာများကို ဖြေရှင်းခြင်းနှင့်အတူ လူနေမှုအဆင့်အတန်းကိုလည်း ဆက်လက်မြှင့်တင်ပေးနိုင်မည်ဟု တင်ပြသွားသည်။



မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားပေးစက်ရုံမှအသုံးပြုလျက်ရှိသောရွှမ်ဟွာသတ္တုကျိုပတ်ဝန်းကျင်ထိန်းသိမ်းရေးစက်ပစ္စည်းထုတ်လုပ်ရေး(တပ်ဆင်ရေး)ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော စတုရန်းမီတာ ၁၅၀ လျှပ်စစ် dust catcher
缅甸国家电力公司发电厂投入使用的宣化冶金环保设备制造（安装）有限责任公司产 150 平米电除尘器　新华社 图

# အာလာ–တောင်ကြားဝဂိတ်ပေါက်

## 阿拉山口口岸

新疆，阿拉山口，曾经以世界级大风口扬名中外。而今作为国家一类口岸，阿拉山口不仅是中国新兴口岸城市，新疆对外贸易先导区，国家能源资源陆路安全大通道，更是中国开拓亚欧市场的枢纽港和“丝绸之路经济带”重要节点。（文 / 柳　杰）

စင်ကျန်း အာလာ–တောင်ကြားဝသည် တချိန်က ကမ္ဘာ့အဆင့်လေထန်ရာအရပ်အဖြစ် ပြည်တွင်းပြည်ပ၌ သတင်းကြီးကာ ထင်ရှားခဲ့ဖူးပါသည်။ ယနေ့ခေတ်တွင် နိုင်ငံတော်အဆင့်ရှိသောနယ်စပ်ဂိတ်တစ်ခုအနေဖြင့် အာလာ–တောင်ကြားဝသည် တရုတ်နိုင်ငံ၏ထွန်းသစ်စဂိတ်ပေါက်ဖြစ်လာသည်။ စင်ကျန်းဒေသ၏ ပြည်ပကုန်သွယ်ရေးရှေ့ဆောင်ဒေသနှင့် နိုင်ငံတော်စွမ်းအင်သယံဇာတတို့အတွက် ဘေးကင်းသောကုန်းလမ်းကြောင်းကြီးတစ်ခုဖြစ်လာခဲ့သည်။ ထို့ပြင်တရုတ်နိုင်ငံ၏အာရှနှင့်ဥရောပဈေးကွက်သို့ ထိုးဖောက်ရာ အချက်အချာနှင့် “ပိုးထည်တင်ပို့ကုန်သွယ်လမ်းစီးပွားရေးဇုံ”၏ အရေးပါသောဆက်သွယ်ရေးနေရာဖြစ်လာခဲ့ပါသည်။ အာလာ–တောင်ကြားဝအကောက်ခွန်စခန်းသည် တာဝန်ကြီးလှပြီး အခွင့်အလမ်းနှင့်စိန်ခေါ်မှုများနေသော အရပ်ဒေသတွင် အခြေချကာ တာဝန်ယူနေရပါသည်။ နယ်စပ်ဂိတ်ပေါက်နေပြည်သူတို့အတွက် ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးတေးသံများကို သီကျူးလျက်ရှိပါသည်။

အာလာ–တောင်ကြားဝအကောက်ခွန်စခန်းသည် အူရုမုချီအကောက်ခွန်ဌာန၏ လက်အောက်ခံအဖွဲ့ဖြစ်သည်။ အကောက်ခွန်ရှင်းလင်းရေးလက်တွေ့ဆောင်ရွက်ရာ၌ စံပြအဖြစ်ကိုယ်စားပြုနိုင်သော အကောက်ခွန်ဌာနငယ်တစ်ခုဖြစ်သည်။



ပြည်ထွက်ရန်သက်ဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်စဉ်
办理出境手续　新华社 图







အာလာ–တောင်ကြားဝဂိတ်ပေါက်ရှိ အကောက်ခွန်ရုံး
阿拉山口海关

၂၀၁၃ ခုနှစ် အကောက်ခွန်ကြီးကြပ်စစ်ဆေးရေးမှတစ်ဆင့်သွင်းထုတ်ကုန်စည်များ၏ အရေအတွက်တန်ချိန်ပေါင်းမှာ သိန်းပေါင်း(၂၄၁.၁၅၇)ရှိကာ ယခင်ကထက် ၁၃.၄%တိုးတက်လာသည်။ သွင်းထုတ်ကုန်၏ကုန်သွယ်ရေးတန်ဖိုးပေါင်းမှာ–အမေရိကန်ဒေါ်လာ(၁၇.၄၂၈)ဘီလျံရှိပြီး ၇%တိုးတက်လာပါသည်။

ပိုးထည်တင်ပို့သည့်ကုန်သွယ်လမ်းစီးပွားရေးဇုံ တည်ဆောက်မှုသည် အာလာ–တောင်ကြားဝဂိတ်ပေါက်အတွက် ဖွံ့ဖြိုးရေးအခွင့်အလမ်းသစ်ဖြစ်လာခဲ့သည်။ အာလာ–တောင်ကြားဝအကောက်ခွန်စခန်း၏ ပြုပြင်ပြောင်းလဲရေးအတွက်လည်း အရေးပါလာစေခဲ့သည်။

အာလာ–တောင်ကြားဝအကောက်ခွန်စခန်း၏ ကိန်းဂဏန်းစုတစ်ခုမှ သိရှိရသည်မှာ–၂၀၁၄ ခုနှစ်မတိုင်မီ လပေါင်း(၁၁)လအတွင်း ယင်းအကောက်ခွန်စခန်းမှ စိစစ်ပြီးနောက် အန္တရာယ်နည်း၍ အမြန်တင်ပို့ခွင့်ပြုခဲ့သည့် လျှောက်လွှာသုံးသောင်းကိုးထောင်ကျော်သည် အမျိုးအစားခွဲခြား၍ တင်ပို့ခွင့်ပြုသည့် လျှောက်လွှာပေါင်း၏ ၇၀%ရှိသည်။ အကြီးစားတပ်ဆင်ပစ္စည်းအစုံလိုက် (၃၇၄)တင်ပို့ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သိန်းပေါင်း (၂၄၂၀)ရှိခဲ့ပါသည်။

တွင်းထွက်ကုန်စည်(၅)မျိုးပို့ဆောင်ရေး စင်ကျန်း–ကုမ္ပဏီလီမိတက်၏ အကောက်ခွန်ရှင်းလင်းရေးဝန်ထမ်း လျူဟိုင်ပင်းထံမှ သိရှိရသည်မှာ–ယခုတစ်ခေါက်တွင် သူသည် အကောက်ခွန်ရှင်းလင်းရေး၊ ကုန်ပစ္စည်းနှင့် ရောဂါစစ်ဆေးရေးဌာနနှစ်ခုသို့ သွားရောက်ရန်မလိုတော့ဘဲ မကြာမီက တပ်ဆင်စစ်ဆေးပြီးခဲ့သည့် “တရုတ်အီလက်ထရောနစ်ဂိတ်ပေါက်တွင် အကောက်ခွန်နှင့်ရောဂါစစ်ဆေးမှုကို တပေါင်းတည်းပြုလုပ်ပြီး ခွင့်ပြုစာရွက်တစ်ရွက်တွင် နှစ်နေရာအစီရင်ခံနိုင်သည့်စနစ်”ဖြင့် ဖြတ်သန်းလုပ်ဆောင်နိုင်ခဲ့သည်။ နေရာ(၂)ခုတွင် လျှောက်လွှာတင်သည့်ကိစ္စကို တချိန်တည်းတွင်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်ပစ္စည်းကို စစ်ဆေးသည့်အခါ အကောက်ခွန်နှင့် ရောဂါစစ်ဆေးရေးဝန်ထမ်းတို့သည် ရှာဖွေစစ်ဆေးသည့်နေရာသို့ တချိန်တည်းပြိုင်တူ ရောက်ရှိလာခဲ့သည်။ ၅–မိနစ်ပင်မကြာသည့်အချိန်အတွင်း စစ်ဆေးစိစစ်မှုပြီး စီးခဲ့သည်။ “အကောက်ခွန်ရှင်းလင်းရေးနှင့် ရောဂါရှာဖွေရေးကို




ရထားလမ်းပေါ်ရှိ နိုင်ငံတကာကုန်တင်ရထားတွဲများ
铁路国际货运班列　新华社 图

ယခုကဲ့သို့ ဖြတ်သန်းဆောင်ရွက်နိုင်သည်ကို လုံးဝမစဉ်းစားမိပါ။ တကယ်ပင် လွယ်ကူချောမွေ့လှပါသည်”ဟု လျူဟိုင်ပင်းက ပြောကြားသည်။

အာလာ–တောင်ကြားဝအကောက်ခွန်စခန်းသည် တရုတ်–ဥရောပပုံမှန်ယာဉ်များ၏ အချိန်ဇယားအတွက် ကြိုတင်ချိန်းဆိုထားလျှင် (၃၆၅)ရက်တွင်(၂၄)နာရီဝန်ဆောင်မှုပေးနိုင်ပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့က အကောက်ခွန်စခန်းရှင်းလင်းရေးခန်းမထဲ၌ ကြီးကြပ်စစ်ဆေးရေးဌာနစုမှဝန်ထမ်း ဟူယန်သည် စင်ကျန်းအာလာ–တောင်ကြားဝကြယ်အန်းကုန်စည်စီးဆင်းရေးကုမ္ပဏီလီမိတက်၏ ရှင်းလင်းရေးကိစ္စဆောင်ရွက်သူ ကြုံးဝေထံမှ“ကျန်းအိုး”ပို့ဆောင်ယာဉ်အပြန်ခရီးအတွက် အကောက်ခွန်ရှင်းလင်းမှုလွှဲပြောင်းလျှောက်လွှာကို လက်ခံလိုက်သည်။ လျှောက်လွှာစတင်လက်ခံပြီးနောက် စိစစ်အတည်ပြုခွင့်ပြုလက်မှတ်အတွက် ဆောင်ရွက်မှုမှာ (၉)မိနစ်နှင့်(၂၇)စက္ကန့်သာကြာမြင့်ပါသည်။ “အကောက်ခွန်စခန်း၏ ရှင်းလင်းရေးကိစ္စဆောင်ရွက်မှုသည် လာလေမြန်လေဖြစ်လာပါသည်။ ယခုဆိုလျှင် ပုံမှန်ထွက်သည့်ယာဉ်များမောင်းနှင်သွားလာမှုကောင်းမွန်၍ ဖောက်သည်ဖြစ်သူများကအလွန်ကျေနပ်ကြသည်”ဟု ရှောင်ကြုံးက ပြောကြားသည်။

အလားတူသော လွယ်ကူချောမွေ့မှုကို အာလာ–တောင်ကြားဝ ဘက်စုံအကောက်ခွန်ခံစားခွင့်ရဒေသတွင် တွေ့ရသေးသည်။ အာလာ–တောင်ကြားဝအကောက်ခွန်စခန်းသည် ရှန်ဟဲလွတ်လပ်သည့်ကုန်သွယ်မှုဒေသ၏ “အသုတ်လိုက်သွင်းထုတ်သော ကုန်စည်များစုပေါင်းလျှောက်ထားနိုင်သည့်စနစ်”ကို အောင်မြင်စွာပုံတူကူး၍ လုပ်ဆောင်နိုင်ခဲ့သည်။ “အကောက်ခွန်ရှင်းလင်းရေးလွယ်ကူအောင် ပူးတွဲပါအထောက်အထားဖြင့်ဆောင်ရွက်နိုင်သည့်စနစ်”နှင့် “နယ်မြေပြင်ပသို့ စုပေါင်းဝင်ထွက်နိုင်ရန် လွယ်ကူသောအစီရင်ခံစာဖြတ်ပိုင်းစနစ်” စသည့်စနစ်တို့ကိုပါ အသုံးပြုခဲ့သည်။ သို့ဖြင့် ရပ်ဝေးဒေသစင်ကျန်းမှ ပြည်ပကုန်သွယ်မှုလုပ်ငန်းများသည်လည်း လွတ်လပ်သည့်ကုန်သွယ်မှု ဒေသပေါ်လစီအကျိုးကို ကောင်းစွာခံစားနိုင်ပြီဖြစ်ပါသည်။ အာလာ–တောင်ကြားဝအကောက်ခွန်စခန်း၏ ပါတီကော်မတီ အတွင်းရေးမှူး အကောက်ခွန်စခန်းမှူး လျူဝေ့ကကျွန်တော်တို့အား ပြောကြားသည်မှာ– အာလာ–တောင်ကြားဝအကောက်ခွန်စခန်း၌ ပြုပြင်ပြောင်းလဲရေးလေ့လာမှုနက်ရှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းထားခဲ့ပြီဖြစ်သည်။ ဘက်စုံအကောက်ခွန်ခံစားရသည့်ပေါ်လစီကို မည်သို့ကောင်းစွာအသုံးချနိုင်မည်ဆိုသည်ကိုလည်း အပူတပြင်းလေ့လာနေပါသည်။ ယာဉ်အစီးလိုက် ဂိတ်ပေါက်စခန်းကို ဖြတ်သန်းတင်သွင်းမှုပေါ်လစီကိုလည်း မြှင့်တင်ဆောင်ရွက်နေသည်။ ထိုမှတစ်ဆင့် ရှန်ဟဲလွတ်လပ်သည့် ကုန်သွယ်မှုဒေသ၏ အကောက်ခွန်ကြီးကြပ်စစ်ဆေးသည့် ပုံစံကို အကောင်းဆုံးပုံတူကူးယူဆောင်ရွက်သွားတော့မည်ဖြစ်သည်။ သို့မှသာ ပိုမိုများပြားသောလုပ်ငန်းများအတွက် ပြုပြင်ပြောင်းလဲထားသည့် အကျိုးခံစားခွင့်ကို ရရှိစေနိုင်တော့မည်။ ပွင့်လင်းမှုပုံသဏ္ဍာန်ရှိသော စီးပွားရေးလုပ်ငန်းဆန်ရေး၊ ပမာဏကြီးမားစွာဖွံ့ဖြိုးလာရေးအတွက်လည်းကောင်းစွာမြှင့်တင်ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ပါတော့သည်။



အလုပ်များပြားလျက်ရှိသော အာလာ–တောင်ကြားဝဂိတ်ပေါက်ရှိ ဘူတာရုံ
繁忙的阿拉山口火车站　新华社 图

# တရုတ်ဗီယက်နမ်နယ်စပ်တွင်နယ်စပ်ကယ်ဆယ်ရေးစနစ်ထူထောင်




တရုတ်–ဗီယက်နမ် နှစ်နိုင်ငံတို့ နယ်စပ်စစ်ဆေးရေးလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၏အဆင့်အတန်းကို မြှင့်တင်ပေးရန် အတူတကွကြိုးပမ်းဆောင်ရွက်ကြစဉ်
中越双方共同提高边检服务水平　新华社 图

## 中越边检建跨境救助机制

中国友谊关边检站与越南友谊国际口岸边防屯为拓宽合作领域和内涵，日前联合举行提高服务水平工作签字暨启动仪式。

ကွမ်စီချစ်ကြည်ရေး နယ်စပ်စစ်ဆေးရေးစခန်းသည် လွန်လေပြီးသောရက်ပိုင်းကာလက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယနေ့မှစပြီး တရုတ်၊ ဗီယက်နမ်နှစ်နိုင်ငံပြည်သူလူထုသည် နယ်ခြားနိုင်ငံသို့ ရောက်ရှိနေချိန်တွင် နာမကျန်းဖြစ်ခြင်း၊ အန္တရာယ်ကြုံတွေ့ရခြင်း၊ ဘေးမတော်တဆဖြစ်ခြင်းနှင့်ကြုံတွေ့ခဲ့ရပြီး အရေးပေါ်ကယ်ဆယ်ရန်လိုအပ်လာပါက ကူညီရန် လျှောက်ထားသူဘက်မှ အစွမ်းကုန်ကူညီခြင်းသို့မဟုတ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ကယ်ဆယ်ပေးခြင်းများပြုလုပ်ပေးရမည်ဖြစ်သည်။ ကြိုတင်သတင်းပေးပို့ထားသော အခြေအနေမျိုးတွင် လျှောက်ထားသူဘက်မှ နယ်စပ်ကယ်ဆယ်ရေးအဖွဲ့သားများ လိုက်ပါလာသောအခြေအနေမျိုးတွင် အရေးပေါ်လူနာနှင့် ဆရာဝန်များအဖွဲ့၊ အရေးပေါ်လူနာတင်ကားများကို အခြားနိုင်ငံနယ်နိမိတ်အတွင်းရှိ မြို့ခရိုင်ဆေးရုံများထံသို့ တိုက်ရိုက်မောင်းနှင်ပေးနိုင်ပါသည်။ လိုအပ်သော နယ်စပ်ကူးသန်းသွားလာရေးစာရွက်စာတမ်းများကို နောက်မှ တင်ပြလျှောက်ထားနိုင်ပါသည်။ ၄င်းသည် တရုတ်ဗီယက်နမ်ပူးပေါင်းပြီး နယ်စပ်စစ်ဆေးရေး ဝန်ဆောင်မှုစနစ်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပေသည်။

တရုတ်နိုင်ငံချစ်ကြည်ရေး နယ်စပ်စစ်ဆေးရေးစခန်းနှင့် ဗီယက်နမ်နိုင်ငံချစ်ကြည်ရေးအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်သည် နှစ်နိုင်ငံအတူပူးပေါင်းဆောင်ရွက်သော နယ်ပယ်တစ်ခုဖြစ်ပေသည်။ လွန်ခဲ့သောရက်ပိုင်းကာလက ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ခြင်းအတွက် လက်မှတ်ရေးထိုးပြီး ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပါသည်။




ခရီးသည်များသည် ပြည်ထွက်ရန်သက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်စဉ်
游客正在办理出境手续　新华社 图

နှစ်နိုင်ငံနယ်စပ်ကူးသန်းရောင်းဝယ်ရေးလုပ်သားများ နယ်စပ်စစ်ဆေးရေး လက်မှတ်ပြုလုပ်ရန် လွယ်ကူစေခြင်း၊ နယ်စပ်ကူးကားများ တိုက်ရိုက်သွားလာနိုင်သော ကားလမ်းဖွင့်လှစ်ခြင်း၊ လတ်ဆတ်သော တောင်ယာထွက်ပစ္စည်းထွက်ကုန်အစိမ်းရောင်လမ်းကြောင်း ဖွင့်လှစ်ခြင်း၊ ဆိပ်ကမ်းဖြတ်သန်းသွားလာနှုန်း ညီမျှမှုရှိသောစနစ်ထူထောင်ထားခြင်း၊ နယ်စပ်သွင်းကုန် ကုန်ကားများဖြတ်သန်းခွင့်အချိန် တိုးမြှင့်ပေးခြင်းဝန်ဆောင်မှု၊ ခရီးသွားဧည့်သည်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း စသည့်ပြည်သူများအတွက် အကျိုးရှိသော၊ လုပ်ဆောင်မှုများကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။




ခရီးသည်များ ချစ်ကြည်ရေးနယ်စပ်ဂိတ်တွင် လှည့်လည်ကြည့်ရှုစဉ်
游客通过友谊关口岸　新华社 图

# တရုတ်နိုင်ငံအမြန်ချောပို့လုပ်ငန်း လျင်မြန်စွာတိုးတက်လာ

## 中国快递业高速发展

记者从近日召开的全国邮政管理工作会议上获悉，2014 年中国快递业务量达 140 亿件，同比增长 52%，跃居世界第一。

မျာ်မကြာမီက ကျင်းပပြုလုပ်ခဲ့သည့် ချောပို့လုပ်ငန်းများစီမံအုပ်ချုပ်ရေးဆိုင်ရာ ပြည်လုံးကျွတ်အစည်းအဝေးမှ ရရှိသောသတင်းအချက်အလက်များအရ ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏အမြန်ချောပို့လုပ်ငန်းရပ်များသည် ချောထုပ်စုစုပေါင်း ၁၄ ဘီလျံအထိ ပို့ဆောင်ခဲ့ရာ အလားတူကာလထက် ၅၂ ရာခိုင်နှုန်းအထိတိုးတက်လာ၍၊ ကမ္ဘာပေါ်ရှိ နံပါတ် ၁ အထိ ရောက်ရှိလာခဲ့ပါသည်။ အလုပ်အများဆုံးတစ်နေ့တွင် လမ်းကြောင်းပေါ်တွင် လိုက်ပို့နေသည့်ချောပို့ခြင်းများသည် ဆယ်ကုဋေထက်ကျော်လွန်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏အမြန်ချောပို့လုပ်ငန်းများမှ ရရှိသောဝင်ငွေများသည် ယွမ်ငွေပေါင်း ၂၀.၄ ဘီလျံအထိရောက်ရှိ၍ ယခင်ကထက် ၄၂ ရာခိုင်နှုန်းတိုးတက် လာခဲ့ပါသည်။ အမြန်ချောပို့လုပ်ငန်းများသည် အလားတူကာလထက် ၅၂ ရာခိုင်နှုန်းအထိတိုးတက်လာလျက်၊ ၄၆ လကြာသောလုပ်ငန်း၏စုစုပေါင်းပမာဏများသည် အလားတူကာလထက်ပျမ်းမျှခြင်းဖြင့် ၅၀ ရာခိုင်နှုန်း ကျော်လွန်ခဲ့ပါသည်။

တချိန်တည်းတွင် တရုတ်အမြန်ချောပို့လုပ်ငန်းများ၏ အခြေခံစွမ်းဆောင်ရည်များသည် စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်လာနေပါသည်။ ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် စတုရန်းမီတာပေါင်း ၁၈.၅ သိန်းရှိတစ်ဆင့်ပို့ဆောင်ရေးနှင့် ခွဲဝေရေးစင်တာများကို တိုးချဲ့ပြုပြင်တည်ဆောက်ခဲ့ပါသည်။ အဓိကလမ်းကြောင်းတွင် ပို့ဆောင်ရန် အသုံးပြုသည့်ကားများသည် ၁၂၀၀၀ အထိ အသစ်တိုးလာပါသည်။ အမြန်ရထားမှတစ်ဆင့် အမြန်ချောစာထုပ်ပို့ဆောင်ရေး



ချောပို့ဝန်ထမ်းများက အမြန်ချောထုပ်များကို အမျိုးအစားခွဲခြားစဉ်
快递员在分拣快递包裹　新华社 图



အမြန်ချောပို့လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာအရည်အချင်းအကဲဖြတ်စာမေးပွဲကျင်းပစဉ်
快递业务师职业技能鉴定考试　新华社 图



ချောထုပ်များကို အမြန်ပို့ဆောင်စဉ်
投递快递包裹　新华社 图

အထူးရထားတွဲများသည် တစ်ပြည်လုံးရှိမြို့ပေါင်း ၆၅ မြို့အထိ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ရာ၊ နေ့စဉ်ပို့ဆောင်ရေးစွမ်းဆောင်ရည်သည် တန်ချိန် ၂၀၀၀ အထိရှိလာပါသည်။ ကုန်တင်လေယာဉ်အထူးလေကြောင်းလိုင်းသည် ၄၀ ကျော်ရှိလျက်၊ ပူးပေါင်းဆောင်ရွက်ရေးလေကြောင်းလိုင်းများသည် ၂၀၀ ကျော်ရှိရာ၊ အမြန်ချောစာနှင့်ချောထုပ်ပို့ဆောင်ရေးအထူးကုန်တင်လေယာဉ်များသည် ၆၈ စင်းအထိ အသစ်တိုးလာပါသည်။ ပါဝင်လုပ်ကိုင်သောဝန်ထမ်းများသည် ၂ သိန်းကျော်အထိ တိုးလာပါသည်။ "နောက်ဆုံးဝမ်ကီလိုမီတာ" ပို့ဆောင်ရေးအခက်အခဲများကိုလည်း တဖြေးဖြေးဖြေရှင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ပို့ဆောင်ရေးနည်းလမ်းများသည် စဉ်ဆက်မပြတ် တီထွင်ဖန်တီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ယခင်နှစ် တစ်နှစ်လုံးအတွက် Intelligent mail box ၁၅၀၀၀ ကို အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ရာ၊ Sends quantity သည် စုစုပေါင်းပို့ဆောင်မှုလုပ်ငန်းများ၏ ၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါသည်။

သို့သော် စဉ်ဆက်မပြတ်လျင်မြန်စွာတိုးတက်လာသော အမြန်ချောစာပို့လုပ်ငန်းသည် စီးပွားရေးထွန်းသစ်ဆန်းကြယ်မှုရှိသည့်ပုံမှန်အခြေအနေ၏လိုအပ်ချက်အား မလိုက်နိုင်သေးသည့်အခြေအနေတွင် ရှိနေရာ ပြည်သူလူထု၏လိုလားချက်ကိုလည်း အပြည့်အဝမဖြည့်ဆည်းနိုင်သည့်အခြေအနေတွင် ရှိနေပါသေးသည်။ တရုတ်နိုင်ငံအမြန်ချောစာပို့ဆောင်ရေးလုပ်ငန်း၏ဈေးကွက်အလားအလာသည် အလွန်ကောင်းမွန်လျက်ရှိနေပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ်အတွင်းရှိသောအမြန်ချောစာပို့ဆောင်ရေးစုစုပေါင်းသည် ၁၄ ဘီလျံရှိပါသော်လည်းကျေးလက်တောရွာရှိ အမြန်ချောစာပို့ဆောင်ရေးလုပ်ငန်းစုစုပေါင်းအရေအတွက်၏ ၂ ဘီလျံသာပါဝင်ကြောင်း တွေ့ရှိခဲ့ပါသည်။ တစ်ပြည်လုံးတွင် တစ်ဝက်နီးပါးရှိသောကျေးလက်တောရွာများသည် အမြန်ချောစာထုပ် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေသေးပါ။ ပေကျင်း၊ ရှန်ဟဲနှင့် ကွန်ကြူး စသောမြို့ကြီးများရှိပြည်သူလူထုကဲ့သို့ အဆင်မပြေသေးပါ။ ပိုမိုများပြားသောတောင်သူလယ်သမားများသည် အမြန်ချောစာပို့ဆောင်ရေးလုပ်ငန်းရှင်များက ကွန်ရက်ကို အသုံးပြုလျက်ဈေးကွက်



ရှန်ဟဲမြို့ဖူတုန်ရပ်ကွက်ရှိ FedEx အမြန်ချောပို့လုပ်ငန်း၏မြေပေါ်စခန်း
联邦快递（FedEx）位于上海浦东的地面操作站　新华社 图



ဖန်တီးပေးရေးအတွက် ၎င်းတို့ကို အကူအညီပေးရန် မျှော်လင့်ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်ချောပို့လုပ်ငန်းဦးစီးဌာနသည် ၂၀၂၀ ပြည့်နှစ်ရောက်ရှိသောအခါ "ခရိုင်တိုင်းဝေ၄ခြင်းရှိရန်၊ ကျေးရွာအုပ်စုတိုင်းကွန်ရက်ရှိရန်၊ ရွာတိုင်းအမြန်ချောစာထုပ်ပို့ဆောင်ရေးလုပ်ငန်းရှိရန်" ဟူသော ရည်မှန်းချက်ကို ချမှတ်ထားခဲ့ပါသည်။

အအေးခံကုန်စည်များအား အမြန်ချောထုပ်အဖြစ် ပို့ဆောင်ရေးလုပ်ငန်း၏အလားအလာသည် အလွန်ကောင်းမွန်လျက်ရှိနေပါသည်။ Electronic Commerce လုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ လတ်ဆတ်သော ပန်းမန်များစသည့် ကုန်စည်များအားရောင်းဝယ်သည့်ကွန်ရက်ဆိုင်များသည် ပိုမိုများပြားလာနေပါသည်။ သို့သော် ယခင်နှစ်က အအေးခံကုန်စည်များကို အမြန်ချောထုပ်အဖြစ် ပို့ဆောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်မြို့များသည် မြို့ပြပေါင်း ၂၀ ကျော်သာရှိကြောင်း သိရှိရပါသည်။ နိုင်ငံတော်ချောပို့လုပ်ငန်းဦးစီးဌာနမှ တာဝန်ခံဖြစ်သူ မာကျွန်းရှိန့်က ပြောကြားသည်မှာ ၂၀၁၅ ခုနှစ်တွင် အမြန်ချောပို့လုပ်ငန်းများအား ထောက်ခံအားပေးသောပေါ်လစီများကို ဆက်လက်လိုက်နာကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ အအေးခံကုန်စည်များအား ပို့ဆောင်ရေးအသိုင်းအဝန်း ပိုမိုကျယ်ပြန့်လာအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များအား စီမံအုပ်ချုပ်ရေးစသည့်အဆင့်မြင့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်တွင်း အမြန်ချောစာထုပ်ပို့ဆောင်ရေးလုပ်ငန်းများအား တီထွင်ဆန်းသစ်မှုဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်ချောပို့လုပ်ငန်းဦးစီးဌာနက စနစ်တကျဖြစ်သည့်စာရွက်စာတမ်း ၈ ခုကို ထုတ်ပြန်ခဲ့ပါသည်။ အခြေခံလုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာလုပ်ငန်းများနှင့် သတင်းအချက်အလက်နှင့် သက်ဆိုင်သောစံညွှန်းသတ်မှတ်ရေးလုပ်ငန်းများဆိုင်ရာ စံညွှန်းချက်များ ၁၆ ခု ကို ရေးဆွဲရန် လုပ်ငန်းစတင်လာခြင်းဖြစ်ပါသည်။ မာကျွန်းရှိန့်ကပြောကြားသည်မှာ ၂၀၁၅ ခုနှစ်တွင် အမြန်ချောစာထုပ်ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာလုံခြုံရေးလုပ်ထုံးလုပ်နည်းများ၊ Express Term-



Express self-service machine အမြန်ချောပို့စက်ကို အသုံးပြုစဉ်
快递自助机投入使用　新华社 图

inal Services လုပ်ငန်းများနှင့်ချောပို့လုပ်ငန်းများဆိုင်ရာ ပုဂ္ဂိုလ်ရေးရာအချက်အလက်များကို အကာအကွယ်ပေးရေးလုပ်ငန်းစံညွှန်းများကို ရေးဆွဲမည်ဖြစ်ကြောင်း။ ပုဂ္ဂိုလ်ရေးရာကျန်းမာရေး၊ အသက်နှင့် ဥစ္စာဓနလုံခြုံရေးအကာအကွယ်ပေးရေးစံညွှန်းများကို ချမှတ်မည်ဖြစ်ကြောင်းဖြင့် သိရှိရပါသည်။ တချိန်တည်းတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များအား စုဆောင်းရရှိသည့်အချက်အလက်များနှင့်စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရေးလုပ်ငန်းများနှင့် အသုံးပြုရေးလုပ်ငန်းများအား ပိုမိုအားကောင်းအောင် လုပ်ကိုင်ဆောင်ရွက်ရန်လမ်းညွှန်မည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် အမြန်ချောစာထုပ်ပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုသောပါဆယ်ထုပ်စက္ကူဗူးများကို ပြန်လည်အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများသည် ထိုးဖောက်မှုရှိနိုင်ကြောင်းခန့်မှန်းထားပါသည်။ နိုင်ငံတော်ချောပို့လုပ်ငန်းဦးစီးဌာနက တင်ပြသည်မှာ ကုန်ကြမ်းချွေတာရေးနှင့် ညစ်ညမ်းမှုမရှိသည့်နည်းပညာအသစ်များအား ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရေးလုပ်ငန်းများတွင် ပိုမိုအားကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာပစ္စည်းများအားအသုံးပြုရန်အတွက် လမ်းညွှန်ပေးမည်ဖြစ်ကြောင်း၊ အစိမ်းရောင်ကာဘွန်နည်းလုပ်ငန်းဆိုင်ရာအစမ်းစံပြလုပ်ငန်းများကို စတင်ရန် ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

# “တစ်ဖန်တစ်လမ်း” ထောက်ကူမှုဖြင့် ကမ္ဘာတစ်ဝှမ်းပြန်လည်ညီမျှစေ

## “一带一路”助推全球再平衡

世界日益增长的需要与落后的全球化供给之间的矛盾，就是中国发展和“一带一路”建设的动力。“一带一路”以“丝路梦”成就中国梦，助推世界梦。

“တစ်ဖန်တစ်လမ်း”မဟာဗျူဟာကို မည်သို့လုပ်ဆောင်သွားမည်နည်း။ ခြုံကြည့်ပါက ပြန်လည်နိုးကြားသက်ဝင်ခြင်း၊ အလုံးစုံပါဝင်လက်ခံခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း-- ဟူ၍ ကဏ္ဍသုံးပိုင်းပါဝင်ပါသည်။

ဦးဆုံးအပိုင်းမှာ ပြန်လည်သက်ဝင်နိုးကြားသောပိုးချည်ထည်တင်ပို့သည့်လမ်းမကြီး ယဉ်ကျေးမှုပင်ဖြစ်သည်။ ရှေးခေတ်က ပင်လယ်ရေကြောင်းလမ်းနှင့်ကုန်းလမ်းပိုးချည်ထည်တင်ပို့သည့်လမ်းမကြီးသည် တရုတ်နိုင်ငံမှ အရှေ့တိုင်းအနောက်တိုင်းနိုင်ငံနှင့်ဆက်သွယ်သော “နိုင်ငံတော်လမ်းမ” ဖြစ်ခဲ့ပါသည်။ တရုတ်၊ အိန္ဒိယ၊ ဂရိ ယဉ်ကျေးမှုသုံးခုပေါင်းစည်းထားနိုင်သောပေါင်းကူးတံတားဖြစ်သည်။ ပိုးချည်ထည်တင်ပို့သည့်လမ်းမကြီးသည် လူနေမှုလူမှုရေးလူ့ဘောင်လောကကိုဆက်သွယ်ပေးသောစင်မြင့်အဖြစ် တိုင်းရင်းသားများစွာ၊ လူမျိုးများစွာ၊ ဘာသာရေးများစွာတို့ ယှဉ်းနေရာတွင် တွေ့ဆုံရောစပ်မိစေသည်။ အချိန်ကာလကြာရှည်ပြီး နိုင်ငံအသီးသီးအကြားမှာ“ညီညာယုံကြည်၊ တန်းတူအကျိုးတူ၊ ဝိုင်းဝန်းရိုင်းပင်းကူညီ၊ ပူးပေါင်းအကျိုးဖြစ်၊ လူမျိုးမတူ၊ ကိုးကွယ်ဘာသာမတူ၊ ယဉ်ကျေးမှုမတူသောနောက်ခံရှိသည့်နိုင်ငံများအတူ ငြိမ်းချမ်းမှုဝေပြီး အတူတကွဖွံ့ဖြိုးတိုးတက်ခြင်း” ဟူသောပိုးချည်ထည်တင်ပို့သည့်လမ်းမကြီးအတွေးအခေါ်ရှိသွားစေသည်။ ယခု “တစ်ဖန်တစ်လမ်း”သည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးမှာ ပြန်လည်သက်ဝင်နိုးကြားလာသော ပိုးချည်ထည်တင်ပို့သည့်လမ်းမကြီးအတွေးအခေါ်ဖြစ်လာပါတော့သည်။



ကျယ်ကျန်းနင်ပေါဆိပ်ကမ်းရှိ ကွန်တိန်နာတင်ပို့သည့်သင်္ဘောဆိပ်
浙江宁波港集装箱码头　新华社 图



“တစ်ဖန်တစ်လမ်း”ခရီးသွားလုပ်ငန်းမဟာဗျူဟာဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ဟိုင်နန်ပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့စဉ်
“一带一路”旅游合作对话会在海南举行　cnsphoto



တည်ဆောက်ဆဲဖြစ်သော တန်ဇန်းနီးယားနိုင်ငံရှိ မူထဝါရာသဘာဝဓာတ်ငွေ့စက်ရုံ
在建中的坦桑尼亚姆特瓦拉天然气处理厂　新华社 图

ထို့နောက် ကမ္ဘာ့အနှံ့ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို ပိုမိုပြီး အလုံးစုံပါဝင်လက်ခံသောလမ်းကြောင်းသို့ ဖွံ့ဖြိုးတိုးတက်အောင် တွန်းဆော်ခြင်းပင်ဖြစ်သည်။ ရိုးရာဖြစ်သောကမ္ဘာအနှံ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်သည် ပင်လယ်မှစတင်ပြီး ပင်လယ်ကမ်းရိုးတမ်းဒေသ၊ ပင်လယ်နိုင်ငံများမှ စတင်ဖွံ့ဖြိုးလာပြီး ကုန်းလမ်းအတွင်းပိုင်း၊ ကုန်းတွင်းနိုင်ငံများသည် အနည်းငယ်ခေတ်နောက်ကျသောကြောင့် ကြီးမားသောဆင်းရဲချမ်းသာကွာဟမှုများဖြစ်ပေါ်လာသည်။ ရိုးရာဖြစ်သောကမ္ဘာအနှံ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်သည် ဥရောပမှစပြီး အမေရိကန်က ကြီးမားအောင်ပြုလုပ်ကာ အပြည်ပြည်ဆိုင်ရာစည်းကမ်းရှိသော “အနောက်တိုင်းဗဟိုချက်” ဖြစ်ပေါ်လာပြီး အရှေ့တိုင်းသည် အနောက်တိုင်းကို မှီခိုခြင်း၊ ကျေးရွာသည်မြို့ပြကို မှီခိုခြင်း စသည့်ကွင်းဆက်သက်ရောက်မှုများ ဖြစ်ပေါ်လာသည်။ ယခု“တစ်ဖန်တစ်လမ်း”သည် ကမ္ဘာတစ်ဝှမ်းကို




ချိန်တူးမြို့မှ သီရိလင်္ကာသို့ ပြေးဆွဲသည့် တိုက်ရိုက်လေကြောင်းလိုင်းအား ဖွင့်လှစ်စဉ်
成都直达斯里兰卡国际航线开通 cnsphoto

ပြန်လည်ညီမျှအောင် တွန်းဆော်ပေးနေသည်။ "တစ်ဇုန်တစ်လမ်း" သည် အနောက်သို့ဖွင့်လှစ်ခြင်းကို အားပေးသည်။ အနောက်ပိုင်းဖွံ့ဖြိုးခြင်းနှင့် အလယ်အာရှနိုင်ငံ၊ မွန်ဂိုလီးယား စသည့်ကုန်းလမ်းအတွင်းပိုင်းနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်ခြင်းကို ဆွဲခေါ်စေပြီး အပြည်ပြည်ဆိုင်ရာ လူ့ဘောင်ဆီသို့ ကမ္ဘာ့အနှံ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၏အလုံးစုံပါဝင်လက်ခံမျှဝေသော ဖွံ့ဖြိုးမှုအတွေးအခေါ်ကို တွန်းဆော်ပေးသည်။ ထို့အတူ "တစ်ဇုန် တစ်လမ်း"သည် တရုတ်နိုင်ငံမှစပြီး အနောက်သို့ တရုတ်နိုင်ငံ၏ အရည်အသွေးမြင့် ကုန်ပစ္စည်းများနှင့် ပိုမိုအားသာသော လုပ်ငန်းများကို တွန်းဆော်ပေးသည့် မဟာဗျူဟာဖြစ်သည်။ လမ်းတစ်လျှောက်၊ ကမ်းခြေတစ်လျှောက်နိုင်ငံများမှ ဦးဆုံးအကျိုးရပြီး သမိုင်းမှာ အလယ်ပိုင်းအာရှစသည့် ပိုးချည်ထည်တင်ပို့သည့်လမ်းမကြီးတစ်လျှောက်ဒေသသည် အနောက်တိုင်းသို့ကုန်သွယ်၊ ယဉ်ကျေးမှုဖလှယ်ပေးသော ဖြတ်သန်းသည့် လမ်းကြောင်းအဖြစ်မှ ဖွံ့ဖြိုးသော"ချိုင့်ဝှမ်းဒေသ" ပုံစံအဖြစ်သို့ ပြောင်းလဲသွားစေမည်ဖြစ်သည်။ ယင်းသည် ဥရောပစတိုင် ကမ္ဘာ့အနှံ့ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြောင့်ဖြစ်ပေါ်သော ဆင်းရဲချမ်းသာကွာဟခြင်း၊ ဒေသဖွံ့ဖြိုးမှုမညီမျှခြင်းများကို ဖြတ်ကျော်ကာ ကြာရှည်ငြိမ်းချမ်း၊ အတူတကွကြီးပွားချမ်းသာသော ကမ္ဘာ့အဖြစ်သို့ တွန်းဆော်ဆောက်လုပ်ကြမည်ဖြစ်သည်။

နောက်ဆုံးကဏ္ဍမှာ လူသားယဉ်ကျေးမှုကို ဆန်းသစ်ခြင်းစူးစမ်းပူးပေါင်းသောအတွေးအခေါ်အသစ်ပင်ဖြစ်သည်။ "စီးပွားရေးဇုန်"အတွေးအခေါ်သည် ဒေသစီးပွားရေးပူးပေါင်းလုပ်ဆောင်သောစနစ်၏ ဆန်းသစ်မှုဖြစ်သည်။ ယင်းအတွင်း စီးပွားရေးစင်္ကြံလမ်းမ–တရုတ်၊ ရုရှား၊ မွန်ဂို စီးပွားရေးစင်္ကြံ၊ ဥရောပအာရှ ကုန်းလမ်းတံတားအသစ်၊ တရုတ်–အလယ်အာရှ စီးပွားရေးစင်္ကြံ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ စီးပွားရေးစင်္ကြံ စသည်တို့သည် စီးပွားရေးမြှင့်တင်ခြင်း၊ ဘေးပတ်ဝန်းကျင်ကို ထိရောက်စေခြင်းဖြင့် ရိုးရာဖွံ့ဖြိုးတိုးတက်မှုစီးပွားရေးပညာ အယူအဆဟောင်းများကို ကျော်လွှားသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် (၂၁)ရာစု ပင်လယ်ပူးပေါင်းလုပ်ဆောင်သော အတွေးအခေါ်အသစ်ကိုလည်း တင်ပြထားသေးသည်။ ကုန်သွယ်ပို့ဆောင်ရေးအသစ်၊ လုံခြုံစွာပူးပေါင်းလုပ်ဆောင်သောပုံစံကို အဓိကလုပ်ဆောင်ပြီး အထူးလုပ်ဆောင်ခွင့်ဖြင့် အတူတကွခံစားသော ဆိပ်ကမ်းပူးပေါင်းတည်ဆောက်ခြင်း စသည့်နည်းလမ်းများဖြင့် ပင်လယ်ပေါ်နှင့်ကုန်းလမ်းပေါ် ပိုးချည်လမ်းချိတ်ဆက်ခြင်းကို တွန်းဆော်မည်ဖြစ်သည်။ "(၂၁)ရာစုပင်လယ်ပြင်ပိုးချည်တင်ပို့သည့်လမ်းမကြီး" သည် အဓိကမှာ "(၂၁)ရာစု" ဖြစ်သည်။ ဆိုလိုသည်မှာ တရုတ်နိုင်ငံသည် အနောက်တိုင်းနိုင်ငံအင်အားကြီးနယ်ချဲ့ပါဝါများကဲ့သို့ ပင်လယ်မှ နယ်မြေချဲ့ထွင်၊ ထိုးဖောက်၊ ကိုလိုနီပြုလုပ်သည့်လမ်းဟောင်းကို မသွား၊ အမေရိကန်၏ပင်လယ်ပြင်ကို လက်ဝါးကြီးအုပ်သည့်အုပ်ချုပ်မှုအာဏာနှင့် ဖီဆန်သောလမ်းဆိုးကိုလည်း မသွားဘဲ ထိရောက်သောရိုးရာကမ္ဘာ့အနှံ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်၏အန္တရာယ်ကို ရှောင်ကြဉ်နိုင်သော၊ လူနှင့် ပင်လယ်ပူးပေါင်းသော၊ ငြိမ်းချမ်းစွာအတူနေထိုင်သော၊ ဆက်လက်ဖွံ့ဖြိုးစေသောပင်လယ်ယဉ်ကျေးမှုအသစ်ရှာဖွေခြင်းကို ဖော်ပြဆိုလို ခြင်းပင်ဖြစ်သည်။

"တစ်ဇုန်တစ်လမ်း"သည် အတူတည်ဆောက်၊ အတူမျှဝေ၊ အတူအောင်မြင်စေနိုင်သော အတွေးအခေါ်ကို အဓိကထားကာ ပွင့်လင်းသော၊ မျှဝေသောစည်းကမ်းများကိုလည်း အဓိကထားသည်။ ယင်းသည် လမ်းတစ်လျှောက်၊ ကမ်းခြေတစ်လျှောက် နိုင်ငံများအား ဒေသနယ်မြေတွင်ရှိပြီးသော ပူးပေါင်းလုပ်ဆောင်သည့် တည်ဆောက်ပုံနှင့်သာမက ပြည်ပအင်အားများနှင့် အတူမျှဝေရမည်ကို တောင်းဆိုထားသည်။ ရုရှား၊ အမေရိကန်၊ ဂျပန် အစရှိသောပြည်ပအင်အားများကို ဆန့်ကျင်ခြင်းမဟုတ်ပါ။ ယင်းမှာ "တရုတ်လိုလားတောင့်တမှုသည် တစ်ကမ္ဘာလုံး နိုင်ငံအသီးသီးသောလူများနှင့်လှပသောနေထိုင်မှုဘဝလိုလားတောင့်တမှုနှင့်ချိတ်ဆက်ထား" ဟူသောအတွေးအခေါ်ကို လက်တွေ့လုပ်ဆောင်မှုဖြင့် ပြီးမြောက်စေခြင်းဖြစ်သည်။

ကမ္ဘာတွင် တစ်နေ့တစ်ခြားတိုးမြင့်လာသော လိုအပ်ချက်နှင့်ခေတ်နောက်ကျသော ကမ္ဘာ့အနှံ့ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် ထောက်ပံ့ချက်အတွင်းမှာရှိသော ကွဲလွဲမှုများသည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းနှင့် "တစ်ဇုန်တစ်လမ်း"ဆောက်လုပ်ခြင်း၏ တွန်းအားပင်ဖြစ်လာသည်။ "တစ်ဇုန်တစ်လမ်း" သည် " ပိုးချည်တင်ပို့သည့်လမ်းမ" ဖြင့် တရုတ်အိပ်မက်ကို ပြီးမြောက်စေပြီး ကမ္ဘာ့အိပ်မက်ကို ထောက်ကူပြုတွန်းအားပေးနိုင်မည်ဖြစ်သည်။



ခရီးသည်များက ကုလားအုတ်များစီးလျက် တွန်ဟွမ်မင်ရှာတောင်ရှုခင်းသာနေရာတွင် လှည့်လည်ကြည့်ရှုစဉ်
游客骑骆驼游览敦煌鸣沙山景区 新华社 图

# uarm';,m;? A, uerc&;pO

## 柬埔寨、越南之旅

旅游，人们往往只注重景点，不太留意沿途风光，甚或埋头大睡，其实这很失算。这是我去柬埔寨和越南旅游所体会到的。

ခရီးထွက်ထွက်ရာတွင်လူအများစုသည်ရှုခင်းသာနေရာကိုသာအဓိကထားကြည့်ကြပြီး လမ်းတစ်လျှောက်ရှုခင်းကိုမူဂရုမစိုက်မိဘဲ အချို့ခရီးသည်တို့သည်အိပ်ပင်နေကြသေးသည်။ အမှန်တကယ်ဆိုလျှင်အတွက် မှားမှုတစ်ခုပင်ဖြစ်သည်။ ဤသည်မှာ ကျွန်တော် ကမ္ဘောဒီယားနှင့် ဗီယက်နမ်သို့သွားရောက်လည်ပတ်စဉ်ကရရှိခဲ့သောခံစားချက်ပင်ဖြစ်သည်။

လမ်းတစ်လျှောက်ရှုခင်းထူးများ။

ဖနွမ်းပင်မြို့နှင့် ဟိုချီမင်းမြို့သည်အလယ်တောင်ပိုင်းကျွန်းဆွယ်၏တောင်ပိုင်းတွင်တည်ရှိပြီး အားလုံးသည်မြေပြန့်ဒေသဖြစ်ကာအပူပိုင်းနိုင်ငံအလှများကို ပိုင်ဆိုင်ထားကြသည်။ ကားဖြတ်သန်းသွားရာနေရာများတွင် အသေးစားသစ်တော၊ အုန်းတော၊ ငှက်ပျောပင်၊ ထန်းပင်၊ စပါးစိုက်ခင်းလယ်မြေ၊ အင်းအိုင်၊ ကျွဲနွား၊ ကောက်ပဲသီးနှံ၊ အိမ်ပုလေး၊ ပုခက်၊ အလုပ်ဝင်နေသောတောင်သူလယ်သမားများစသည်တို့ကို တွေ့မြင်ခဲ့ရပါသည်။ လှပသောရှုခင်းများပြားစွာကို တွေ့ရှိနေရပါသည်။ တစ်ခါတစ်ရံဖြတ်သွားသော အဝေးပြေးကားများပေါ်တွင် ခရီးသည်များနှင့်ကုန်ပစ္စည်းအပြည့်တင်ထားသည်ကိုလည်းတွေ့မြင်ရသည်။ အထူးသဖြင့်ကမ္ဘောဒီးယားမှနေရာအနှံ့တွင် ထူးခြားသော၊ ခြေတိုင်ရှည်သစ်သားအိမ်ကလေးများကို တွေ့ရသည်။ ထိုအိမ်အမျိုးအစားသည်စိုစွတ်မှုကို ကာကွယ်ရန်၊ ရေကြီးမှုကိုကာကွယ်ရန်နှင့် တောရိုင်းတိရိစ္ဆာန်အဆိပ်မြွေများရန်



ခရီးသည်များက ဗီယက်နမ်နိုင်ငံတွင် လှည့်လည်ကြည့်ရှုစဉ်
游客在越南旅游 新华社 图







Angkor Wat ၏ရှုခင်းသာအလှ
吴哥窟风光 cnsphoto

မှကာကွယ်ရန်အတွက်ဖြစ်သည်။ သစ်သားတိုင် (၄)တိုင်ဖြင့်အိမ်လေးကို မြေပြင်သို့မဟုတ်ရေကန်အထက် (၂-၃)မီတာအမြင့်တွင်တည်ထားသောလူနေအိမ်ဖြစ်သည်။ ယင်းရိုးရှင်းသောလူနေအိမ်များနှင့်နှိုင်းယှဉ်ပါက ဆန့်ကျင်ဘက်အဖြစ်ဆုံးမှာသည် နေရာတိုင်းတွင်အသစ်ဆောက်လုပ်ထားသောသို့မဟုတ်ပြုပြင်နေသောလှပခန့်ညားသည့်ဘုန်းကြီးကျောင်းများပင်ဖြစ်သည်။ ကမ္ဘောဒီးယားပြည်သူများသည်ပိုက်ဆံများကို ဘုန်းကြီးကျောင်းများတွင်အများဆုံး အသုံးပြုလိုက်သည်ဟု ထင်မှတ်စေသည်။

ဟိုချီမင်းမြို့အပြင်ကျယ်ပြန့်သောလယ်ကွင်းပြင်တွင်များပြားသောအရောင်စုံလင်သည့်အုတ်ဂူများရှိသည်။ ဒေသခံများသည် ဘိုးဘွားလူကြီးများကို ယင်းနေရာတွင်မြှုပ်နှံသင်္ဂြိုဟ်ရခြင်းသည် ဘိုးဘွားလူကြီးများက ယင်းနေရာတွင်သူတို့အားကာကွယ်မစပေးနေမည်ဟု အယူရှိသောကြောင့်ပင်ဖြစ်သည်။

မြစ်ရေပေါ်လည်ပတ်ခြင်း။

ခရီးထွက်ခြင်းသည် တောတောင်ရေမြေများနှင့်မကင်းနိုင်ပါ။ ဤတစ်ကြိမ်ခရီးစဉ်သည် အချိန်တိုတောင်းသော်လည်းမြစ်ပေါ်လည်ပတ်မှုခရီး(၃)ကြိမ်ပင်ရှိသည်။ ဖနွမ်းပင်၏လေးလက်မြစ်၊ ဟိုချီမင်းမြို့၏မဲခေါင်မြစ်နှင့်ဆိုင်ဂုံမြစ်များဖြစ်သည်။ ၎င်းမြစ်များသည်မြစ်ရေမျက်နှာပြင်ကျယ်ပြန့်ပြီး မြစ်ရေများဆိတ်ငြိမ်စွာစီးဆင်းနေကာ ကုန်တင်သင်္ဘောများနှင့်ခရီးသည်တင်သင်္ဘောများ ဖြတ်သန်းနေသွားလာနေသည်။ မြစ်ကမ်းနံဘေးတွင် ရပ်နားနေသောသင်္ဘောများအရေအတွက်မများလှပါ။

ကမ္ဘောဒီးယားမြို့တော်ဖနွမ်းပင်၏ လေးလက်မြစ်ကမ်းနှစ်ဘက်တွင်တိုက်အိမ်မနည်းဘဲကားများနှင့် လူသွားလာခြင်းနည်းပါးနေသည်မှာ ပုံမှန်ဖြစ်နေပါသည်။ သို့သော် တိမ်ဖြူမိုးပြာတောစိမ်းရေဝါများနှင့်အတူ လိုက်ဖက်နေသောရောင်စုံအဆောက်အအုံများသည် ပထမဦးဆုံးအကြိမ်ရောက်ရှိလာသူများအတွက်ထူးဆန်းမှုဟုပင် ခံစားစေနိုင်မည်ဖြစ်သည်။

ဗီယက်နမ်ဟိုချီမင်းမြို့နှင့် (၈၀)ကီလိုမီတာအကွာရှိသောမေထောမြို့ အနီးရှိမဲခေါင်မြစ်သို့သွားရောက်လည်ပတ်ပြီးသင်္ဘောပေါ်တွင်ကျွန်တော်တို့သည်မဲခေါင်မြစ်၏ ထူးဆန်းသောအစားအသောက်လေးများကိုလည်း သုံးဆောင်ခဲ့သည်။

ပန်းကန်ပြားအတွင်း ဖြောင့်နေသောငါးကြော်တစ်ကောင်နှင့်လက်သီးနှစ်လုံးအရွယ်ရှိသောအဝိုင်းသဏ္ဌာန်အကြော်၊ ဤသို့သောစားသောက်မှုပုံစံသည်ထူးခြားလှသည်။ စားပြီးသောက်ပြီးသင်္ဘောပေါ်မှဆင်းကာ မြစ်လယ်ရှိထိုင်ရှမ်းကျွန်းကို လည်ပတ်ကြည့်ရှုခြင်း၊ ရေးလက်ရာဖြင့်လက်မှုအုန်းသီးချိုချဉ်ပြုလုပ်မှုကိုကြည့်ရှုလေ့လာခြင်း၊ သစ်သီးခြံတွင်အသီးများခူးယူခြင်း၊ ရိုးရာပြည်သူများ၏ တေးဂီတကိုခံစားခြင်း စသည်တို့ကိုလုပ်ဆောင်ခဲ့ကြသည်။ ထို့နောက်သစ်တောကြားမှစမ်းချောင်းကလေးတွင်လှေစီးပြီး ကမ်းပေါ်ပြန်ရောက်ကာ ပဲရစ်မြို့အရသာရှိသောကော်ဖီကို ခံစားခဲ့သေးသည်။

အကောင်းဆုံးသည် ဆိုင်ဂုံမြစ်ကို ညလည်ပတ်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် အပျော်စီးသင်္ဘောပေါ်တွင်ပင်လယ်စာညစာသုံးဆောင်ပြီးနောက် အဆိုအကဖျော်ဖြေတင်ဆက်မှုများကြည့်ရှုပြီး လှပသောညအလှရှုခင်းကိုကြည့်ကာ ထူးခြားသောနိုင်ငံခြားအလှများကို ခံစားခဲ့ပါသည်။

# တရုတ်မြန်မာယဉ်ကျေးမှုဖလှယ်ရေး၏“မင်္ဂလာပန်း”တစ်ပွင့်

## 中缅文化交流的一朵“吉祥花”

图 /saw thein win/htay aung

2月6日，《吉祥》杂志社仰光分社举行迎新春暨建社一周年招待会，缅甸佛教界、文艺界、媒体界和中国驻缅媒体、企业和学术界代表40余人齐聚一堂，共同交流中缅文化传播心得体会。



မြန်မာနိုင်ငံတော် ရန်ကုန်သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက မိန့်ခွန်းပြောကြားစဉ်
缅甸宗教司副司长吴扎奈温讲话



“မင်္ဂလာ” မဂ္ဂဇင်းတိုက်ရန်ကုန်ရုံးခွဲတာဝန်ခံ မိန်ဖေး(ဒေါ်ကြည်လင်း) ဆွေးနွေးပြောကြားစဉ်
《吉祥》杂志仰光分社主任孟飞致辞

မြန်မာနိုင်ငံတွင်လူများတွေ့ဆုံနှုတ်ဆက်ရာတွင်“မင်္ဂလာပါ”ဟု အမြဲနှုတ်ဆက်လေ့ရှိကြပါသည်။ ယင်းသည်လည်း နိုင်ငံခြားသားများပထမဆုံးသင်ယူရသော မြန်မာစကားတစ်ခွန်းဖြစ်သည်။ နှစ်(၂၀)ကျော်ကာလအတွင်း ယင်းနှင့်အမည်ပေးထားသော “မင်္ဂလာ”မဂ္ဂဇင်းသည် မြန်မာနိုင်ငံတွင်တဖြည်းဖြည်းနာမည်ကောင်းများရလာပါသည်။ ယခုတစ်နှစ်တာကာလအတွင်း မြန်မာမီဒီယာ၊ စာရေးဆရာ၊ ဓာတ်ပုံဆရာများ စသည်တို့သည် မင်္ဂလာမဂ္ဂဇင်းရုံးခန်းရန်ကုန်ရုံးခွဲသို့ လာရောက်လည်ပတ်ခဲ့ကြပါသည်။ မဂ္ဂဇင်းရုံးခန်းသည် မြန်မာပြည်သူလူထုများတရုတ်နိုင်ငံကို သိရှိနိုင်သောစင်မြင့်တစ်ခုဖြစ်လာသည်။

တရုတ်နှင့်မြန်မာနှစ်နိုင်ငံပြည်သူများဖလှယ်မှုကို ပိုမိုကောင်းမွန်လာအောင် မင်္ဂလာမဂ္ဂဇင်းသည် ၂၀၁၄ ခုနှစ်၊ မတ်လတွင် ရန်ကုန်ရုံးခွဲကို ဖွင့်လှစ်ခဲ့သည်။ ရုံးခွဲတည်ထောင်ပြီးနောက်မြန်မာနိုင်ငံတွင် “မင်္ဂလာ”မဂ္ဂဇင်းဖြန့်ဝေမှုပမာဏကို သာမကဖြန့်ဝေသောဧရိယာကိုလည်း ပိုမိုတိုးချဲ့လိုက်သည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှစပြီး “မင်္ဂလာ”မဂ္ဂဇင်းအလစဉ်တိုင်း၏ဖြန့်ဝေမှုပမာဏကို (၁.၆၃)သောင်းအုပ်ရေအထိတိုးမြင့်ကာ တစ်နှစ်လုံးဖြန့်ဝေမှု ပမာဏ(၁.၉၅၆)သိန်းအုပ်ရေအထိရောက်ရှိလာခဲ့သည်။ ဖြန့်ဝေမှုဧရိယာသည် ဘုန်းကြီးကျောင်း၊ ကျေးရွာ၊ ဘတ်စ်ကား၊ စူပါမတ်ကက်၊ လေဆိပ်နှင့်စာကြည့်တိုက် စသည်တို့ပါဝင်သည်။

ဖေဖော်ဝါရီလ(၆)ရက်နေ့တွင် “မင်္ဂလာ” မဂ္ဂဇင်း ရန်ကုန်ရုံးခွဲသည် နှစ်သစ်အကြိုနှင့်ရုံးထူထောင်သည့်တစ်နှစ်ပြည့်ညှေ့ခံပွဲကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံဗုဒ္ဓဘာသာလောက၊ အနုပညာလောက၊ မီဒီယာလောကနှင့် တရုတ်နိုင်ငံမြန်မာနိုင်ငံအခြေစိုက်မီဒီယာအဖွဲ့များ၊ လုပ်ငန်းနှင့်ပညာရေးလောကမှကိုယ်စားလှယ်များ (၄၀)ကျော်စုံညီစွာတက်ရောက်၍ တရုတ်မြန်မာယဉ်ကျေးမှုဖြန့်ချိရေးခံစားချက်များကို ပူးပေါင်းဖလှယ်ရန် ရင်းနှီးစွာဆွေးနွေးခဲ့ကြပါသည်။



“ဒီမိုကရေစီတူဒေးသတင်းစာ”မှ အယ်ဒီတာချုပ်ဦးလှိုင်ဝင်း ဆွေးနွေးပြောကြားစဉ်
缅甸《今日民主报》主编吴莱温讲话



ယူနန်တက္ကသိုလ် ပါမောက္ခ လီချိန်ရန် ဆွေးနွေးပြောကြားစဉ်
云南大学教授李晨阳讲话

“မင်္ဂလာ”မဂ္ဂဇင်းရန်ကုန်ရုံးခွဲညွှန်ကြားရေးမှူးဒေါ်ကြည်လင်းက ယင်း“မင်္ဂလာ”လစဉ်မဂ္ဂဇင်းသည် (၁၉၉၂)ခုနှစ်မှ စတင်တည်ထောင်ခဲ့ပါကြောင်း၊“အိမ်နီးချင်းနိုင်ငံနှင့်ကောင်းမွန်စွာဆက်ဆံ၊ အိမ်နီးချင်းနိုင်ငံနှင့်အဖော်မွန်လုပ်”ဟူသောလမ်းစဉ်ကို စဉ်ဆက်မပြတ်ကျင့်သုံးလာခဲ့ပါကြောင်း၊ တရုတ်မြန်မာယဉ်ကျေးမှုပြန့်ပွားရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးကုန်သွယ်ရေးသတင်းအချက်အလက်များအပြန်အလှန်ဖလှယ်ခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်ရုံးခွဲတည်ထောင်ပြီးသည့်နောက် မဂ္ဂဇင်းတွင် မည်သည့်သတင်းများထည့်ရမည်ကိုလည်း ပရိသတ်များထံမှသုတေသနများပြုလုပ်ခြင်းဖြင့် မဂ္ဂဇင်းအတွင်းတွင် မြန်မာပြည်သူလူထုများသိချင်သော၊ စိတ်ဝင်စားသောသတင်းများရေးသားဖော်ပြခြင်းဖြင့် မြန်မာလူ့ဘောင်အတွင်းသို့အစစ်အမှန် ဝင်ရောက်မည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

မြန်မာနိုင်ငံသာသနာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၊ မြန်မာနိုင်ငံမီဒီယာ“ဒီမိုကရေစီတူဒေးသတင်းစာ”မှအယ်ဒီတာချုပ်ဦးလှိုင်ဝင်း၊ “ရောင်ပြန်မဂ္ဂဇင်း”မှအယ်ဒီတာချုပ်ဦးမောင်မောင်မြင့်အေး၊ ယူနန်တက္ကသိုလ်အရှေ့တောင်အာရှရေးရာ သုတေသနပညာရှင်ပါမောက္ခလီချိန်ရန် စသည်တို့သည်“မင်္ဂလာ”မဂ္ဂဇင်းဖတ်ရခြင်း၏ ခံစားချက်များကို အသီးသီးပြောဆိုကြသည်။ မြန်မာနိုင်ငံဗုဒ္ဓဘာသာလောက



“ရောင်ပြန်မဂ္ဂဇင်း”မှ အယ်ဒီတာချုပ်ဦးမောင်မောင်မြင့်အေး ဆွေးနွေးပြောကြားစဉ်
《反响》杂志主编吴貌貌敏埃讲话

တွင် အလွန်လေးစားခြင်းခံရသောဘုန်းတော်ကြီး (၃)ပါးလည်း ကြွရောက်လာကာ “မင်္ဂလာ”မဂ္ဂဇင်းအတွက် ဂုဏ်ပြုဆုတောင်းပေးသွားပြီး တရုတ်–မြန်မာချစ်ကြည်ရေးအတွက်လည်း ဘုရားစာရွတ်ဆိုဆုတောင်းပေးသွားကြသည်။ မြန်မာနိုင်ငံမီဒီယာ “ဒီမိုဂရေစီတူဒေးသတင်းစာ”၏ တာဝန်ရှိသူ ဦးလှိုင်ဝင်းက ယခင်အစိုးရဌာနမှာ တာဝန်ထမ်းဆောင်စဉ်ကလည်း ”မင်္ဂလာ” မဂ္ဂဇင်းကို အမြဲဖတ်လေ့ရှိပြီး ယင်းမဂ္ဂဇင်းသည်လည်း သူ့အတွက် တရုတ်နိုင်ငံအကြောင်းများကို သိရှိနိုင်သောပြတင်းပေါက်တစ်ခုဖြစ်သည် ဟုဆိုခဲ့သည်။ မြန်မာနိုင်ငံပန်းချီဆရာ သီဟသံဝရသည် မြန်မာနိုင်ငံအနုပညာရေးလောကကို ကိုယ်စားပြုပြီး မင်္ဂလာမဂ္ဂဇင်းရန်ကုန်ရုံးခွဲသို့ “ မြန်မာတရုတ်ချစ်



“မင်္ဂလာ” မဂ္ဂဇင်းတိုက်မှ ကျင်းပသော တရုတ်နှစ်သစ်ကူးအကြိုပွဲတော်သို့ ကြွရောက်လာသော ဧည့်သည်တော်များ စုပေါင်းဓာတ်ပုံရိုက်စဉ်
《吉祥》杂志仰光分社迎春招待会来宾合照

ကြည်ရေးထာဝရတည်တံ့ပါစေ”အမည်ရှိသောပန်းချီကားတစ်ချပ်ကို လက်ဆောင်ပေးခဲ့သည်။ ပန်းချီကားတွင်မြန်မာနိုင်ငံမှာနာမည်ကြီးသောရန်ကုန်ရွှေတိဂုံစေတီနှင့် တရုတ်နိုင်ငံနာမည်ကျော်ကြားသော Great wall မဟာတံတိုင်းကို ရေးဆွဲထားခြင်းဖြစ်သည်။ အနက်အဓိပ္ပါယ်မှာ တရုတ်–မြန်မာချစ်ကြည်ရေးထာဝရစဉ်ဆက်မပြတ်တည်တံ့စေလိုခြင်းဖြစ်သည်။ ဧည့်ခံပွဲသို့ တက်ရောက်လာကြသူအများသည် အနုပညာလောကမှဖြစ်ပြီး“မင်္ဂလာ”မဂ္ဂဇင်းဖတ်ရှုသူပရိသတ်များသာမက စာရေးသူများလည်းပါရှိပါသည်။ သူတို့၏တက်ကြွစွာပါဝင်အားပေးမှုခြင်းဖြင့် မင်္ဂလာမဂ္ဂဇင်း၏ အကြောင်းအရာခေါင်းစဉ်နှင့် သတင်းများ ပိုမိုများပြားဝေဆာလာမည်ဖြစ်သည်။

အစီအစဉ်ပြီးဆုံးသည့်နောက်မြန်မာနိုင်ငံ “ကြေးမုံသတင်းစာ”၊ “ဒီမိုကရေစီနေ့စဉ်သတင်းစာ”၊ “စံတော်ချိန်သတင်းစာ”များတွင်သတင်းများဖော်ပြပါရှိပြီး “မင်္ဂလာ”မဂ္ဂဇင်းကိုမိတ်ဆက်ကြော်ငြာပေးထားကြသည်။ မြန်မာနိုင်ငံလောကအသီးသီးမှလူထုများ၏ အားပေးမှုကြောင့် “မင်္ဂလာ”မဂ္ဂဇင်းပိုမိုကောင်းမွန်လာမည်ဖြစ်သည်ကို ယုံကြည်မိပါတော့သည်။



မြန်မာနိုင်ငံအမည်ကျော်ကြားသော ပန်းချီဆရာတြိဂံထွန်းနိုင်က “မင်္ဂလာ” မဂ္ဂဇင်းတိုက် ရန်ကုန်ရုံးခွဲမှတာဝန်ခံ မိန့်ဖေး(ဒေါ်ကြည်လင်း)သို့ အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်စဉ်
缅甸画家迪瑞甘通莱（右）向《吉祥》杂志仰光分社主任孟飞赠送纪念品



မြန်မာနိုင်ငံအမည်ကျော်ကြားသော ပန်းချီဆရာသီဟသံဝရက “မင်္ဂလာ” မဂ္ဂဇင်းတိုက်ရန်ကုန်ရုံးခွဲမှ တာဝန်ခံ မိန့်ဖေး (ဒေါ်ကြည်လင်း)သို့ တရုတ်မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်ပန်းချီကားအား အမှတ်တရလက်ဆောင်ပေးနေစဉ်
缅甸著名画家迪哈丹瓦耶咖（右）向《吉祥》杂志仰光分社主任孟飞赠送中缅友谊纪念油画






Welcome to
Howard Johnson
Plaza Guiyang


Premier Location

Welcome to Howard Johnson Plaza Guiyang, ideally situated in the provincial capital of Guizhou province. Guiyang is home to some of China's most spectacular vistas, with verdant mountains, limestone peaks, the Huangguoshu Waterfalls, and Howard Johnson is very proud to offer the city's first international five-star deluxe hotel.

The 31-storey Howard Johnson Plaza Guiyang is within easy access to the airport, the railway station, the city's retail shopping center and the scenic Qianling park. We bring with us an international level of service and comfort unequalled in Guiyang today.

Howard Johnson
PLAZA GUIYANG
贵州天怡豪生大酒店

29 Zaoshan Road, Guiyang, Guizhou 550003, China
Tel: +86(851)651 8888 Fax: +86(851)651 7777
Toll Free No.: 800 820 2525
hjphgz.guiyang@hojoplaza.com www.hojochina.co



# အမှတ်တရ မန္တလေး

## 瓦城记忆

文 / 曹云波

对于曾经在曼德勒念书的中国留学生来说，有一种思念，叫做瓦城情愫。当然，爱上一座城市，绝不仅仅是因为它如画的风景，更因为一群可爱的人。

မန္တလေးမှာပညာသင်ဖူးသော တရုတ်ကျောင်းသူတစ်ဦးအနေဖြင့် မန္တလေးမြို့ကို သံယောဇဉ်ရှိလျက် အမြဲမှတ်မိနေဆဲပင်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်က ကျွန်မသည် တက္ကသိုလ်တတိယနှစ်တွင် ပညာသင်နေခိုက် ကျွန်မ၏ကျောင်းနေဖက်နှင့်အတူ မန္တလေးသို့ရောက်ရှိလာကာ တနှစ်တာပညာတော်သင်ခရီးစတင်ခဲ့ကြသည်။ မန္တလေးမြို့ရှိတိုက်တာများသည် အစိမ်းရောင်သစ်ပင်ကြားမှာ ပုန်းခိုတည်ရှိနေသည်။ ထမီဝတ်ဆင်ကာ သနပ်ခါးလိမ်းသောအမျိုးသမီးများကို လမ်းပေါ်၌ သွားလာလှုပ်ရှားနေသည်ကို မြင်တွေ့ရသည်။ ယင်းသည် မန္တလေးသို့ရောက်ခါစ ကျွန်မတို့အတွက် အံ့ဩ၍မကုန်နိုင်ဘွယ်ဖြစ်နေပါသည်။ ရောက်ခါစက ကျွန်မတို့သည် လမ်းပေါ်မှာတယောက်တည်းလျှောက်မသွားရဲပါ။ ကျောင်းဆင်းချိန်မှာအဆောင်၏သံဆန်ကာပေါက်မှ ရှဉ့်ငယ်လေးများပြေးလွှားခုန်ပေါက်ကစားနေသည်ကိုသာကြည့်နေရသည်။ အချိန်ကာလကြာမြင့်လာသော် ကျွန်မတို့ သည် စက်ဘီးစီး၍ ဟိုဟိုဒီဒီလျှောက်လည်တတ်ကြသည်။ နန်းတော်ဟောင်းမှ မန္တလေးတောင်သို့ဖြစ်စေ၊ ဦးပိန်တံတားမှ ကန်တော်ကြီးဆေးသို့ဖြစ်စေ၊ ကျွန်မတို့သည် မန္တလေး၏လေကောင်းလေသန့်ကို တဝကြီးရှူရှိုက်ကြသည်။ ဘုရားသခင်က မြန်မာနိုင်ငံကို ဖန်တီးပေးထားသောလှပသည့်ရှုခင်းကို ရှုစားကြသည်။



မန္တလေးမြို့၏ရှုခင်းသာ
曼德勒城市风光 cfp 图

မြို့တစ်မြို့ကို ချစ်မြတ်နိုးခြင်းသည် ၄င်း၏လှပသောရှုခင်းရှိ၍သာမက ချစ်စရာကောင်းသော လူတွေရှိသောကြောင့်လည်းဖြစ်သည်။ ကျွန်မတို့ကျောင်းစရောက်အခါ အမေရိကန်ဒေါ်လာယူဆောင်လာပြီး ကျောင်းလခဆောင်ရသည်။ တခါသော် ကျောင်းသားတစ်ယောက်၏ ကျောပိုးအိတ်ပျောက်သွားသည်။ အဆောင်သို့ရောက်မှ တနှစ်စာကျောင်းလခနှင့် နေ့စဉ်သုံးစရိတ်အားလုံးအိတ်နှင့်အတူပါ ပျောက်သွားကြောင်းသိရသည်။ မြန်မာဆရာနှင့် ကျောင်းသားအားလုံးစိတ်ပူကြသည်။ အားလုံးဝိုင်းရှာကြသည်။ အိတ်ပျောက်ဆုံးသောသူကို နှစ်သိမ့်စကားပြောကြားကြသည်။ ထိုနေ့ည ညဥ့်နက်ချိန်မှာ ကျောင်းစောင့်ရောက်လာပြီး “အိတ်ထဲမှာဒေါ်လာအများကြီးပါတယ်။ ကျွန်တော်က တရုတ်ကျောင်းသားရဲ့ပစ္စည်း ဖြစ်မယ်လို့ထင်တယ်” ဟုပြောပြီး အိတ်ကိုပြန်ပေးသွားသည်။ ၄င်းအစောင့်၏စကားသည် အေးအေးဆေးဆေးဖြစ်သော်လည်း ကျွန်မတို့သည် စိတ်အလွန်လှုပ်ရှားသွားသည်။ ယခင်က ဤကဲ့သို့သောအကြောင်းကို ဝတ္ထုနှင့်ရုပ်မြင်သံကြားထဲ၌သာ တွေ့ဖူးသည်။ ယခုမူ လက်တွေ့တွေ့ကြုံရသောကြောင့် ကျွန်မသူငယ်ချင်းများသည် မျက်ရည်ကိုပင် မထိန်းနိုင်တော့အောင် စိတ်လှုပ်ရှားခဲ့ရပါသည်။



ကျောင်းသားကျောင်းသူများ မန္တလေးမြို့တွင် စာမေးပွဲပါဝင်ဖြေဆိုစဉ်
学生在缅甸曼德勒参加考试

ထိုအချိန်က ကျွန်မတို့စာသင်ချိန်မများလှပါ။ အားလပ်ချိန်တွင် ကျွန်မတို့သည် စာသင်ကြားရေးစင်တာတခုသို့ သွားရောက်၍ အချိန်ပိုင်းဆရာလုပ်သည်။ မြန်မာကျောင်းသားများကို တရုတ်စာသင်ပေးသည်။ ထိုနေရာတွင် ကျွန်မတို့သည် ညွှန့်လင်းထွန်းနှင့်အသိမိတ်ဆွေဖြစ်ခဲ့သည်။ နှစ်ဝက်မျှအချိန်ကာလတွင် ကျွန်မတို့သည် အတူတကွလျှောက်လည်ကြသည်။ တရုတ်စာနှင့်မြန်မာစာကို အပြန်အလှန်သင်ပေးကြသည်။ သူကကျွန်မတို့အား မန္တလေး၏ နေဝင်ဆည်းဆာကို လိုက်လံပြသသည်။ ထိုအခါ ကျွန်မတို့သည် မန္တလေး၏တကယ်အလှကို မြင်ကြရသည်။ ကျွန်မက ဒူးအထိရောက်သောစကပ်ကို ဝတ်ဆင်၍ အပြင်ထွက်ချိန်မှာ သူက ၄င်းအဝတ်အစားသည် ခေတ်ဆန်လွန်းသည်။ မိန်းကလေးက ရိုးရာအလှရှိရမည်ဟူ၍ပြောသည်။ ကျွန်မတို့သည် တသက်လုံး သူငယ်ချင်းဖြစ်သည်ဟု ပြောသည်။ မန္တလေးမှထွက်ခွာသွားချိန်တွင် သူကကျွန်မကို စာတစောင်ရေးပေးခဲ့သည်။ ကျွန်မမှာ အချိန်ကာလကြာမြင့်စွာ




မန္တလေးမြို့ဈေးရှုခင်းအလှ
曼德勒街景 cfp 图

စာရေးပေးမည့်သူမရှိခဲ့သောကြောင့် အလွန်ဝမ်းသာမိပါသည်။

တက္ကသိုလ်အောင်ပြီးနောက် ကျွန်မတို့သည် မိမိဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိပြီး အလုပ်လုပ်နေချိန်တွင် ကျောင်းနေဖက်သူငယ်ချင်းများနှင့်တွေ့သည့်အခါ ဦးပိန်တံတားအောက်က ငါးကင်အကြောင်း၊ မန္တလေးတောင်၏ ရှုခင်းရှုကွက်၊ ချစ်စရာကောင်းသောမြန်မာသူငယ်ချင်းများ စသည့်အကြောင်းများသည် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေပါတော့သည်။

ကျွန်မ၏အကျီဘီဒိုထဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းဝတ်စုံကို အမြဲချိတ်ထားလျက်ရှိနေပါသည်။ အဖြူရောင်အပေါ်အင်္ကျီနှင့် ပင်လယ်ပြာရောင်စကပ်ဂါဝန်ကို ကျွန်မအနေဖြင့် မြတ်နိုးလွန်း၍ စွန့်မပစ်ရက်နိုင်ပါ။ ယင်းမှာ မန္တလေးမြို့အပေါ် ကျွန်မ၏ထာဝရတမ်းတလျက်ရှိနေသည့် အတွေးအမြင်ကို ဖော်ပြနေခြင်းပင်ဖြစ်ပါတော့သည်။

# ယူနန်။ ။ယဉ်ကျေးမှုတံတားတည်ဆောက်ပြည်သူ့နှလုံးသားလမ်းခင်း

## 云南：架文化之桥 铺民心通途

2013年，外国来云南留学生人数突破3万人，其中东南亚、南亚留学生超过80%，2014年，这个数字预计又有了较大增长。如今，云南大学、云南师范大学、昆明理工大学等高校与东南亚、南亚国家高校建立了紧密的合作关系。与此同时，云南文化也不断走向周边国家。在柬埔寨，大型文化旅游驻场演出《吴哥的微笑》广受好评；在老挝，7万用户可以收看到45套中国数字电视节目……文化之桥正从云南延伸。如今，云南与周边国家教育、文化交流不断深化，构建了文化和谐共荣的景象。

၂၀၁၃ ခုနှစ်နိုင်ငံခြားမှယူနန်သို့ပညာတော်သင်ရောက်ရှိလာသောကျောင်းသားကျောင်းသူလူဦးရေသည်(၃)သောင်းကျော်ရှိပြီး ယင်းအတွင်းအရှေ့တောင်အာရှ၊ တောင်အာရှကျောင်းသားကျောင်းသူသည် (၈၀%)ကျော်ကာ ၂၀၁၄ ခုနှစ်တွင် ယင်းကိန်းဂဏန်းသည်ပိုမိုကြီးသောတိုးမြင့်မှုရှိမည်ဟု ခန့်မှန်းထားသည်။ ယခု ယူနန်တက္ကသိုလ်၊ ယူနန်နော်မန်တက္ကသိုလ်၊ ကူမင်းသိပ္ပံနည်းပညာတက္ကသိုလ် စသည့်တက္ကသိုလ်ကောလိပ်ကျောင်းများနှင့် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံတက္ကသိုလ်ကောလိပ်ကျောင်းများတို့ပူးပေါင်းဆောင်ရွက်ဆက်ဆံနေကြပြီဖြစ်သည်။ ထို့အတူ ယူနန်ယဉ်ကျေးမှုလည်း ပတ်ဝန်းကျင်နိုင်ငံများသို့ရောက်ရှိသွားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင်အကြီးစား ယဉ်ကျေးမှုခရီးသွားတင်ဆက်ကပြမှု "အန်ကော်ဝတ်အပြုံး"သည်လူကြိုက်များကြသည်။ လာအိုနိုင်ငံတွင်လူ(၇)သောင်းကျော်သည် တရုတ်ရုပ်သံလိုင်း (၄၅)ခုကိုကြည့်ရှုနိုင်ပြီး ယဉ်ကျေးမှုတံတားသည် ယူနန်မှစ၍တိုးချဲ့နေပါသည်။ ယခု ယူနန်နှင့် ပတ်ဝန်းကျင်နိုင်ငံအကြား ပညာရေး၊ ယဉ်ကျေးမှုဖလှယ်ရေးများဆက်လက်လုပ်ဆောင်နေပြီး ယဉ်ကျေးငြိမ်ချမ်းမှုဆောက်လုပ်နေပါသည်။

### ပညာရေးပူးပေါင်းဆောင်ရွက်မှုဆက်လက်လုပ်ဆောင်။

ယူနန်နော်မန်တက္ကသိုလ်နိုင်ငံခြားကျောင်းသူတစ်ဦးဖြစ်သောကမ္ဘောဒီးယားမိန်းကလေး ကျန်မေကျိန်သည် ငါးကြိမ်မြောက်"တရုတ်စာတံတား" ကမ္ဘာ့အထက်တန်းကျောင်းသားကျောင်းသူတရုတ်စာပြိုင်ပွဲတွင်အင်တာနက်လူကြိုက်အများဆုံးဆုကို ရရှိခဲ့သူဖြစ်သည်။ လွန်ခဲ့သော(၂)နှစ်ကသူမသည် ယူနန်နော်မန်တက္ကသိုလ်သို့ပထမဆုံးအကြိမ်ရောက်ရှိကာထိုနေရာက ဆရာဆရာမကျောင်းသားကျောင်းသူများ၏ စိတ်အားထက်သန်မှုကြောင့်ဆွဲဆောင်ခြင်းခံရပြီး ယင်းလှပသောကျောင်းဝင်းကြီးကို ကြိုက်နှစ်သက်ခဲ့ပါသည်။ ယူနန်ပြည်နယ်အစိုးရပညာတော်သင်ဆုကို ရရှိပြီးနောက် ၂၀၁၄ ခုနှစ်တွင် သူမသည်ယူနန်နော်မန်တက္ကသိုလ်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဘာသာရပ်၏ ပထမနှစ်ကျောင်းသူဖြစ်ခဲ့သည်။ ကျန်မေကျိန်းသည် "ကျွန်မဒီမှာ မဟာဘွဲ့ရသည်အထိ စာဖတ်သွားအုံးမှာ။ ကျွန်မယူနန်ကိုချစ်တယ်။ ကျွန်မနဲ့ယူနန်ကရေစက်ပါပါတယ်။" ဟုဝမ်းသာစွာပြောဆိုခဲ့သည်။

ယူနန်သည် အရှေ့တောင်အာရှ၊ တောင်အာရှကျောင်းသားကျောင်းသူများ တရုတ်နိုင်ငံသို့ပညာသင်လာရာတွင် ဦးဆုံးရွေးချယ်မှုနေရာဖြစ်သွားပြီဖြစ်သည်။ ယင်းသည် ပထဝီတည်နေရာနီးစပ်ခြင်းအားသာချက်သာမက ယူနန်ပညာရေးဌာနက နိုင်ငံခြားကျောင်းသားကျောင်းသူများပညာပေးသောဇရိယာတွင်ကျွမ်းကျင်သောအတွေ့အကြုံနှင့် ပတ်ဝန်းကျင်နိုင်ငံတွင် ကောင်းမွန်သောနာမည်ကောင်းများရရှိခြင်းကြောင့်ဖြစ်သည်။ ယခုပညာရေးပူးပေါင်းဆောင်ရွက်ခြင်း၏ရေရှည်အကျိုးသက်ရောက်မှုများသည် တဖြည်းဖြည်းထွက်ပေါ်လာနေပြီဖြစ်သည်။ ယူနန်တက္ကသိုလ်ကောလိပ်ကျောင်းများမှထွက်သွားသောနိုင်ငံခြားသား ကျောင်းသားကျောင်းသူများသည် မိမိနိုင်ငံ၏နယ်ပယ်အသီးသီးတွင်အခြေချကာ ယူနန်မှသင်ယူ




၂၀၁၅ ခုနှစ် တရုတ်– ကမ္ဘောဒီးယား နှစ်သစ်ကူးပဒေသာကပွဲကျင်းပစဉ်
"中柬情 合家欢——2015 中国·柬埔寨大型春节联欢晚会"现场 蓝 天 图

ထားသောပညာများဖြင့်ပြန်လည်အကျိုးပြုပေးနေပြီဖြစ်သည်။ ထို့အတူအကြိုက်များသည်မှာ အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများအတွက် စိုက်ပျိုးရေးနည်းပညာရှင်များ မွေးထုတ်ပေးသော ယူနန်စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်သည်။ မကြာသေးသောအချိန်က ယူနန်စိုက်ပျိုးရေးတက္ကသိုလ် တရုတ်–အာဆီယံပညာရေးသင်တန်းစင်တာနှင့် ယူနန်ကျေးရွာဝန်ထမ်းမွမ်းမံရေးကျောင်းတို့ပူးပေါင်းလုပ်ဆောင်သောသီရိလင်္ကာခေတ်ပေါ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်မြင့်နှီးနှောဖလှယ်ရေး သင်တန်းဆင်းပွဲတွင် သင်တန်းသားများပညာသင်ယူသည့် အချိန်အခါအတောအတွင်း သီးနှံ၊ သီးရွက်၊ ပန်းပွင့်လုပ်ငန်းတိုးတက်ရေးနှင့်သက်ဆိုင်သောအသိပညာနှင့်အတွေ့အကြုံများကိုဖလှယ်ခဲ့ကြပါသည်။ ပုံစံတူပညာပေးသင်တန်းများသည် ယူနန်စိုက်ပျိုးရေးတက္ကသိုလ်တွင်အကြိမ်များစွာကျင်းပခဲ့ပြီးဖြစ်သည်။ ယင်းပုံစံတူပညာပေးသင်တန်းလမ်းကြောင်းများဖြင့် ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သည် အာဆီယံနိုင်ငံများအတွက် စိုက်ပျိုးရေးနည်းပညာရှင်များကိုမွေးထုတ်ပေးခဲ့ပြီး ဒေသလုပ်ငန်းတိုးတက်ရာတွင် ဦးဆောင်မှုဖြင့်အကျိုးသက်ရောက်မှုများရရှိစေခဲ့ပါသည်။

ယဉ်ကျေးမှုဆွဲဆောင်မှုအား။

မကြာသေးသောအချိန်က "အန်ကောဝတ်အပြုံး"တင်ဆက်မှုသည် ကမ္ဘောဒီးယားနိုင်ငံတွင် ယဉ်ကျေးမှုခရီးသွားလာရေးထူးချွန်ပြောင်မြောက်ဆုအဖြစ်ချီးမြှင့်ခြင်းခံခဲ့ရသည်။ ယင်းသည်နိုင်ငံခြားသား သို့မဟုတ်ဌာနဆိုင်ရာက ကမ္ဘောဒီးယားနိုင်ငံတွင် ရခဲ့သောထူးခြားသည့်ဂုဏ်ပြုဆုတံဆိပ်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း"သည် စီးပွားရေးဇုန်၊ စက်မှုလမ်း သာမက ယဉ်ကျေးမှုဇုန်၊ ယဉ်ကျေးမှုလမ်းလည်းဖြစ်နေပေသည်။" ဟု ယူနန်ယဉ်ကျေးမှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာ အုပ်ချုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်ဒါရိုက်တာချုပ် ထားကိုရှန်က ထိုသို့ယူဆထားသည်။ ယဉ်ကျေးမှုသည် "တစ်ဇုန်တစ်လမ်း"ထဲတွင် အရေးကြီးသောသက်ရောက်မှုများကြီးပမ်းပေးနိုင်မည်ဖြစ်သည်။ လူအများ၏နှလုံးသားချင်း ချိတ်ဆက်ခြင်းသည် တစ်နိုင်ငံနှင့်နိုင်ငံဆက်ဆံရာတွင် အရေးကြီးသောအခြေခံမှတ်ကျောက်ပင်ဖြစ်သည်။ အပြန်အလှန်ရင်းနှီးစေသော ယဉ်ကျေးမှုလမ်းကြောင်းကို ခင်းပြီးမှသာလျှင် အကျိုးတူအောင်မြင်သောစီးပွားရေးလမ်းကြောင်းကို ဖွင့်လစ်နိုင်မည်ဖြစ်သည်။

ထို့အတူတချိန်တည်းမှာ ပြင်သစ်နှင့်ယူနန်စီစဉ်ရေးသားပြီး အတူဖန်တီးတင်ဆက်သောပြင်သစ်အစီအစဉ် "ဘုရင်၏သမီးတော်"သည် ပြင်သစ်နိုင်ငံတွင်အောင်မြင်စွာဖြင့် (၄)လခွဲတင်ဆက်ပြသပြီးဖြစ်သည်။ ပွဲတိုင်းတွင်ပျမ်းမျှလူဦးရေ (၅၀၀၀)နှုန်းဖြင့်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ရောင်စုံယူနန်ယဉ်ကျေးမှုသည် ပုံစံအသစ်ဖြင့်ကမ္ဘာသို့လျှောက်လှမ်းနေပြီဖြစ်သည်။



(၇)ကြိမ်မြောက် "တရုတ်ဘာသာပေါင်းကူးတံတား"ဆိုင်ရာကမ္ဘာ့အလယ်တန်းကျောင်းသားကျောင်းသူများ တရုတ်ဘာသာယှဉ်ပြိုင်ပွဲကို ကူမင်းမြို့တွင် အောင်မြင်စွာကျင်းပခဲ့စဉ်
第七届“汉语桥”世界中学生中文比赛在昆明落幕　新华社 图

ယူနန်နှင့်အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံ ယဉ်ကျေးမှုသည် နီးစပ်တူညီပြီး ကျိန်ဟောအနောက်တိုင်းသို့ဆင်းသောလမ်းကြောင်းနှင့် တောင်ဖက်ပိုးချည်ထည်တင်ပို့လမ်းကြောင်း တလျှောက်နိုင်ငံများအတူရှိသောယဉ်ကျေးမှုအတိတ်မှတ်ဉာဏ်များနှင့်လည်း အထူးကြီးမားသောဆက်နွယ်မှုရှိနေသည်။ ယင်းတို့ကြောင့်ယူနန်ယဉ်ကျေးမှုကို ပတ်ဝန်းကျင်နိုင်ငံများနှင့် "ယဉ်ကျေးမှုချင်းနီးစပ်လူစိတ်ချင်းရင်းနှီး" ဟူသောအခြေခံကို ချထားပေးနိုင်ခဲ့သည်။ ယင်းဖြင့်အစပြုကာ ယူနန်ယဉ်ကျေးမှုဌာနအသီးသီးတို့သည် စတင်လုပ်ဆောင်ကာ ယူနန်ယဉ်ကျေးမှုလျှောက်ထွက်သွားနိုင်သောပုံစံအသစ်ကို တည်ဆောက်လျက်ရှိနေပါတော့သည်။


ထိုင်းနိုင်ငံပညာတော်သင်များက သီချင်းဆိုခြင်း၊ အကကခြင်းနှင့် စားကောင်းသောက်ဖွယ်များအား သုံးဆောင်ခြင်းဖြင့် တရုတ်ကျောင်းသားကျောင်းသူများနှင့်အတူ ထိုင်းနိုင်ငံ၏ "Songkran Festival Day" ပွဲတော်ကို ကျင်းပစဉ်
泰国留学生用歌声、舞蹈和美食，与中国学生一起庆祝泰国“宋干节”　cnsphoto


နိုင်ငံခြားသား ကျောင်းသူကျောင်းသားများနှင့် တရုတ်ကျောင်းသူကျောင်းသားများ ကူမင်းမြို့တွင် "ချစ်ကြည်ရေးသစ်ပင်" အား အတူတကွစိုက်ပျိုးစဉ်
中外学子昆明共植“友谊树”　cnsphoto

文 / 曹云波




ယူနန်ကြည်းတပ်စစ်ပညာသင်တန်းကျောင်းဟောင်း၏ပင်မအဆောက်အအုံ
云南陆军讲武堂旧址的主楼　新华社 图

# သူရဲကောင်းတို့ မွေးဖွားရာပုခက်--ယူနန်ကြည်းတပ်စစ်ပညာသင်တန်းကျောင်း

## 英雄的摇篮——云南陆军讲武堂

昆明的冬季，一只只海鸥从翠湖畔西承华圃一栋米黄色的二层砖木结构房上空掠过，仿佛是在向那逝去的英雄致敬。这里是云南陆军讲武堂故址，是中国最早的培养新式陆军军官学校之一，是 20 世纪初无数热血男儿向往的地方，是中华民族英雄孕育的摇篮。

ကူမင်း၏ဆောင်းရာသီတွင် စင်ရော်ငှက်များသည် စိမ်းလဲ့ကန်သာကန်နံဘေး စီးချင်ဟွာဖူ-အမည်ရှိအဝါနုရောင်နှစ်ထပ်ပျဉ်ထောင်အိမ်၏အပေါ်မှဖြတ်၍ပျံသန်းသွားကြသည်။ ကျဆုံးသွားလေသောအာဇာနည်များကို အလေးပြုနေသကဲ့သို့ဖြစ်နေသည်။ ဤနေရာသည် ယူနန်ပြည်နယ် ကြည်းတပ်စစ်ပညာသင်တန်း၏ နေရာဟောင်းဖြစ်သည်။ ယင်းသည် တရုတ်နိုင်ငံ၏အစောဆုံးခေတ်မီကြည်းတပ်စစ်ဗိုလ်များကို ပျိုးထောင်ရာကျောင်းတစ်ခုဖြစ်ခဲ့သည်။ ၂၀ ရာစုအစောပိုင်းကာလက စိတ်အားထက်သန်သောယောကျ်ားများ ရောက်ချင်သောနေရာဖြစ်သည်။ တရုတ်အာဇာနည်ကို ပြုစုပျိုးထောင်သောပုခက်ဟု ဆိုနိုင်သည်။

စစ်ပညာသင်တန်းကျောင်းကို ၁၉၀၉ခုနှစ်၌ တည်ဆောက်ခဲ့ကြောင်း စာအုပ်ထဲမှာဖတ်မိခဲ့သည်။ ထိုအချိန်တွင် အခြေအနေမတည်ငြိမ်လှသော မန်ချူးမင်းဆက်သည် ၎င်း၏အုပ်ချုပ်မှုအာဏာတည်မြဲစေရန် ဒေါက်တာ ဆွန်ယက်ဆင် တည်ထောင်သော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို နှိမ်နင်းလိုက်ပြီး တပြည်လုံးတွင် အနောက်တိုင်းကို အတုယူသည်။ "စစ်တပ်သစ်"ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ သို့သော် မန်ချူးအစိုးရ၏ ဤအပြုအမူသည် သူ့ရည်ရွယ်ချက်နှင့် ပြောင်းပြန်ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံ၏တော်လှန်ရေးအတွေးအခေါ်သည် ပြည်တွင်းပြည်ပနှစ်ဖက်စလုံးကို စိုးရိမ်ကြောင့်ကြရသောအခြေအနေ၌ စစ်သင်တန်းကျောင်းများသည် မိုးရာသီမှာပေါက်သောမျှစ်စို့ပမာ လျင်မြန်စွာ ကြီးထွားလာခဲ့ပါသည်။ ၁၉၁၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် "ချုံကျို-တော်လှန်ရေး" နှင့်နိုင်ငံတော်နှင့်တရားဥပဒေကို ကာကွယ်ရေးစစ်ပွဲတွင် ဤကျောင်းမှအောင်မြင်သွားခဲ့သော ကျောင်းသားများသည် ထူးချွန်ပြောင်မြောက်စွာဂုဏ်ရှိန်တင့်ခဲ့သည်။ ထို့ကြောင့် ဗီယက်နမ်နှင့် ကိုရီးယားမှ ကျောင်းသားများလည်း လာရောက်ပါဝင်သင်ကြားခဲ့ကြသည်။ ၁၉၂၈ ခုနှစ်ထိ ဤကျောင်းမှ အပတ်စဉ်(၁၉)အထိ အတန်းတက်ရောက် အောင်မြင်ခဲ့သောကျောင်းသားပေါင်းမှာ(၄၀၀၀)ကျော်ရှိခဲ့သည်။ ကျောင်းသင်တန်းကာလတစ်ကြိမ်လျှင် (၁)နှစ်ခွဲမှ (၂)နှစ်ထိကြာသည်။ ခြေလျင်တပ်၊ မြင်းစီးတပ်၊ အမြောက်တပ်၊ လုပ်သားအင်ဂျင်နီယာတပ်ဟူ၍ စစ်သား(၄)မျိုးခွဲခြားထားသည်။ စင်းဟိုင်-တော်လှန်ရေးမှ နိုင်ငံတော်ကာကွယ်ရေး ယွမ်-ကိုတိုက်ခိုက်ရေး၊ မြောက်ပိုင်းသို့စစ်ချီတိုက်ခိုက်ရေးမှ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲအထိ၊ ၎င်းသင်တန်းအပတ်စဉ်မှ သင်တန်းသားတပ်သား (၂၀၀၀) ကျော် ထွက်ပေါ်လာခဲ့သည်။ ၎င်းတွင် ပင်လယ်ရပ်ခြား တရုတ်ကျောင်းသား-၅၀၀ကျော် ပါဝင်သည်။ ကိုရီးယားနိုင်ငံသား ၃၀ ကျော်၊ ဗီယက်နမ်နိုင်ငံသား-၆၀ ကျော်၊ မြန်မာနိုင်ငံသား ၂၀ ကျော် ပါဝင်သည်။ ပို၍စိတ်လှုပ်ရှားစေသည်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြည်း၊ ရေ၊ လေတပ်(၃)တပ်၏ သေနာပတိ မာရှယ် ချူတေးနှင့် ကိုရီးယားဒုတိယစစ်သေနာပတိ ဗိုလ်ချုပ်မှူးကြီးချွေးယုံကျန်၊ တရုတ်မာရှယ်(၁၀)ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သောယဲ့ကျန်းယင်းတို့သည်လည်း ဤသင်တန်းကျောင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသား မာယွိပေါင်သည် ၁၉၁၂ ခုနှစ်တွင် ပြင်သစ်စစ်တပ်သို့ ဝင်ရောက်ခဲ့သည်။ ပထမကမ္ဘာစစ်တွင် ပြင်သစ်စစ်တပ်၌ ဗိုလ်တစ်ဦးအနေဖြင့် ဂျာမဏီနှင့် စစ်တိုက်ခဲ့သည်။

နှစ်ပေါင်းရာကျော် အခက်အခဲကာလကျော်လွှန်ခဲ့ပြီးနောက် မူလကကျယ်ပြန့်သောလေ့ကျင့်ရေးကွင်းနေရာတွင် အဆောက်အဦများနေရာယူသွားသောကြောင့် မိသားစုနေလေးခန်းတွဲပတ်လည်ခြံတစ်ခြံသာ ကျန်ရစ်ခဲ့သည်။ ယင်းနှင့်တွဲ၍ အရှည်(၁၂၀)မီတာ၊ အကျယ်(၁၀)မီတာရှိမြင်းစီး၍ အချိုးအကွေ့ပြုနိုင်သော အဆောင်လေးဆောင် ကျန်ရှိနေသေးသည်။ ကိုးထပ်-ပုံစံတံခါးမကြီးမှဝင်လျှင် အထူးခန့်ညားစွာဆိတ်ငြိမ်နေသည်ကို ခံစားရသည်။ ပြခန်းထဲသို့ဝင်လိုက်လျှင် ယခင်ကသင်တန်းသားတို့ဝတ်ဆင်သောဝတ်စုံများ၊ ထိုင်ခဲ့ဖူးသောစားပွဲကုလားထိုင်များနှင့် ပညာသင်စဉ်နှင့်စစ်တိုက်စဉ်အသုံးပြုခဲ့သောလက်နက်များကို ပြသထားသည်။ သင်တန်းသားများစစ်လေ့ကျင့်ကွင်းနေရာကို နေဝင်ဆည်းဆာအချိန်၌ တွေ့မြင်သောကြောင့် ကျွန်ုပ်သည် ယခင်ကတွေ့ဖူးသော ခန့်ညားလှပသောမျက်နှာ၊ သန်မာသောကိုယ်ခန္ဓာကို ပြန်လည်တွေ့မြင်ရသကဲ့သို့ ခံစားရသည်။ ၎င်းတို့သည် နံနက်တိုင်းညတိုင်း တိုင်းပြည်အတွက် ကြိုးစား၍ရုန်းကန်ခဲ့ကြသည်ကို မြင်ယောင်မိပါသည်။ နားထဲမှာလည်း ထိုကာလသီဆိုသော စစ်သီချင်းသံများကို ကြားယောင်မိသည်။ "တရုတ်ယောကျ်ားဘသား"၊ "လက်နှစ်ဖက်ဖြင့် မိုးကောင်းကင်ကို ကျားကန်ထား"ဟူသောတေးဆိုသံကို ကြားယောင်မိသည်။

စစ်ပညာသင်တန်းကျောင်းတွင် တညနေလုံး လည်ပတ်ကြည့်ရှုလေ့လာပြီးနောက် ကျွန်ုပ်တဖြည်းဖြည်းထွက်လာခဲ့သည်။ စိမ်းလဲ့ကန်သာနံဘေးရှိ သစ်ပင်ရိပ်တွင်လေတဖြူးဖြူးနှင့် ရေပြင်ပေါ်တွင်လှိုင်းကလေးတရွေ့ရွေ့နှင့် ခရီးသည်များ၏ပျော်ရွှင်သောအသံ၊ ကိုယ်ပိုင်အနုပညာအဖွဲ့တစ်ဖွဲ့၏အဆိုအကများကလည်း ကပြနေဆဲ။ ဤမြင်ကွင်းသည် ငြိမ်းချမ်းသာယာသောမြင်ကွင်းဖြစ်သည်။ ကျွန်ုပ်အတွေးထဲတွင် ဤအရာအားလုံးသည် ယူနန်ပြည်နယ်ကြည်းတပ်စစ်သင်တန်းကျောင်းမှ နိုင်ငံတော်အတွက် အသက်စတေးခဲ့သော အာဇာနည်အပေါင်းတို့က ပေးအပ်သောနှစ်သိမ့်မှု-ဟူ၍ ထင်မြင်ယူဆမိပါတော့သည်။



ခရီးသည်များ ယူနန်ကြည်းတပ်စစ်ပညာသင်တန်းကျောင်းတွင် လှည့်လည်ကြည့်ရှုစဉ်
游客在云南陆军讲武堂内参观　新华社 图

云南建工集团 供稿

# ယူနန်ဆောက်လုပ်ရေး—ပိုးထည်တင်ပို့သည့်လမ်းမကြီးပြန်လည်ထွန်းကားရေး ရှေ့ဆောင်သူအနေအထားဦးဆောင်သူစိတ်ဓာတ်ဖြင့်အာရှနှင့်အာဖရိကသို့ရဲဝံ့စွာထိုးဖောက်



ယူနန်ဆောက်လုပ်ရေးအဖွဲ့ နှစ်တစ်ရာတောင်ဘက်ပိုးထည်တင်ပို့သည့်လမ်းမကြီးလေ့လာရေးအဖွဲ့က လာအိုနိုင်ငံဗီယင်ကျန်းမြို့ဆိုက်ဆဲထာစီးပွားရေးဇုန်တွင် တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်
云南建工·百年大公重走南方丝绸之路采访团与中方企业在老挝万象赛色塔经济开发区举行座谈会

## 云南建工：丝路复兴先行者
## 桥堡精神闯亚非

老挝亚欧峰会配套设施项目、柬埔寨陆军学院项目、中缅原油管道项目、赤道几内亚马拉博新机场大道、沙特阿拉伯纳季兰大学牙科系 MEP 项目……这些国家级重要的工程背后都有一个优秀的建造者——云南建工集团。从 1983 年的海外基建援助至今日的国际市场化运作，云南建工已连续三年进入美国《工程新闻记录》(ENR) 杂志全球最大 225 家国际承包商排行榜，其以品质为本，以诚信搭建中外友谊桥，所到之国均获肯定与好评，云南作为中国面向西南开放的门户及“一带一路”建设背景下，云南建工可谓先行中国企业软实力外交。

လုပ်အားဂုဏ်ထူးဆောင်ဆုတံဆိပ် —— တချိန်သောကာလက လာအိုနိုင်ငံသည် စီမံကိန်းအတွက် ထပ်မံဖြည့်တင်းရန် အရင်းအနှီးချို့တဲ့နေသောကြောင့် မြေယာဖြင့်သယံဇာတကို လဲလှယ်ရယူရန် ဆုံးဖြတ်ခဲ့ရသည်။ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် တရုတ်နှင့်လာအိုနှစ်ဦးနှစ်ဖက်သည်နောက်ဆုံးတွင် ဆိုက်စဲ-တာဝါဖွံ့ဖြိုးရေးဒေသတည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုမှတစ်ဆင့် ယူနန်ပြည်နယ် ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်ကို တည်ထောင်ခဲ့သည်။ (ယူနန်ပြည်နယ်အစိုးရက အရင်းအနှီးငွေထုတ်၍ ယူနန်တည်ဆောက်ရေးကုမ္ပဏီလီမိတက်ကို ရှယ်ယာဝင်အဖြစ် လွှဲအပ်တာဝန်ပေးသည်၊ လာအိုဗီယင်ကျန်းမြို့ပြအစိုးရမှလည်း အရင်းအနှီးထုတ်၍ လာအို-တရုတ် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ လီမိတက်ဖွဲ့စည်းခဲ့သည်။ တရုတ်ဘက်မှရှယ်ယာ ၇၅% ပါဝင်သည်။ ဤသို့ဖြင့် ဖွံ့ဖြိုးရေးဒေသတည်ဆောက်ရေးတွင် ယူနန်တည်ဆောက်ရေးသည် လာအိုနိုင်ငံ၌ တည်ဆောက်ရေးလုပ်ငန်းသက်သက်သာဆောင်ရွက်ရာမှ ရောနှောပေါင်းစပ်သည့်ရင်းနှီးငွေဖြင့် လုပ်ကိုင်ဆောင်ရွက်သောဇာတ်ကောင်အဖြစ်ပါဝင်ကာလုပ်ငန်းနိဒါန်းကို အစပျိုးခဲ့သည်။ ဆိုက်စဲ-တာဝါဖွံ့ဖြိုးရေးဒေသသည်လည်း တရုတ်နိုင်ငံ၏ နိုင်ငံပြင်ပရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဒေသများအနက်(၁၀)ခုမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဒေသဖြစ်လာခဲ့တော့သည်။

ထို့ပြင် ယူနန်ပြည်နယ် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်နှင့် လာအိုဂျိတာဖုန်းအုပ်စုကုမ္ပဏီလီမိတက်တို့၏ ပူးတွဲရင်းနှီးငွေဖြင့်တည်ဆောက်သော “ဗီယင်ကျန်း နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားစင်တာ” စီမံကိန်းသည် လာအို-အာရှဥရောပထိပ်သီးဆွေးနွေးပွဲအတွက် ပစ္စည်းအစုံလိုက်တပ်ဆင်မှုစီမံကိန်း၊ ကမ္ဘောဒီးယားကြည်းတပ်သိပ္ပံစီမံကိန်း၊ တရုတ်-မြန်မာရေနံပိုက်လိုင်းစီမံကိန်း၊ အီကွေတာဂီနီမာလာဘိုလေဆိပ်သစ်လမ်းမကြီး စီမံကိန်း၊ ဆော်ဒီအာရေဗျ-နာဂျီလန်တက္ကသိုလ် သွားဘက်ဆိုင်ရာဘာသာရပ် အမ်(မ)အီးပီ-စီမံကိန်း စသည့်နိုင်ငံတော်အဆင့်အရေးပါသည့် စီမံကိန်းလုပ်ငန်းများ၏နောက်ကွယ်တွင် ထူးချွန်ထက်မြက်သည့် တည်ဆောက်သူတစ်ဦးဖြစ်လာခဲ့သည်။ ယင်းမှာ ယူနန်တည်ဆောက်ရေးအုပ်စုကုမ္ပဏီပင်ဖြစ်သည်။ ၁၉၈၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ပင်လယ်ရပ်ခြား အခြေခံတည်ဆောက်ရေးအကူအညီမှ အစပြု၍ ယနေ့နိုင်ငံတကာဈေးကွက်တွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည်အထိ ယူနန်တည်ဆောက်ရေးသည် အမေရိကန်“စီမံကိန်းသတင်းမှတ်တမ်း”အီးအင်န်အာ-ဂျာနယ်၏ တကမ္ဘာလုံးရှိ အကြီးစားနိုင်ငံတကာကန်ထရိုက်လုပ်ငန်းရှင်(၂၂၅)ဦးစာရင်းထဲတွင် သုံးနှစ်ဆက်တိုက်ပါဝင်ထည့်သွင်းခြင်းခံရပါသည်။ အရည်အသွေးကိုအခြေခံ၍ ဖြောင့်မတ်ကတိတည်မှုဖြင့် တရုတ်နှင့်နိုင်ငံခြားချစ်ကြည်ရေးတံတားကို တည်ဆောက်နိုင်ခဲ့သည်။ ရောက်ရှိရာနိုင်ငံတိုင်း၏ အသိအမှတ်ပြုမှုနှင့်ချီးကျူးမှုကိုခံခဲ့ရသည်။ ယူနန်သည် တရုတ်နိုင်ငံအနောက်တောင်ဘက်၏ ပွင့်လင်းသည့်တံခါးပေါက်ဖြစ်သည်နှင့်အညီ “ခုံတခုလမ်းကြောင်းတခု” တည်ဆောက်ရေးအခြေနေအောက်တွင် ယူနန်ဆောက်လုပ်ရေးသည် တရုတ်လုပ်ငန်းများ၏ အ




ယူနန်ဆောက်လုပ်ရေးအဖွဲ့နှစ်တစ်ရာတောင်ဘက်ပိုးထည်တင်ပို့သည့်လမ်းမကြီးလေ့လာရေးအဖွဲ့က တရုတ်လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်နေစဉ်
云南建工·百年大公重走南方丝绸之路采访团与中方企业代表合影

ပျော့ထည်အင်အားတို့သည် နိုင်ငံရေးရာ၌ ဦးဆောင်ဆော်ဩသူဟူ၍ ပြောဆိုနိုင်မည်ဖြစ်ပါသည်။

အခြေခံတည်ဆောက်ရေးဖြင့် နိုင်ငံခြားသို့ကူညီ၊ ချစ်ကြည်ရေးတံတားကို ကျွမ်းကျင်စွာတည်ဆောက်

ယူနန်ဆောက်လုပ်ရေး၏ ရှန်ဟဲကုမ္ပဏီခွဲသည် ယူနန်သို့ရောက်ရှိခဲ့ပြီးနောက် ထိုမှတဖန်လာအိုသို့ ပြောင်းရွှေ့လာခဲ့ရသော ကျန်းကိုချိန်းအနေဖြင့် မျှော်လင့်မထားသည့်ကိစ္စမှာ နေရာတိုင်း၌ ကျန်းပါး(မြက်မွှေးပန်း) ပန်းများပွင့်လန်းရာဒေသနှင့် နက်ရှိုင်းသည့်သံယောဇဉ်ငြိတွယ်မိနေမည်ဆိုသည်ကို လုံးဝမထင်မှတ်ခဲ့ပါ။ အရပ်အမောင်း (၁.၈)မီတာအထက်မြင့်မားသည့် ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်သူအနေဖြင့် ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာတစ်ဦး၏ တိကျသောစည်းစနစ်နှင့် လျင်မြန်ဖြတ်လတ်သောထူးခြားချက်များပိုင်ဆိုင်ထားသည်။ စကားပြောလျှင် လိုရာရောက်အောင် တိုက်ရိုက်ပြောနိုင်သည်။ အစီအစဉ်ကျနသည်၊ ယူနန်ဆောက်လုပ်ရေးနိုင်ငံတကာစီမံကိန်း ဒုတိယအထွေထွေမန်နေဂျာဖြစ်သောသူသည် စီမံကိန်းလုပ်ငန်း၏ အရည်အသွေးမှာ အကောင်းဆုံးထုတ်ဖော်မှုသည် အဓိကဖြစ်သည်ဟု ယူဆသူဖြစ်သည်။ သူ၏လုပ်ငန်းသည် စီမံကိန်းလက်တွေ့ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အခက်အခဲမျိုးစုံကိုဖြေရှင်းရသည်သာမက ဝန်ထမ်းများကိုဦးဆောင်၍ ဈေးကွက်သို့ပြေးရသည်။ ကျေးလက်သို့ ဝင်ရသည်၊ သက်ဆိုင်ရာနယ်မြေဒေသ၏ ဓလေ့ထုံးစံများကိုလေ့လာရသည်။ ထိုဒေသရှိတည်ဆောက်ရေးလုပ်ငန်း၏ ဈေးကွက်အခြေအနေကို သိရှိနားလည်ရသည်။ ကုန်းလမ်းလုပ်ငန်း၏စံနမူနာကိုလည်း လေ့လာသင်ကြားရသည်။

ကျန်းကိုချိန်းပြောကြားသည့်စကားတခွန်းမှာ– နားလည်မှုမရှိဘဲ အသိစိမ်းသောလောကပတ်ဝန်းကျင်နှင့် အမြဲတမ်းစိတ်လှုပ်ရှားမှုရှိသော လုပ်ငန်းကာလသည် လာအိုနိုင်ငံ၏ဆောက်လုပ်ရေးလုပ်သားများ တွေ့ကြုံရသည့် ပြဿနာများဖြစ်သည်။ သို့ရာတွင် နှစ်သိမ့်စရာဖြစ်စေသည့်အချက်မှာ–ဆွမ်ပရာဘွမ်ဒေသ တရုတ်လာအို ချစ်ကြည်ရေးဆေးရုံကိုအောင်မြင်စွာတည်ဆောက်နိုင်ခြင်းကြောင့် ကုမ္ပဏီအနေဖြင့်အသိအမှတ်ပြုမှုခံရခြင်းပင်ဖြစ်သည်။ ထိုမှတဖန် လာအိုမြို့တော်ဗီယင်ကျန်းရှိ တုံချွမ်း–ဟိုတယ်စီမံကိန်းကို ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ယင်းစီမံကိန်းသည် လာအိုနိုင်ငံ၏ အမြင့်ဆုံးနှင့်အကြီးမားဆုံး အဆောက်အဦးဖြစ်သည်။ ၁၄–ထပ်မြင့်သောကြယ်ငါးပွင့်ဟိုတယ်နှင့် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမကြီးဖြင့် ဖွဲ့စည်းထားသည်။ ယူနန်ဆောက်လုပ်ရေးသည် ယင်းစီမံကိန်းကို ပုံမှန်အားဖြင့် ရက်ပေါင်း(၇၀၀)ကျော်ကြာမျှဆောက်လုပ်ပြီးစီးရမည့်လုပ်ငန်းကို ရက်ပေါင်း(၃၀၀)ကျော်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ၁၀–ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ ကြိုဆိုကျင်းပနိုင်ရေးတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည်။ သို့ဖြင့် တရုတ်၊ လာအို၊ မလေးရှား သုံးနိုင်ငံအစိုးရ ထိပ်ပိုင်းခေါင်းဆောင်များ၏ အမြင့်ဆုံးချီးကျူးမှုခံရသည်။ လာအိုနိုင်ငံဒုတိယဝန်ကြီးချုပ်ကိုယ်တိုင်ချီးမြှင့်သော“လာအိုနိုင်ငံ၏ဖွံ့ဖြိုးရေးစွမ်းဆောင်မှုဆုတံဆိပ်”ကို ရရှိခဲ့သည်။ ယနေ့ထက်တိုင် လာအိုအစိုးရထိပ်ပိုင်းခေါင်းဆောင်များ နိုင်ငံခြားဧည့်သည်ဧည့်ခံရေးနှင့် အရေးပါသောနိုင်ငံတော်လှုပ်ရှားမှုများကို ထိုနေရာ၌ ကျင်းပလျက်ရှိနေပါသည်။


ဆိုက်ဆဲထာဖွံ့ဖြိုးရေးဇုန်၏ဝင်ပေါက်
赛色塔开发区大门

ယူနန်ဆောက်လုပ်ရေးအနေဖြင့် လုပ်ငန်းမှတ်တိုင်တခုအဖြစ် အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည့်လုပ်ငန်းမှာ– အီးပီစီ (စီမံကိန်းအထွေထွေကန်ထရိုက်) ပုံစံဖြင့် တာဝန်ယူဆောက်လုပ်သော ၂၀၀၉ ခုနှစ် လာအိုနိုင်ငံ၏(၂၅)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကွင်းနေရာနှင့် မော်တော်ကားလမ်းအပြည့်အစုံဆောက်လုပ်ရေး စီမံကိန်းဖြစ်ပါသည်။ ယင်းတွင် မြေနေရာ(၁၂၅)ဟက်တာကျယ်သည်။ တည်ဆောက်ရေးဧရိယာမှာ–စတုရန်းမီတာ တစ်သိန်းတစ်သောင်းရှိသည်။ ယင်းစီမံကိန်းတွင် လာအိုအစိုးရ၏ စီမံကိန်းမြေကွက်ဧက–(၈၀)ခန့်ပါသည်။ တည်နေရာမှာ လာအိုမြို့တော်ဗီယင်ကျန်း၏ ဗဟိုချက်မကုန်သွယ်ရေးဒေသဖြစ်သည်။ ပေလုန်ကျန့်–ကန်၏ရှုခင်းဒေသပါ ပါဝင်သည်။ စီမံကိန်းတွင်ပါဝင်သော ဆောက်လုပ်ရေးဧရိယာတခုလုံးမှာ စတုရန်းမီတာ တစ်သိန်းနှစ်သောင်းဖြစ်သည်။ စုစုပေါင်းရင်းနှီးငွေမှာ အမေရိကန်ဒေါ်လာ သိန်းပေါင်း–၁၆၀၀ ဖြစ်သည်။ စီမံကိန်းတခုလုံးအတွက် ဖွံ့ဖြိုးရေးအစီအစဉ်အရ ယင်းကို ဗီယင်ကျန်းမြို့၏ ကူးသန်းရောင်းဝယ်ရေး၊ ရုံးလုပ်ငန်း၊ စားသောက်မှု၊ ဖျော်ဖြေမှု၊ ဟိုတယ်ပုံစံကွန်ဒိုမီနီယံ အစရှိသောစွမ်းရည်များစွာဖြင့် တပေါင်းတစည်းတည်းပေါင်းစပ်ပါဝင်သော မြို့ပြအထွေထွေပေါင်းစည်းထားမှုပင်ဖြစ်သည်။ ယူနန်ဆောက်လုပ်ရေး၏ လာအိုရှိလုပ်ငန်းနယ်ပယ်သည် ထိုသို့ဖြင့် အဆက်မပြတ်ဖွံ့ဖြိုးကြီးထွားလာခဲ့ပါသည်။

ကျန်းပါး–တွင်အခြေခံတည်ဆောက်၊ တိုက်ကြီးနှစ်တိုက်နှင့်ဆက်သွယ်မှု ရအောင်ဆောင်ရွက်

ယူနန်ဆောက်လုပ်ရေး၏ လာအိုဒေသမန်နေဂျာ–ယွီထိုက်မင်သည် လာအိုတပ်ဖွဲ့တွင် ပင်လယ်ရပ်ခြားတာဝန်ထမ်းဆောင်မှု၌ အစောဆုံးဖြစ်ခဲ့သည်။ နိုင်ငံတကာကုန်သွယ်မှု၌ ကျွမ်းကျင်သောသူသည် ၂၀၀၀ ပြည့်နှစ်တွင် ယူနန်ဆောက်လုပ်ရေးပင်လယ်ရပ်ခြားဌာနသို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ်ကယူနန်ဆောက်လုပ်ရေး နိုင်ငံတကာဌာန၏ အောင်မြင်မှုမှာ အနိမ့်ပိုင်းရောက်ရှိနေသည်။ နောက်ပိုင်းတွင် အရည်အသွေးစစ်ဆေးမှု၊ စက်ယန္တရားတပ်ဆင်ရေးစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးစီမံခန့်ခွဲမှု အစရှိသောဌာနများ၌ စမ်းသပ်စစ်ဆေးမှုကို ခံယူဖြတ်သန်းခဲ့ပြီးနောက်တွင် သူ့ကိုကြီးလေးသည့်တာဝန်ဖြင့် လာအိုသို့စေလွှတ်ခဲ့သည်။ စီမံကိန်းဆိုင်ရာခန့်ခွဲရေးမှ ဒေသဆိုင်ရာလိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်မှုအထိ သူ့ဘဝတလျှောက်လုံးတွင် စီမံကိန်းလုပ်ငန်းတဝက်နှင့် နိုင်ငံခြားရေးရာလုပ်ငန်းတဝက်လုပ်ဆောင်ခဲ့ရသည်။ သူ့ပြောကြားချက်အရ သိရသည်မှာ–ယူနန်ဆောက်လုပ်ရေးသည် ၁၉၉၇ ခုနှစ်မှစတင်၍ လာအိုနိုင်ငံပြည်ပဈေးကွက်တွင် ဝင်ရောက်ခြေချခဲ့သည်။ နိုင်ငံခြားသို့အကူအညီအဖြစ် တာဝန်ယူသည့်စီမံကိန်းမှစတင်၍ ၁၆–နှစ်အတွင်းတွင် လာအိုနိုင်ငံတော်အဓိကစီမံကိန်းများကို ရှေ့စဉ်နောက်ဆက်တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယင်းတွင် လာအိုမော်တော်ကားလမ်းတည်ဆောက်ရေးမှာ ကီလိုမီတာ–၁၀၀ ခန့်ရှည်လျားသည်။ ကားလမ်းပေါင်း–၄၀ ရှိသည်။ လာအိုနိုင်ငံ၏အခြေခံတည်ဆောက်ရေးအတွက် အရေးပါသော စွမ်းဆောင်မှုဖြစ်သည်။ ယူနန်ဆောက်လုပ်ရေး၏ ဖြာထွက်သက်ရောက်သောဦးဆောင်နိုင်အားနှင့် အကျိုးသက်ရောက်မှုအားကောင်းသော အဓိကစီမံကိန်းများကို ပိုင်နိုင်စွာရယူ၍ ဈေးကွက်ကိုထိုးဖောက်ကာ တည်ငြိမ်စွာ ချီတက်ဆောင်ရွက်ခဲ့သည်။ လွတ်လပ်သည့်ဈေးကွက်ယှဉ်ပြိုင်မှုမှတစ်ဆင့်

တဖြည်းဖြည်းဈေးကွက်ကိုထိုးဖောက်ခဲ့သည်။ ထိုမှတစ်ဆင့် ရောနှောပေါင်းစပ်သည့် ရင်းနှီးငွေဖြင့်ဦးဆောင်၍ ရင်းနှီးငွေနှင့်လုပ်ငန်းကန်ထရိုက် နှစ်ခုပေါင်းစပ်သည့်ဖွံ့ဖြိုးရေးပုံစံကျင့်သုံးဆောင်ရွက်ခဲ့သည်။ ပင်လယ်ရပ်ခြားဈေးကွက်သို့ ထိုးဖောက်ဆောင်ရွက်ရာတွင် ခက်ခဲကြမ်းတမ်းသော ဖွံ့ဖြိုးရေးလမ်း၌ လျှောက်လှမ်းခဲ့ရသည်ဟုပင်ဆိုနိုင်ပါသည်။

အကူအညီပေးသည့် ဆောက်လုပ်ရေးဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိလာခဲ့ပြီး ထိုမှတစ်ဆင့် ဈေးကွက်ဆန်သည့် လုပ်ကိုင်ဆောင်ရွက်မှုလမ်းကြောင်းသို့ ပြောင်းလဲလာခဲ့ပြီးနောက်တွင် ယူနန်ဆောက်လုပ်ရေးသည် တရုတ်လုပ်ငန်းများ “ပြည်ပသို့ထွက်ခွာသွားမှု”အတွက် ထူးချွန်သည့်စံနမူနာ ဖြစ်လာခဲ့သည်ဟုပြောနိုင်ပါသည်။ ယူနန်မှအစတရုတ်နိုင်ငံအဆုံး ဂျီအမ်(မ)အက်စ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ခေတ်ကာလအခွင့်အလမ်းအောက်တွင် ယူနန်ဆောက်လုပ်ရေး၏ မဟာဗျူဟာစင်မြင့်သည် ယူနန်ပြည်နယ်က လက်တွေ့အကောင်အထည်ဖော်နေသည့် “အချက်အချာတည်ဆောက်ရေး”အဖြစ် အဓိကထင်ဟပ်ဖော်ပြနေသည်။ ယူနန်ဆောက်လုပ်ရေးသည် စီမံကိန်းကန်ထရိုက်ယူသည့် အစဉ်အလာလုပ်ငန်းကို အားကောင်းအောင် ဆက်လက်ဆောင်ရွက်နေသည်။ တချိန်တည်းတွင် ဖွံ့ဖြိုးရေးဒေသ၊ လယ်ယာလုပ်ငန်း၊ စွမ်းအင်–စသောပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများထွန်းကားလာအောင် ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအစီအစဉ်ကို လျင်မြန်စွာမြှင့်တင်ခဲ့သည်။ တရုတ်လုပ်ငန်းများ၏ အပျော့ထည်အင်အားအဆင့်အတန်းကို အပြည့်အဝထုတ်ဖော်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်ယူနန် ဆောက်လုပ်ရေးသည် တရုတ်နိုင်ငံ၏ပြည့်စုံသောတီထွင်မှုဖြင့် နိုင်ငံခြားသို့ထွက်ခွာလုပ်ဆောင်ခဲ့သည့် အားကောင်းသော လုပ်ငန်းအဆင့်(၅၀)ထဲသို့ ဝင်ရောက်နိုင်ခဲ့သည်။ အနောက်ဘက်ဒေသလုပ်ငန်းများထဲတွင် ရှေ့ဆုံးတန်းနေရာမှ ဦးဆောင်နိုင်ခဲ့သည်။ ထူးချွန်သောလုပ်ငန်းအောင်မြင်မှုများကြောင့် ၂၀၁၂ ခုနှစ်တရုတ်နိုင်ငံ၏ နိုင်ငံခြားစီမံကိန်းကန်ထရိုက်လုပ်ငန်းများ၏ ကတိတည်မှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အေ–သုံးလုံးအဆင့် ရရှိခဲ့သည်။ ထို့ပြင် ၂၀၁၂ ခုနှစ် တရုတ်နိုင်ငံ၏ နိုင်ငံခြားကန်ထရိုက်စီမံကိန်းလုပ်ငန်းနယ်ပယ်တွင် တာဝန်ယူမှုအတွက် အကဲဖြတ်ရာတွင်လည်း ဦးဆောင်မှုရှိသော လုပ်ငန်းအမျိုးအစားအဖြစ် သတ်မှတ်ခြင်းခံရပါသည်။

ယှိထိုက်မင်ကမိတ်ဆက်ပြောကြားသည်မှာ– ယခုအခါ ယူနန်ဆောက်လုပ်ရေးသည် လာအိုနိုင်ငံကို အဓိကထားကာ ကမ္ဘောဒီးယား၊ မြန်မာအစရှိသော ပတ်ဝန်းကျင်နိုင်ငံ၏ဈေးကွက်သို့ ဖြာထွက်နိုင်သော အခြေအနေဖြစ်ပေါ်အောင် ဆောင်ရွက်နေသည်။ အီကွေတာဂီနီနိုင်ငံကို ထိုးဖောက်ရန်နေရာအဖြစ်သတ်မှတ်၍ အာဖရိကဈေးကွက် ထွန်းကားလာအောင် ဆောင်ရွက်နေသည်။ ယင်းတွင် ဆော်ဒီအာရေဗျကို အတွင်းကျကျဝင်ရောက်၍ အရှေ့အလယ်ပိုင်းဈေးကွက်၌ ခြေချနိုင်သည့် အခြေခံပေါ်ပေါက်လာအောင် ကြိုးစားနေသည်။ ယင်းမှတစ်ဆင့်ဆောက်လုပ်ပြီးစီးသည့် အမှတ်လက္ခဏာဆောင်သော စီမံကိန်းလုပ်ငန်းများသည် ကောင်းမွန်သည့် အမှတ်တံဆိပ်ကျော်ကြားမှုရှိသည်။ ယူနန်ဆောက်လုပ်ရေးအတွက် ပိုမိုများပြားသောပြည်ပဈေးကွက်များဖွင့်လှစ်နိုင်ခဲ့သည်။ ပြည်တွင်းရှိအစုလိုက်တပ်ဆင်မှုပစ္စည်း၊ ဆောက်လုပ်ရေးကုန်ကြမ်း၊ ဒီဇိုင်းနည်းပညာ၊ ပြည်ပသို့လုပ်သားစေလွှတ်မှု စသည်တို့အတွက် အခွင့် အလမ်းများကို ပံ့ပိုးပေးနိုင်ခဲ့သည်။

ယခုအခါလာအို၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံ–စသောမဟာမဲခေါင်ဒေသခွဲရပ်ဝန်းတွင် နိုင်ငံတော်မှ စားသောက်ကုန်အချောကိုင်လုပ်ငန်းကို ရှေ့ဆောင်စေခဲ့သော လယ်ယာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ထွန်းကားရေးစီမံကိန်းဖြစ်သည့်–ယူနန်ပန်–အာရှလယ်ယာလုပ်ငန်းကုမ္ပဏီလီမိတက်သည် ပဏာမအောင်မြင်မှုရရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရရုံးအဖွဲ့အဆောက်အဦသည် တရုတ်နိုင်ငံ၏ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းအတွက် ပြည်ပလူပန်း–ဆုရရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်သီဟာမိုနီကိုယ်တော်တိုင် ဆောက်လုပ်ရေးအုပ်စု၏ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌချင်ဝန်စန်းသို့ ကမ္ဘောဒီးယားနိုင်ငံ၏ စွမ်းဆောင်မှုဆုတံဆိပ်ချီးမြှင့်ခဲ့သည်။ ဒုတိယဝန်ကြီးချုပ်ဆုအန်း–ကလည်း ကျေးဇူးတင်ကြောင်း စာတစ်စောင်ကိုယ်တိုင်ရေးသား၍ ယူနန်ဆောက်လုပ်ရေးသို့ပေးအပ်ခဲ့သည်။ တရုတ်–မြန်မာရေနံသဘာဝပိုက်လိုင်းသည် မဒက်ကျွန်းပထမစခန်း၊ ကျောက်ဖြူစခန်းနှင့် ဆင်ခေါင်းတောင်စခန်းများသို့ အဆင်ပြေစွာရှေ့ဆက်လက်၍ ဆောင်ရွက်နိုင်ခဲ့သည်။ အီကွေတာဂီနီနိုင်ငံ၏ သဘာဝဓါတ်ငွေ့ကုမ္ပဏီရုံးချုပ် အဆောက်အဦကြီးကို နိုင်ငံတော်ဝန်ကြီးချုပ် မီလား(မ)က အလှပဆုံးသောရှုခင်းနေရာအဖြစ် များစွာချီးကျူးခဲ့သည်…

ယခုအခါ ယူနန်ဆောက်လုပ်ရေးပြည်ပဈေးကွက်သည် နှစ်စဉ်စာချုပ်တန်ဘိုးပေါင်း အမေရိကန်ဒေါ်လာ သိန်း နှစ်ထောင်အထက် ရှိလာခဲ့သည်။ ထုတ်လုပ်မှုတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သိန်းတစ်ထောင်အထက် ရှိသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သိန်းတစ်ထောင်အထက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် လုပ်ငန်းစတင်သည့်စီမံကိန်းသည် အမေရိကန်ဒေါ်လာ သိန်းပေါင်း(၁၃၀၀) ရောက်ရှိခဲ့သည်။

အထူးရေးသားချက်။ ။ ဆိုက်စဲ–တာဝါ–လာအိုနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုမှတ်ကျောက်

၂၀၁၀ ခုနှစ်၊ ဇွန်လတွင် ထိုစဉ်က တရုတ်နိုင်ငံတော်ဒုတိယဥက္ကဋ္ဌ၊ ယခုနိုင်ငံတော်ဥက္ကဋ္ဌဖြစ်သူ ရှီကျင့်ဖိန်နှင့်လာအိုနိုင်ငံ၏ နိုင်ငံတော်ဒုတိယဥက္ကဋ္ဌ ဘင်ယန်အိုလာဂျီတို့၏ရှေ့မှောက်၌ တရုတ်နှင့်လာအိုနှစ်နိုင်ငံသည် “လာအို မြို့တော်ဗီယင်ကျန်းဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း နားလည်မှုစာချွန်လွှာ”ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်ဇူလိုင်လအထိတွင် ဆိုက်စဲ–တာဝါဘက်စုံဖွံ့ဖြိုးရေးဒေသ၌ အဓိကအဖွဲ့အစည်းတခုဖြစ်သော လာအို–တရုတ် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်ကို ဦးစွာဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့ပြင် ဖွံ့ဖြိုးရေးဒေသ၏ လာအိုစီးပွားရေးအထူးဒေသနှင့် တရုတ်နိုင်ငံတော်အဆင့် ပြည်ပစီးပွားကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဒေသ၏ နေရာအဆင့်ကို အတည်ပြုသတ်မှတ်ခဲ့သည်။ ယခုအခါ အဆိုပါဇုံဒေသသည် စီမံခန့်ခွဲရေးဖွဲ့စည်းမှုမှုဘောင်နှင့် ပြည့်စုံလာခဲ့ပြီဖြစ်သည်။ နှစ်ဘက်စလုံးမှ တည်ထောင်ထားခဲ့သော အုပ်ချုပ်မှုကော်မတီသည်လည်း နေ့ချင်းပြီးဝန်ဆောင်မှု ပေးနိုင်သော အမြန်လမ်းကြောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

မျက်မှောက်တွင် လာအိုနိုင်ငံတွင် ပြည့်စုံလျက်ရှိသော နိုင်ငံတကာစီးပွားကုန်သွယ်မှု အားသာချက်များသည် ဆောင်ရွက်သင့်ရာကို တက်ကြွစွာလုပ်ဆောင်နိုင်ခဲ့မှုကြောင့်(၈၀)ခုနှစ်နောက်ပိုင်းစတင်ခဲ့သောစီးပွားရေးပြုပြင်ပြောင်းလဲမှုမှတစ်ဆင့်



လာအိုနိုင်ငံဗီယင်ကျန်းမြို့ရှိ အာရှနှင့် ဥရောပထိပ်သီးအစည်းအဝေးဟိုတယ်ကြီး
老挝万象亚欧峰会酒店

သယ်ဆောင်ရရှိလာခဲ့သည့် အောင်မြင်မှုများ ဖြစ်လာခဲ့ပါသည်။ ဈေးကွက်ဆန်သောပြုပြင် ပြောင်းလဲမှုနှင့် ပြည်ပပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ပေါက်လာသော အနေအထားသစ်များသည် လာအိုနိုင်ငံအား ပို၍များသော ဖွံ့ဖြိုးရေးအခွင့်အလမ်းများကို ရရှိစေခဲ့ပါသည်။ ပြည်ပနိုင်ငံခြားရေးပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာစေခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုကောင်းမွန်စွာပြုပြင်လာနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်ရောက်သည့်အချိန်တွင် လာအိုနိုင်ငံ “ဝန်ကြီးချုပ်အမိန့်”ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့သည့် ပထမဆုံးစီးပွားရေးအထူးဒေသဖြစ်သည့် “ဆားဝမ်း–စဲ့နော့”အထူးဒေသသည်လည်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ အာရှနှင့်တကမ္ဘာလုံး တသားတည်းဖြစ်လာစေရေးအတွက် တက်ကြွစွာဖြင့်ပူးပေါင်းပါဝင်လာနိုင်ခဲ့သည်။

ယခုအခါ (၁၀)စတုရန်းကီလိုမီတာ မြေအကျယ်အဝန်းရှိသော ဆိုက်စဲ–တာဝါသည် တရုတ်နိုင်ငံ၏“ဇုံတစ်ခု၊ လမ်းကြောင်းတစ်ခု”နှင့် လာအို၏အာဆီယံခေတ်ကာလ၌ မားမားကြီးတည်ရှိလျက်ရှိနေပါသည်။ နှစ်နိုင်ငံ၏အားသာချက်များကို မည်ကဲ့သို့အသုံးချ၍ “အာရှတိုက်ကျားငယ်လေးကောင်”အမည်ကို ရရှိအောင် မည်သို့အားထုတ်၍ ဖွံ့ဖြိုးရေးဒီရေစီးကြောင်းနှင့်အတူ လိုက်ပါကာဦးဆောင်ရယူနိုင်မည်၊ ဖွံ့ဖြိုးရေးရလဒ်ကောင်း အကောင်အထည်ဖော်မှုကို အကြီးမားဆုံးဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်သွားနိုင်မည်–ဆိုသည်တို့မှာ နှစ်ဖက်စလုံး၏ မဟာဗျူဟာစွမ်းရည်အပေါ် အစမ်းသပ်ခံနိုင်မှုဖြစ်လာပါတော့မည်။ လာအိုနိုင်ငံပြုပြင်ပြောင်းလဲရေး၏ ကြိုးစားမှုနှင့် အောင်မြင်မှုများအတွက် မှတ်ကျောက်တင်ခြင်းလည်း ဖြစ်လာတော့မည်ဖြစ်ပါသတည်း။

# ee&ra&;a [mi;NrKU

## 南浔古镇

南浔古镇地处湖州市南浔区，位于江浙沪两省一市交界处，距上海、杭州、苏州等城市各约 100 公里，区位和交通优势十分明显。南浔古镇凭借独特的历史地位和人文景观，荣膺“中国历史文化名镇”、“中国十大魅力名镇”等诸多美誉。


နန်ရှွမ်ရှေးဟောင်းမြို့သည် ဟူကြိုးမြို့ရှိ နန်ရှွမ်ရပ်ကွက်အတွင်း တည်ရှိနေရာ၊ ကျန်းစူးပြည်နယ်၊ ကျက်ကျန်းပြည်နယ်နှင့်ရှန်ဟိုင်းမြို့ကြီးများနယ်နိမိတ်ချင်းဆက်စပ်ထားသည့်နေရာတွင်တည်ရှိရာရှန်ဟဲ၊ ဟန်ကြိုးနှင့် စူကြို စသည့်မြို့များအထိ ကီလိုမီတာ ၁၀၀ နီးပါးခန့်ကွာဝေးသည့်အတွက် နေရာဒေသနှင့်ပို့ဆောင်မှုအခြေအနေများသည် သိသာထင်ရှားစွာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ နန်ရှွမ်ရှေးဟောင်းမြို့သည် တမူထူးခြားသောသမိုင်းအစဉ်အလာနှင့်ယဉ်ကျေးမှုရှုခင်းသာနေရာများရှိသည့်အတွက် “တရုတ်သမိုင်းယဉ်ကျေးမှုရှေးဟောင်းမြို့” နှင့် “တရုတ်နိုင်ငံရှိဆွဲဆောင်မှုအရှိဆုံးမြို့ ၁၀ မြို့” ထဲမှာ မြို့တစ်မြို့ဖြစ်ပါသည်။

ရှေးဟောင်းမြို့ရှိ ရှုခင်းသာရပ်ကွက်သည် အပိုင်းသုံးပိုင်းခွဲထားပါသည်။ ပထမအပိုင်းသည် နန်တုန်ဈေးနှင့် နန်စီဈေးများရှိအရေးကြီးသည့်ရှုခင်းသာနေရာများကို အဓိကထားလျက်ရှိပါသည်။ အဓိကထားသောရှုခင်းသာနေရာများသည် ကျန်းရှိမြင့်အိမ်ဟောင်း၊ လူရှိထိဟောင်၊ နန်ရှွမ်ပိုးထည်လုပ်ငန်းဆိုင်ရာအသင်း စသည်တို့ဖြစ်ပါသည်။ ထိုအပိုင်းတစ်အတွင်း အမည်ကျော်ကြားသူများ၏နေအိမ်အဟောင်းများ၊ ရှေးခေတ်အစဉ်အလာဆန်သောဈေးဆိုင်များ၊ လမ်းကြီးလမ်းငယ်များနှင့်ပန်းချီကားသဖွယ်လှပသည့်မြို့အတွင်းရှိ မြစ်ချောင်းများကို လေ့လာခြင်းဖြင့် ရှေးခေတ်က နန်ရှွမ်မြို့၏စည်ကားပုံနှင့် ယန်စီမြစ်တောင်ဘက်ကမ်း၏ရှုခင်းလှများကို ထူးခြားစွာခံစားနိုင်မည်ဖြစ်ပါသည်။ အပိုင်းနှစ်အတွင်း ရှောင်လျိန်ကွျန်အဆောက်အအုံများ၊ ကျာရဲ့စာကြည့်တိုက်၊ ကျန်နန်ရွှေရှန်းဈေးဟုခေါ်တွင်သောရှုခင်းသာနေရာများဖြင့် ဖွဲ့စည်းထူထောင်ထားသည့်ဗဟိုအချက်အချာ ကျသည့်ရှုခင်းအလှနေရာများဖြစ်ပါသည်။ ရှောင်လျိန်ကွျန်အဆောက်အအုံအတွင်း သစ်ပင်ပန်းပင်ဝေဆာခြင်း၊ ပန်းရောင်နံရံနှင့်အရောင်လှသည့်အုတ်ကြွတ်များ၊ လှပသည့်ရေကန်ရှုခင်းသာနှင့် အကွေ့အကောက်ရှိတံတားများ၊ ပုံစံထူးဆန်းသည့်ကျောက်တုံးကြီးများ၊ မုခ်ပေါင်းကူးများ၊ စာတန်းထိုးထားသည့်ပျဉ်ချပ်ရှည်များ၊ ကျောက်တိုင်များ၊ family temple နှင့်ကျင်ရှောင်ရှီးလိုဏ်ခေါင်းများစသည့်အလွန်ကောင်းမွန်သောအဆောက်အအုံများ ပါဝင်ပါသည်။ အပိုင်းသုံးအတွင်းရှိ ကျန်းကျင့်ကျန်းနေအိမ်ဟောင်း၊ ပိုင်ကျိန်းလုန်အဆောက်အအုံနှင့် အရှေ့ဘက်လမ်းမကြီးတို့ကို အဓိကထားသောအရှေ့မြောက်ပိုင်းဒေသများဖြစ်ပါသည်။ မခွဲရက်မခွါရက်နေရာသည် ပိုင်ကျိန်းလုန်ဟုခေါ်တွင်လျက် မင်မင်းဆက်က ဝန်ကြီးတစ်ဦးဖြစ်သောတုန်ဖိန်က သူ၏မိသားစုနှင့်အိမ်ဖော်များအတွက် ဆောက်လုပ်ပေးသောပိုင်ကျိန်းလုန်အဆောက်အအုံဖြစ်ပါသည်။ ပိုင်ကျိန်းလုန်အဆောက်အအုံသည် မြစ်ကမ်းဘေးတွင် တည်ဆောက်ထားရာ၊ အသုံးပြုနိုင်သောနေရာများကို အပြည့်အဝအသုံးပြုနိုင်အောင် ထည့်သွင်းစဉ်းစားခြင်းဖြင့် သိပ်မဝေးသောဟုန်ကြည်တံတား၊ ထုန်ကြည်တံတားတို့နှင့်အတူ “တံတား၊ ချောင်းနှင့်နေအိမ်များ” တညီတညွတ်တည်းဖြစ်အောင် ရှုခင်းအလှကို ဖန်တီးခဲ့ပေရာ၊ မင်မင်းဆက်ခေတ်နှင့်ချင်မင်းဆက်ခေတ်တုန်းက ယန်စီးမြစ်တောင်ဘက်ရှိထူးဆန်းမှုအရှိဆုံးအိမ်ရာအဆောက်အအုံအုပ်စုဖြစ်လာပါသည်။

နှစ်ပေါင်းတစ်ထောင်သမိုင်းရှိတံတားများ၊ နှစ်ပေါင်းတစ်ရာရှိလူနေအိမ်ခြေများ၊ အလွန်ကြီးမားသောလူကြီးနေအိမ်များ၊ လှပမှုပြည့်စုံသောပန်းခြံနှင့်ဥယျာဉ်များသည် အလွန်စိတ်ဝင်စားစရာကောင်းလှပါသည်။ အစဉ်အလာမပျက်မှု၊ ခေတ်မီမှု၊ နိုင်ငံခြားဆောက်လုပ်ရေးပုံစံလည်းပါဝင်သော ဆောက်လုပ်ပုံဆောက်လုပ်နည်းများသည် တရုတ်နှင့်အနောက်တိုင်းယဉ်ကျေးမှုများအား နန်ရှွမ်မြို့တွင် ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ တရုတ်နှင့်အနောက် တိုင်းစတိုင်လ်အဆောက်အအုံများ၊ နာမည်ကျော်ကြားသူများ၏နေအိမ်ဟောင်းများ၊ ကဗျာဆန်ပန်းချီကားဆန်လှသော တံတားများ၊ ရေစီးချောင်းများနှင့်လူနေအိမ်ခြေများ၊ ရှေးဆန်သောအစဉ်အလာဈေးကွက်များနှင့်လမ်းကြီးလမ်းငယ်များ ပြည့်စုံစွာ တွေ့မြင်နိုင်သည့်အတွက် နန်ရှွမ်မြို့ဟောင်းသည် သဘာဝကျမှုများကြောင့်လူအများကြိုက်နှစ်သက်ကြပါသည်။



တရုတ်စတိုင်ပန်းခြံ
中式花园 新华社 图



ခရီးသည်များက တရုတ်စတိုင်စောင်းတန်းတွင် အညောင်းပြေလမ်းလျှောက်စဉ်
游客在中式长廊下漫步 新华社 图



ဥရောပဆောက်လုပ်ရေးပုံစံဖြစ်သောမုခ်ဦး
具有欧洲建筑风格的门楼 新华社 图

文、图 / 曹云波

# ဝူတင့်ခြင်္သေ့တောင်




## 武定狮子山

狮子山坐落于云南省武定县，距离昆明 74 公里，因其形状酷似卧狮而得名。山上古木参天、山花灿漫、云蒸霞蔚，又有琳琅满目的摩岩石刻、诗词楹联，故享有“西南第一山”之美誉。

ခြင်္သေ့တောင်သည် ယူနန်ပြည်နယ်ဝူတင့်ခရိုင်တွင် တည်ရှိလျက်၊ ကူမင်းအထိ ၇၄ ကီလိုမီတာ အကွာအဝေးရှိရာ၊ တောင်၏ပုံစံသည် လဲအိပ်နေသောခြင်္သေ့နှင့် တူသည့်အတွက် ခြင်္သေ့တောင် ဟုခေါ်ဝေါ်ခဲ့ပါသည်။ တောင်ပေါ်တွင် ရှေးဟောင်းသစ်ပင်များ ဝေဝေဆာဆာရှိခြင်း၊ တောတောင်ပန်းမျိုးစုံလှပခြင်း၊ တိမ်များ၏ရှုခင်းအလွန်လှပမှုရှိခြင်း၊ များပြားသောကျောက်ထွင်းထုစာတမ်းများနှင့် ကဗျာစာစောင်များရှိခြင်းတို့ကြောင့် “အနောက်တောင်ဘက်ရှိနံပါတ်ဝမ်တောင်” ဟု နာမည်ကောင်းရရှိခဲ့ပါသည်။

ခရိုင်မြို့အချက်အချာကျသောနေရာမှ ခြင်္သေ့လမ်းမကြီးအထိသည် မိနစ်အချို့အကွာအဝေးရှိလျက် အကွေ့အကောက်ရှိသော ကတ္တရာစေးလမ်းအတိုင်း လမ်းလျှောက်ပါက ခရိုင်မြို့တစ်ခုလုံးကို မြင်တွေ့နိုင်မည်ဖြစ်ပါသည်။ မနက်နေထွက်ချိန်တွင် တိမ်များ၏ရှုခင်းအလှပါရှိသည့်အတွက် နတ်ပြည်တွင်နေသည်နှင့် တူအောင်ခံစားနိုင်ပေသည်။ အဓိကလမ်းမကြီးအပြင် အလွန်မတ်စောက်သော တောင်ကမ်းပါးအကြားရှိကျောက်ခင်းသော လှေခါးထစ်လမ်းသည် တောင်စောင်းအတိုင်း အပေါ်တက်လျက်ရှိရာ လမ်းတစ်ဘက်တစ်ချက်တွင် တောနက်ရှုခင်းသာနှင့် တောပန်းများ၏အလှများသည် အလွန်ကြည်နူးစရာကောင်းလှပါသည်။

ခြင်္သေ့တောင်ရှုခင်းသာရပ်ကွက်သည် အရှေ့မှအနောက်အထိ ၁၂ ကီလိုမီတာအရှည်ရှိလျက် တောင်ဘက်မှမြောက်ဘက်အထိ(၈)ကီလိုမီတာအကျယ်ရှိရာ စုစုပေါင်းအကျယ်အဝန်းသည် မိုပေါင်း(ဝ.၇၈)သောင်းရှိပါသည်။ အဓိကတောင်ထိပ်၏ပင်လယ်ရေပြင်အမြင့်သည်(၂၄၅၂)မီတာရှိလျက် ဝူတင့်ခရိုင်မြို့၏အမြင့်ထက် မီတာ(၆၈၀)ရှိရာ၊ အနီးတစ်ဝိုက်နှင့်လုံးဝမတူသောရှုခင်းများဖြစ်ပေါ်စေပါသည်။ တောင်ပေါ်တွင် ရှုခင်းအလှနေရာများစွာရှိပါသည်။ ဧည့်သည်တော်များအားဆီးကြိုသော ထင်းရှူးပင်များ၊ မတ်စောက်သော နေမင်းကြီးမျှော်စင်စရပ်များ၊ ရှုခင်းဆန်းကျယ်သော ရှယ်ထုန်ရိန်ကျောက်ဆောင်၊ ကြူချီဟောင်ဟယ်ဟုခေါ်တွင်သောနက်ရှိုင်းမှုနှင့် အေးချမ်းဆန်းကျယ်မှုရှိသော ရှုခင်းသာနေရာ၊ လခြမ်းကန်ရှိကြည်လင်သောစမ်းရေများဖြင့် ရှုခင်းအလှနေရာများပြည့်စုံစွာရှိသည်ကို တွေ့နိုင်ပေသည်။ ကျင့်ကြည်ချမ်းဘုရားကျောင်း၏သမိုင်းသည် အလွန်ရှည်လျားပါသည်။ ကွမ်ယင်မယ်တော်ဘုရားဂူသည် နက်ရှိုင်းသည့် တောနက်အတွင်း တည်ရှိလျက်၊ အနီးရောအဝေးပါ ခရီးသည်များနှင့် တကာ၊ တကာမများစွာလာရောက်ဖူးမျှော်ရန် အလွန်ဆွဲဆောင်မှုရှိပါသည်။

ခြင်္သေ့တောင်ကို စကားစမိသည်နှင့် ပီအိုနီပန်းအကြောင်းကိုပြောပြရမည်ဖြစ်ပါသည်။ ပီအိုနီပန်းများကို တရုတ်နိုင်ငံရှေးခေတ်ရှိပညာရှင်များက အလွန်နှစ်သက်ပါသည်။ ခြင်္သေ့တောင်တွင် ပီအိုနီပန်းစိုက်ပျိုးသောသမိုင်းသည် မင်မင်းဆက်မှ စတင်ခြင်းဖြစ်ပါကြောင်း၊ မင်မင်းဆက်ခေတ်ကာလတွင် ဘုရင်ဖြစ်သူ ကြူယွမ်းကျန်းက နတ်ရွာစံသည့်အတွက် ဘုရင်နေရာကို သူ့မြေးဖြစ်သူ ကြူယွင်ဝိန်ကို တစ်ဆင့်ဆက်ခံနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ရာ ကျယ်ဝန်ဘုရင်ဟုခေါ်ကြပါသည်။ ကြူယွမ်းကျန်းသည် သားတော် ၂၄ ဦးရှိခဲ့ရာ ၁၅ ဦးကို လက်အောက်ခံနိုင်ငံ၏အုပ်ချုပ်သူများအဖြစ် ခန့်အပ်ခဲ့ပါသည်။ ကျယ်ဝန်ဘုရင်က နန်းတက်ပြီးသောနောက်ပိုင်းတွင် လက်အောက်ခံနိုင်ငံအသီးသီးက ဘုရင့်သားတော်အုပ်ချုပ်သူများက မကျေမနပ်ဖြစ်မိခဲ့ရာ ဘုရင်ဖြစ်သူကြူယွမ်းကျန်း၏နံပါတ်(၄)မြောက်သားတော်ဖြစ်သူ ကြူလိသည် လက်နက်ကိုင်အာဏာသိမ်းပွဲပြုလုပ်ခဲ့သည့်အတွက် ကျယ်ဝန်ဘုရင်သည် ခြင်္သေ့တောင်သို့ ပြေးလာလျက်ရှိရာ သက်န်းဝတ်ခဲ့ရသည်။ ထိုနေရာတွင် ကျယ်ဝန်ဘုရင်သည် ပထမဦးဆုံးပီအိုနီပန်းပင်ကို စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအချိန်အထိ နှစ်ပေါင်း(၆၀၀)ကျော်သွားသည့်တိုင်အောင် ထိုပီအိုနီပန်းပင်သည် ဝေဝေဆာဆာပွင့်လျက်ရှိရာ နှစ်စဉ် မတ်လတိုင်းတွင် ထိုပီအိုနီပန်းပွင့်များသည် အလွန်ကြီးမားသည့်အတွက် အလှဆုံးပန်းပွင့်အနေဖြင့် ရပ်တည်လျက်ရှိပါသည်။


ခရီးသည်များ ကမဲလီးယားပန်းကို ရှုစားစဉ်
游人赏茶花

ယခုခေတ် ခြင်္သေ့တောင်သည် သဘာဝရှုခင်းအလှနှင့် ရှေးဟောင်းဘုရားကျောင်းများကို ကာကွယ်ထိန်းသိမ်းရသည့်အပြင် တစ်နိုင်ငံလုံးရှိနေရာအသီးသီးမှ ပန်းမန်မျိုးစုံကို စတင်ဝယ်ယူလာလျက်ရှိပါသည်။ ပီအိုနီပန်း၊ ပင်ပျော့ပီအိုနီပန်းနှင့် ဇလပ်နီပန်းများသည် အနောက်တောင်ပိုင်းဒေသရှိ အကောင်းဆုံးပန်းမျိုးဖြစ်လာပါသည်။ ကျယ်ဝန်ဘုရင်နှင့် စပ်လျဉ်းသောရိုးရာပုံပြင်များ၊ ကဗျာများနှင့် သီချင်းများသည် ယဉ်ကျေးမှုသမိုင်းအား နှစ်ကြိုက်သူများ၏ မကုန်ဆုံးနိုင်သော အချက်အလက်များဖြစ်လာသည်ကို တွေ့ရှိရပါသည်။


တောင်ကြားလမ်းငယ်
山中小道

# aEO;&mo tp/ /a&;acwr ,cacwolav)muvr;

## 立春：古老时节走向现代

一年之计在于春，立春是开始，是万象更新。古往今来，立春日，已经不限于农业节气，更渗透了中国人对自然的体察以及对人生的感悟。立春，一切刚刚开始。

ရှေးခေတ်လုပ်သားပြည်သူများအချိန်ကြာရှည်သည့် အတွေ့အကြုံစုစည်းမှုနှင့်အသိပညာပေါင်းစပ်ပြီးဖြစ်ပေါ်သော (၂၄)ရာသီပွဲနေ့သည် တရုတ်နိုင်ငံပြည်သူများ၏နေ့စဉ်ဘဝအတွင်းတွင်စွဲမြဲစွာတည်ရှိနေပြီဖြစ်သည်။

တစ်နှစ်အစသည် နွေဦးတွင်ဖြစ်သည်။ နွေဦးအစသည် အစပင်ဖြစ်သည်။ ရှေးခေတ်မှ ယခုခေတ်သို့ရောက်သော်နွေဦးအစရက်သည် စိုက်ပျိုးရေးရာသီဖြစ်ရုံသာမကဘဲ တရုတ်လူများသဘာဝကိုလေ့လာမှုနှင့် လူ့ဘဝခံစားမှုများလည်းပါဝင်လာပြီဖြစ်သည်။ နွေဦးအစတွင်အားလုံးစတင်ခါစဖြစ်သည်။

နွေဦးရိုက်။ ။အသက်မွေးဝမ်းကျောင်းပြုရန်အတွက် ကောင်းမွန်သောတစ်နှစ်တာအဖြစ်ဆုတောင်းခြင်း။

ရှေးခေတ်တွင် နွေဦးအစရက်တွင်ပြည်သူများတွင် "နွေဦးရိုက်"သောဓလေ့ထုံးစံရှိပါသည်။ ဆိုလိုသည်မှာနှင်တံဖြင့် ရွှံ့မြေနှင့် လုပ်ထားသောနွေဦးနွားများကို ရိုက်ခြင်းဖြစ်သည်။ ဤသို့သောပုံစံဖြင့် စိုက်ပျိုးရေးရာသီအသစ်တစ်ကြော့တွင် ကောင်းမွန်စွာဖြစ်စေလိုသော ဆုတောင်းခြင်းပင်ဖြစ်သည်။

ဥပမာအားဖြင့် စန်းတုံးမှလူများသည် ရွှံ့မြေနွားကို ကျေအောင်ရိုက်ပြီး အားလုံးနွေဦးရွှံ့မြေနွားကို လုယူကြသည်။ နွေဦးလုခြင်းဆိုသည်မှာ နွားခေါင်းကို လုရခြင်းသည် ဆုမွန်ကောင်းတောင်းခြင်းပင်ဖြစ်သည်။ ကျယ့်ကျမ်းဒေသတွင် နွေဦးနွားကို ကြိုဆိုရာတွင် အစဉ်လိုက်ဦးစွာနွေဦးနွားကိုရှိခိုးကြသည်။ ရှိခိုးပြီးသော့ အားလုံးဝိုင်းအုံကာ နွေဦးနွားကို ကျေအောင်လုပ်ပြီး နွေဦးနွားမြေကို အိမ်သို့လုယူသွားကာနွားခြံထဲသို့ ကြဲထားလိုက်ရသည်။ ဤသို့ဖြင့် နွေဦးနွားရိုက်ခြင်းသည် မွေးမြူခြင်းဆိုင်ရာစုန်းနည်းလမ်းတစ်မျိုးလည်းဖြစ်သည်ကို တွေ့ရသည်။ နွေဦးကြိုပြီးသောနွေဦးနွားမြေကို နွားခြံထဲသို့ကြဲထားခြင်းဖြင့်နွားမွေးမြူရေးကို တိုးပွားစေလိုခြင်းဖြစ်သည်။



နွေဦးအစတွင် "နွေဦးအစနွားပွဲတော်"ကျင်းပ
立春到"闹春牛"　新华社 图



မူလတန်းကျောင်းသားကျောင်းသူများက မုန်လာဥအစိမ်းအား စားခြင်းဖြင့် "နွေဦးအစကို ဆီးကြိုခြင်း"
小朋友吃生萝卜"咬春"　新华社 图

ယနေ့တွင် ကျေးရွာအများစုတွင် ဤဓလေ့ထုံးစံမရှိတော့ပါ။ စိုက်ပျိုးရေးထုတ်လုပ်မှုသည် သိပ္ပံနည်းပညာဖြစ်စဉ်များဖြစ်သွားပြီး နွေဦးရိုက်နှင့်သက်ဆိုင်သော နွေဦးနွားအက၊ နွေဦးနွားပျော်ပွဲ စသည့်ရိုးရာပွဲတော်များသည် ယင်းစုန်းနည်းလမ်းအဓိပ္ပါယ်မရှိတော့ဘဲ အနုပညာပုံစံတစ်မျိုးဖြစ်သွားပြီး အားလုံးကြည့်ရှုဖျော်ဖြေရန်အတွက်သာဖြစ်သွားပါတော့သည်။

နွေဦးကိုက်။ ။ရှေးတွင်ကျန်းမာရေးနည်းလမ်း ယနေ့တွင် ကျန်းမာရေးကျမ်း။

တရုတ်လူမျိုးများ၏ရိုးရာပွဲတော်ရက်များသည် အဓိကအစားအစာဖြစ်ပြီး ရာသီရက်များလည်းအတူတူဖြစ်သည်။ နွေဦးအစတွင်မုန်လာဥ၊ နွေဦးမုန့်၊ ကော်ပြန့်လိပ်များစားခြင်းကို နွေဦးကိုက်ဟု ပေါင်းချုပ်ခေါ်ဆိုခြင်းဖြစ်သည်။

ထန်အင်ပါရာခေတ်အစတွင် မုန့်နှင့်ဆလပ်ရွက်ကို ပန်းကန်ပြားပေါ်တွင် ခင်းခြင်းဖြင့်နွေဦးပန်းကန်ဟုခေါ်ပြီး စုန့်မင်းဆက်ခေတ်တွင်နွေဦးမုန့်ဟုပြောင်းလဲခေါ်ဝေါ်ကာ ယခုတွင်



ကော်ပြန့်ကြော်အစားပြိုင်ပွဲကျင်းပစဉ်
吃春卷比赛　新华社 图



ကွမ်စီး ယုန်ရွှေလူစိန်တူရိယာဖြင့် နွေဦးအစကို ဆီးကြိုစဉ်
广西融水芦笙踩堂闹立春　新华社 图

မုန့်အပါး၊ ကြာရွက်မုန့်ဟုလည်းခေါ်ကြသည်။ မင်၊ ချင်းမင်းဆက်ခေတ်တွင် မုန့်နှင့်ဆလပ်ရွက်အပြင်မုန်လာဥကို စားသောက်ခြင်းကို နွေဦးအိပ်ငိုက်ကို ဖြေပေးနိုင်သည်ဟုဆိုသည်။

ရှေးလူများသည်ကျန်းမာရေးအတွက်အစားအသောက်ဖြင့်ကုစားကြသည်။ နွေဦးကိုက်သည်မှာ ကျန်းမာရေးပင်ဖြစ်သည်။ နွေဦးကိုက်၏စားသောက်ကုန်များ ဥပမာ မုန်လာဥ၊ ကျူဝါ၊ ကျူမြိတ် စသည်တို့သည် အစပ်အရသာအနံ့ထွက်စားသောက်ကုန်များဖြစ်ပြီး အနံ့များပျံ့နှံ့စေနိုင်သောအာနိသင်များရှိကာ ရိုးရာကျန်းမာရေးအတွေးအခေါ်နှင့်ဆိုလျှင်တက်စာနှင့်အပူအားထိန်းပေးခြင်းများအတွက်အကျိုးရှိသည်ဟုဆို၏။

နွေဦးအစပြီးနောက်ရာသီဥတုသည် အေးရာမှနွေးထွေးလာကာရောဂါပိုးမွှားများလည်း ပိုမိုများပြားလာသည်။ ပူနွေးသောရောဂါအဆိပ်များစတင်လှုပ်ရှားခြင်းဖြင့် ယခုခေတ်ဆေးပညာအရပြောဆိုသော တုပ်ကွေး၊ ECM၊ ဝက်သက်၊ scarlet fever၊ နမိုးနီးယားစသည်တို့များပြားစွာ ဖြစ်ပေါ်လာတတ်သည်။ ရှေးလူများသည် စားသောက်ပိုင်းမှ ဂရုစိုက်သည် သာမကကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ခုခံအား တိုးမြှင့်ပေးခြင်းကိုလည်းအားပေးသည်။ ယင်းသည်နွေဦးပွဲ၏မူလရည်ရွယ်ချက်ပင်ဖြစ်သည်။



လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူလျက်နွေဦးရာသီလယ်ထွန်ရန် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်စဉ်
购农机 备春耕　新华社 图



နွေဦးကြို။ ။ကောင်းခြင်းဆုတောင်း ရှေးနှင့်ယခုခေတ်တစ်စိတ်တည်း။

အစပိုင်းက နွေဦးကြိုပွဲတော်သည် နိုင်ငံတော်ပွဲအခမ်းအနားအဓိကဖြစ်ပြီး နောက်ပိုင်းတွင်ပြည်သူများကကျင်းပသောပွဲတော်များဖြစ်သွားသည်။ ပြည်သူများကျင်းပသောပွဲတော်မှာပိုမိုလွယ်ကူပြီး ပိုမိုပျော်ရွှင်ဖွယ်ဖြစ်သည်။ ဥပမာ–နွေဦးမင်္ဂလာစာများကပ်ခြင်းဖြစ်သည်။

နွေဦးရောက်လာသော်အိမ်တံခါးနံရံများပေါ်တွင် နွေဦးမင်္ဂလာဆုတောင်းသည့်စာပန်းချီများချိတ်ကြသည်။ တစ်ချို့လူများသည်လည်း တံခါးဘောင်ပေါ်တွင် ဆုမွန်ကောင်းတောင်းသောစာကြောင်းလေးများကို ကပ်ထားကြသည်။ အကယ်၍ပန်းချီဆွဲတတ်သောသူများရှိလျှင်တံခါးဘောင်ပေါ်တွင် "ပန်းပွင့်ပုံ"ဆွဲတတ်ကြသည်။ တရုတ်နိုင်ငံကျန်နန်းဒေသများတွင် နွေဦးအစရက်တွင်တံခါးပေါ်တွင် "နွေဦးကြိုနွေဦးလာကံမြင့်ကြိုကံမြင့်လာ" စာလုံးများကပ်ထားကြသည်။

မည်သို့ဖြစ်စေမည်သည့်နေရာတွင် မဆိုနွေဦးအစပြီးနောက်ကောင်းမွန်အောင် လုပ်ဆောင်ပေးနေကြသည်။ ယခု



ညှော့်သည်များက "နွေရာသီမင်္ဂလာကြက်" များအား ရွေးချယ်ဝယ်ယူစဉ်
顾客在选购"春鸡"　新华社 图

တွင် စိုက်ပျိုးရေးခေတ်အတွေးအခေါ်များသည်သမိုင်းဖြစ်စဉ်များဖြစ်သွားပြီး စိုက်ပျိုးခေတ်၏ ဓလေ့ထုံးစံများသည်လည်း တစ်ဖြည်းဖြည်းပျောက်ကွယ်နေသည်။ သို့သော်နွေဦးအကြိုဆုတောင်းသောရည်ရွယ်ချက်ရှိနေသေးရာပြင်ပပုံစံများမှစိတ်တွင်းဆုတောင်းပုံစံအဖြစ်သို့ ပြောင်းလဲသွားခြင်းသာဖြစ်သည်။



နှစ်သစ်ကူးတွင် "ဆောင်းရာသီဟင်းများ" အား နေပူလှန်းစဉ်
新春晒"冬菜"　新华社 图

# “နိုင်ငံခြားကဖန်များ” သည် တရုတ်စားသောက်ဆိုင်များအား အကြိုက်တွေ့

## “洋粉丝”爱上中餐馆

围着大圆桌，捧着杯碗筷，家人之间觥筹交错，倾诉祝福。这样透着浓烈新年气氛的“团圆饭”吸引着越来越多的“洋粉丝”。在许多国家的新年“黄金周”，中式团圆饭正在成为一种时尚和潮流。

စားပွဲဝိုင်းကြီးကို ဝိုင်းပတ်လျက် ပန်းကန်လုံးများ၊ တူများနှင့် အရက်ခွက်များကို ကိုင်လျက်၊ မိသားစုဝင်များသည် အပြန်အလှန်ဆုတောင်းမေတ္တာပို့ကြပါသည်။ ယခုလို နှစ်သစ်ကူးအခြေအနေများအား အပြည့်အဝပြသသော “ထမင်းဝိုင်း” သည် လာလေများလေဖြစ်သော “နိုင်ငံခြားဖန်များ” စိတ်ဝင်စားလာအောင်စွမ်းဆောင်လျက်ရှိနေပါသည်။ များပြားလှသော နိုင်ငံများရှိ နှစ်သစ်ကူးပွဲတော်များတွင် တရုတ်ပုံစံဖြစ်သော ထမင်းဝိုင်းစားခြင်းသည် ခေတ်မီမှုတစ်မျိုးဖြစ်ပေါ်လာနေသည်ကို တွေ့ရှိရပါသည်။

အမေရိကန်ရှိ အကြီးမားဆုံးသော ထမင်းထုပ်ပို့ဆောင်ရေးကွန်ယက် Grubhub မှ နောက်ဆုံးရရှိသည့် စာရင်းများအရ၊ ထိုကွန်ယက်မှတဆင့် တရုတ်အစားအစာကို အော်ဒါပေးသူများသည် ခရစ္စမတ်ပွဲတော်ရောက်ခါနီးတွင် အများကြီးတိုးလာကြောင်းသိရှိရပါသည်။ ၂၀၁၄ ခုနှစ်ကို ဥပမာအဖြစ်ထားပါက၊ ခရစ္စမတ်ပွဲတော်အကြိုနေ့တွင် တရုတ်အစားအစာများအား အော်ဒါပေးသူများသည် ၅၁ ရာခိုင်နှုန်းအထိ လျင်မြန်စွာတိုးတက်လာပါသည်။ ခရစ္စမတ်ပွဲတော်နေ့တွင် တရုတ်အစားအစာများအား အော်ဒါပေးသူများသည် ၁၅၂ ရာခိုင်နှုန်းအထိတိုးတက်လာရာ၊ အမေရိကန်တစ်ပြည်လုံးရှိ တရုတ်စားသောက်ဆိုင်ပေါင်း ၅ သောင်းကျော်သည် လက်မလည်နိုင်လောက်အောင် အလုပ်များပြားနေပါသည်။



အင်ဒိုနီးရှားနိုင်ငံရှိဘန်ဒေါင်းတရုတ်စားသောက်ဆိုင်တွင် စားသောက်သူအလွန်များပြား၊ အရောင်းအဝယ်အလွန်ကောင်းလျက်
印尼万隆中餐馆生意红火　新华社 图


စားဖိုမှူးက အိန္ဒိယညေ့်သည်နှစ်ဦးအား တရုတ်အစားအစာများကို မိတ်ဆက်ပေးနေစဉ်
厨师向两名印度顾客介绍中餐菜肴　新华社 图

“ကမ္ဘာ့နေ့စဉ်သတင်းစာ” ၏တင်ပြချက်အရ ကနေဒါနိုင်ငံ Toronto မြို့ရှိ တရုတ်စားသောက်ဆိုင်များ၏ပွဲတော်နေ့အော်ဒါပေးအစီအစဉ်များသည် အလွန်များပြားပါသည်။ စားသောက်ဆိုင်ပိုင်ရှင်များသည် အဆက်မပြတ်ဝင်လာသော အိမ်တိုင်ရာရောက် အော်ဒါပေးဖုန်းပြောဆိုမှုကို နားထောင်ရမည့်အပြင် ထမင်းစားပွဲများအတွက်လည်း အော်ဒါပေးသူများကို ရှင်းပြလိုသည်မှာ ခရစ္စမတ်ပွဲတော်မတိုင်မီ အခန်းပြည့်အော်ဒါရပြီးသားဖြစ်သည့်အတွက် နေရာလွတ်မရှိတော့ပါကြောင်း ပြောကြားလိုပါသည်။ Scarborough Meilan Center ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်၏ပိုင်ရှင်ပြောကြားသည်မှာ တော်တော်များသောဖောက်သည်များသည် ခရစ္စမတ်ပွဲတော်မတိုင်မီနှစ်ရက်သုံးရက်ထက်ကြိုတင်၍ လာရောက်အော်ဒါပေးလျက်ရှိရာအခန်းအော်ဒါပေးမှုသည် နှစ်သစ်ကူးပြီးသောနောက်ပိုင်းအထိ ရောက်ရှိပါကြောင်းဖြင့် ပြောကြားပါသည်။

Berlin မြို့တွင် လာလေများလေရှိသောဂျာမနီလူမျိုးများသည် တရုတ်အစားအစာယဉ်ကျေးမှုများကို နှစ်သက်လာပါသည်။ တရုတ်အစားအစာသုံးဆောင်ခြင်းသည် သူတို့၏


Vancouver မြို့တွင် တရုတ်အစားအစာစားဖိုမှူးပညာရပ်ယှဉ်ပြိုင်ပွဲ ကျင်းပစဉ်
温哥华举办中餐大厨挑战赛　新华社 图



New Yorkမြို့ရှိ တရုတ်စားသောက်ဆိုင်များတွင် တရုတ်နှစ်သစ်ကူးပွဲတော်အတွင်း ထိုင်ခုံနေရာအလွတ်မရှိအောင် လာရောက်စားသောက်သူများပြားလှသည်
纽约中餐馆春节爆棚　cnsphoto

ဘဝအတွင်း မရှိမဖြစ်သည့် အစိတ်အပိုင်းဖြစ်လာပါသည်။ ခရစ္စမတ်ပွဲတော်အတွင်း Berlin မြို့ရှိတရုတ်စားသောက်ဆိုင်ပေါင်း ၄၀၀ ကျော်တို့သည် အရောင်းအလွန်ကောင်းလျက်ရှိရာ ခရစ္စမတ်ပွဲတော်အကြိုနေ့ညအစဉ်အလာရှိုင်နံကင်များကို အစားထိုးကာ ပေကျင်းဘဲကင်များသည် နှစ်သစ်ကူးကာလအတွင်း လူကြိုက်အများဆုံး ဟင်းပွဲတစ်ပွဲဖြစ်ကြောင်း သိရှိရပါသည်။ Alexanderplaza ရင်ပြင်ရှိတရုတ်စားသောက်ဆိုင်တစ်ဆိုင်၏ပိုင်ရှင်ဖြစ်သူ မစ္စတာချိန်က "ယခုနှစ်၏ခရစ္စမတ်ပွဲတော်အကြိုနေ့ညတွင် ထမင်းစားပွဲဝိုင်းတိုင်းက ဧည့်သည်များသည် ပေကျင်းဘဲကင်ကို အော်ဒါပေးခဲ့သည့်အတွက် ကျွန်တော်တို့၏ပေကျင်းဘဲကင်သည် အလွန်ရောင်းကောင်းပါသည်" ဟုပြောပြသည်။

အမေရိကန် "Times" ပတ်စဉ်ဂျာနယ်ပေါ်ပါသော ဆောင်းပါးတစ်ပုဒ်အရ စာရေးဆရာသည် "ခရစ္စမတ်ပွဲတော်အတွင်း ဝယ်ရမည့်ကုန်စည်များ၏စာရင်း" အရ နံပါတ် ၃ အထက်တွင် ရှိသောကုန်စည်အမည်များသည် ရုပ်ရှင်လက်မှတ်၊ တရုတ်အစားအစာများနှင့် champagne အရက်ဖြစ်ပါကြောင်းဖြင့် သိရှိရပါသည်။ ထိုဆောင်းပါးပါစာရင်းများအရ၊ ခရစ္စမတ်ပွဲတော်အတွင်း တရုတ်အစားအစာများသည် အမေရိကန်တွင် အရောင်းရဆုံးကုန်စည်ဖြစ်ပါကြောင်းဖြင့် ငြင်းစရာမရှိအောင် မှန်ကန်လှပါသည်ဟု ရေးသားဖော်ပြပါသည်။



အင်္ဂလန်နိုင်ငံကျောင်းသားကျောင်းသူများ တရုတ်အစားအစာများကို စားသုံးစဉ်
英国学生吃中餐　新华社 图

အရင်တုန်းက နိုင်ငံခြား၏ပွဲတော်များကို ကျင်းပသောအခါ အနောက်ပိုင်းတိုက်သားများ၏စားပွဲတွင် turkey၊ ငန်းကင်နှင့် ပူတင်စသောအစဉ်အလာအစားအစာများသာ ရှိပါသည်။ ယခုခေတ်တွင် တူညီသောပွဲတော်ကျင်းပသည့်အခါ အနောက်ပိုင်းတိုက်သားများ၏စားပွဲတွင် ကော်ပြန့်၊ ထမင်းကြော်နှင့်ချဉ်စပ်ဟင်းချိုများ စသည့်တရုတ်အစားအစာများ အပြည့်ရှိလာသည်ကို တွေ့ရှိရပါသည်။ တရုတ်အစားအစာများသည် မည့်သည့်အကြောင်းရင်းကြောင့် လူကြိုက်များသနည်း။

Sydney မြို့အနောက်မြောက်ပိုင်းရပ်ကွက်တွင် နေသောနီကယ်မော်ကိန်သည် တရုတ်အစားအစာများ၏အကြီးဆုံးသာလွန်ချက်သည် ရွေးချယ်ရန်အမျိုးအစားစုံလင်သည်၊ ရွေးနိုင်စရာဟင်းမျိုးများသည် အမျိုးအလွန်စုံလင်လျက်ရှိရာ အနောက်တိုင်းအစားအစာများထက် အများကြီးကျော်လွန်သည်၊ တရုတ်အစားအစာများသည် အရသာမျိုးစုံရှိပြီး ဟင်းတစ်ပွဲသည် အရသာတစ်မျိုးရှိလျက်၊ ပြောင်းလဲမှုအလွန်များပြားသည်၊ အရောင်ရောအရသာပါကောင်းမွန်ပြည့်စုံမှုရှိပါသည်ဟူ၍ဖြေကြားပါသည်။

မော်ကိန်းသည် တရုတ်အစားအစာများစားသုံးသောပုံစံကိုလည်းအလွန်နှစ်သက်ပါသည်။ ဟင်းပွဲတစ်ပွဲကို အားလုံးဝိုင်းဝန်းသုံးဆောင်လျက်ရှိရာ အလွန်စည်ကားပါသည်။ အနောက်တိုင်းအစားအစာများကို တစ်ယောက်တစ်ပွဲသုံးဆောင်သောအလေ့အထနှင့်နှိုင်းယှဉ်ပါက တရုတ်အစားအစာများအား စုပေါင်းသုံးဆောင်သောအခါ အပြန်အလှန်ဖလှယ်ရန် အဆင်ပြေသည့်အပြင် အစားအစာများမျိုးစုံပါဝင်သည့်အတွက်လည်း ပိုမိုမျှသစွာသုံးဆောင်နိုင်ကြောင်းဖြင့် မော်ကိန်းက ပြောကြားပါသည်။



COS TOUR COSMOPOLITAN TRAVEL
世邦旅運關係企業有限公司





ရန်ကုန်
နေပြည်တော်
ပီကင်း–ထျန်းကျင်း–(၆)ည(၈)ရက်
ပီကင်း–ထျန်းကျင်း–ချန်းဒယ်–(၆)ည(၈)ရက်
ချန်ဒူး–ကျိုကျိုက်ကုန်း– (၆)ည(၇)ရက်
ချန်ဒူး–ချုံကျင်း–ရိချန်–ယန်စီမြစ်ဝှမ်း– (၆)ည(၇)ရက်
ကူမင်း–တာ့လီ–လီကျန်း– (၆)ည(၇)ရက်
ကူမင်း–တာ့လီ–လီကျန်း–ရှန်ဂရီလာ–(၈)ည(၉)ရက်

NO.(36/38)6 floor,Room(502),Royal Myay Nu Comdo, Myay Nu St, Sanchaung Tsp, Yangon.
Tel:+95-1-525280 , 532440 , 2305824-5 . Fax: +95-1-525023 . Email : costour@myanmar.com.mm

# ၂၀၁၄ခုနှစ်တွင် တရုတ်နိုင်ငံရုပ်ရှင်လက်မှတ် ရောင်းရဝင်ငွေသည် ယွမ်ငွေပေါင်း ၂၉၆ ဘီလျံ ရှိလာ

## 2014 年中国电影总票房 296 亿元

新闻出版广电总局电影局近日通报，2014 年中国故事影片产量 618 部，同比减少 20 部；全国电影总票房 296.39 亿元，同比增长 36.15％，其中国产片票房 161.55 亿元，占总票房的 54.51％。

သတင်းပြန်ကြားရေးရုပ်သံလုပ်ငန်းဦးစီးဌာန၏ လတ်တလောစာရင်းအရ၊ ၂၀၁၄ခုနှစ်တွင် တရုတ်နိုင်ငံဇာတ်လမ်းရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်မှုအရေအတွက်သည်(၆၁၈)ကားရှိလျက် အလားတူကာလထက်(၂၀)ကားလျော့နည်းခဲ့ပါသည်။ တစ်ပြည်လုံးရုပ်ရှင်လက်မှတ်ရောင်းရဝင်ငွေသည် ယွမ်ငွေပေါင်း (၂၉၆.၆၃၉) ဘီလျံရှိလျက် အလားတူကာလထက် ၃၆.၁၅ ရာခိုင်နှုန်းအထိ တိုးတက်လာရာ တရုတ်ပြည်တွင်း ရိုက်ကူးသော ဇာတ်လမ်းတွဲရုပ်ရှင်ကားများလက်မှတ်ရောင်းရဝင်ငွေသည် ယွမ်ငွေပေါင်း(၁၆.၁၅၅)ဘီလျံရှိကာ ရုပ်ရှင်လက်မှတ်ရောင်းရဝင်ငွေစုစုပေါင်း၏ (၅၄.၅၁) ရာခိုင်နှုန်းပါဝင်ကြောင်း သတင်းရရှိပါသည်။

တစ်နှစ်လုံးအတွင်း ရုပ်ရှင်လက်မှတ်ရောင်းရဝင်ငွေယွမ်ငွေသန်းပေါင်း (၁၀၀)ထက်ကျော်လွန်သော ရုပ်ရှင်ကားများသည်(၆၆)ကားရှိရာ တရုတ်ပြည်တွင်း ရိုက်ကူးသော ရုပ်ရှင်ကားများသည်(၃၆)ကားပါဝင်ကြောင်း၊ ပြည်တွင်းတွင် ရိုက်ကူးထုတ်လုပ်သော ရုပ်ရှင်ကားများအား နိုင်ငံခြားတွင် ရောင်းချရသောဝင်ငွေသည် ယွမ်ငွေပေါင်း(၁.၈၇)ဘီလျံရှိလျက် အလားတူကာလထက် (၃၂.၂၅)ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ တစ်နှစ်ပတ်လုံးအတွင်း မြို့ပြရုပ်ရှင်ရုံအတွင်း ရှိပွဲကြည့်ပရိသတ်များသည် လူဦးရေသန်းပေါင်း (၈၃၀)ရှိလျက် အလားတူကာလထက် (၃၄.၅၂)ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်းသိရှိရပါသည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားမှ နာမည်ကျော်ကြားသောရုပ်ရှင်ကားများ တင်သွင်းလာမှု၊ အထူးသဖြင့် Holywood မှ ကြီးမားသော ဖိအားမှုများကို ရင်ဆိုင်လျက်ရှိနေရာ ပြည်တွင်းရိုက်ကူးထုတ်လုပ်သော ရုပ်ရှင်ကားများသည် အရေအတွက်နည်းအောင်၊ အရည်အသွေးကောင်းအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ တီထွင်ဆန်းသစ်မှုများ စဉ်ဆက်မပြတ်ရှိအောင် ကြိုးပမ်းအားထုတ်ခြင်းဖြင့် ပုံစံမျိုးစုံဖြစ်သောရုပ်ရှင်ကားများအား ရိုက်ကူးထုတ်လုပ်လျက်ရှိရာ ဈေးကွက်နှင့် ပရိသတ်များ၏ ချီးကြူးနှစ်သက်မှုကို ရရှိခဲ့သည့်အတွက် ၅၄ ရာခိုင်နှုန်းရှိသော အဓိကဈေးကွက်ပိုင်ဆိုင်မှုကို ရရှိနိုင်အောင်ကြိုးပမ်း စွမ်းဆောင်ခဲ့ပါသည်။ “Taking Tiger Montain By Strategy” ၊ “Return” နှင့် “My dear” စသောထူးချွန်သည့် ဇာတ်လမ်းတွဲကားများသည် အဆက်မပြတ်ပေါ်ထွန်းလာခဲ့ပါသည်။ တစ်ချိန်တည်းတွင် လူငယ်အယ်ဒီတာများက ရိုက်ကူးထုတ်လုပ်သော ရုပ်ရှင်ကားများသည် လူမှုအဖွဲ့အစည်းများ၏ကျယ်ပြန့်စွာစိတ်ဝင်စားမှုရှိအောင် အခြေအနေကို ဖန်တီးနိုင်ခဲ့ပါသည်။

ရုပ်ရှင်ကားလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံတစ်ယောက်၏ပြောဆိုချက်အရ တရုတ်နိုင်ငံဇာတ်လမ်းတွဲရုပ်ရှင်ကားများ ရိုက်ကူးရေးလုပ်ငန်းသည် ပြည်သူများကို ဗဟိုအဖြစ်ထားသော ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထူးချွန်၍ အဆင့်အတန်းမြင့်သော ဇာတ်လမ်းတွဲများစွာ ရိုက်ကူးထုတ်လုပ်နိုင်ရန်၊ ရုပ်ရှင်ဈေးကွက်များ ရှင်သန်တိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်ရန်တို့အတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိရာ၊ တရုတ်နိုင်ငံနှင့် စပ်လျဉ်းသောဇာတ်လမ်းတွဲ၊ တရုတ်စိတ်ဓါတ်ကို ပြန့်ပွားလာအောင် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ ဇာတ်လမ်းတွဲ၊ မှန်ကန်မှုနှင့် တရားမျှတမှုများပြည့်စုံသော ဇာတ်လမ်းတွဲများကို ရိုက်ကူးထုတ်လုပ်ခြင်းသည် တရုတ်နိုင်ငံ၏ဇာတ်လမ်းတွဲများအား ရိုက်ကူးထုတ်လုပ်ရန်တွန်းအားဖြစ်ပေါ်လာအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ရုပ်ရှင်ရုံများတည်ဆောက်ရေးလုပ်ငန်းသည် အရှိန်မြန်စွာတိုးတက်အားကောင်းလာလျက်ရှိရာ တစ်နှစ်လုံးအတွင်း ရုပ်ရှင်ရုံအသစ်များသည် ၁၀၁၅ ရုံတိုးလာခဲ့ရာ ရုပ်ရှင်ပြရန် ပိတ်ကားပေါင်း (၅၃၉၇) ခု တိုးတက်လာလျက်




ရုပ်ရှင်ကား “Return” ဆိုင်ရာပိုစတာ
电影《归来》海报 cfp 图

နေ့စဉ်(၁၅)ခု တိုးတက်လာနေပါသည်။ မျက်မှောက်ကာလတွင် တစ်ပြည်လုံးရှိရုပ်ရှင်ပြသော ပိတ်ကား(screen)ပေါင်း (၂၃၆၀၀)ခုရှိလာပါသည်။

တရုတ်ရုပ်ရှင်လုပ်ငန်းများ လျင်မြန်စွာတိုးတက်လာခြင်းသည် တကမ္ဘာလုံးက ရုပ်ရှင်လုပ်ငန်းနယ်ပယ်ရှိ စိတ်ဝင်စားလာမှုကို စွမ်းဆောင်နိုင်ခဲ့ပါသည်။ အမေရိကန်နိုင်ငံ ရုပ်ရှင်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ Christopher Dodd က တရုတ်နိုင်ငံရုပ်ရှင်ဈေးကွက်၏တိုးတက်မှုအရှိန်ကို အလွန်အံ့ဩမိပါကြောင်းဖြင့်ပြောကြားခဲ့ရာ တရုတ်ပြည်တွင်း ရုပ်ရှင်ကားများရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၏ အောင်မြင်မှုကို “တရုတ်နိုင်ငံသည် ကမ္ဘာကြီးအား မိမိနိုင်ငံနှင့်စပ်လျဉ်းသောပုံပြင်များကို ပြောပြနိုင်ခြင်း၊ မိမိနိုင်ငံ၏ကုန်တံဆိပ်များ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် လူငယ်ဒါရိုက်တာများ ပေါ်ထွန်းလာခဲ့ခြင်းများ၏ကျေးဇူးများကြောင့် ဖြစ်ကြောင်းသုံးသပ်ထားပါသည်။

ခုခေတ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာကြီး၏ ဒုတိယအကြီးဆုံးရုပ်ရှင်ဈေးကွက်ဖြစ်ပါကြောင်း၊ မြောက်အမေရိကန်ဈေးကွက်နှင့် ကွာခြားချက်များနည်းလာအောင် အဆက်မပြတ်ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။ ရရှိထားသောစာရင်းများအရ ၂၀၁၀ပြည့်နှစ်တွင် တရုတ်နိုင်ငံရုပ်ရှင်ဈေးကွက်သည် ယွမ်ငွေ(၁၀)ဘီလျံ ရရှိရာမှ ယွမ်ငွေ(၂၀)ဘီလျံ အထိ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သည့်ကာလသည် ၃ နှစ်သာရှိပါကြောင်း၊ လောလောဆယ်ရှိသော ယွမ်ငွေပေါင်း ၃၀ ဘီလျံ နီးပါးရရှိရန်အတွက် တစ်နှစ်အတွင်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် သိရှိခဲ့ပါသည်။

ပညာရှင်များ၏သုံးသပ်ချက်များအရ ရုပ်ရှင်လက်မှတ်ရောင်းရဝင်ငွေအခြေအနေများသည် ရုပ်ရှင်ယဉ်ကျေးမှုလုပ်ငန်းတစ်ခုလုံး၏ လက်တွေ့လုပ်ငန်းအခြေအနေနှင့် အဆင့်အတန်းများကို ပြည့်စုံအောင်ဖော်ပြရန် ဖြစ်နိုင်ခြေ မရှိသေးသော်လည်းဘဲ၊ တရုတ်နိုင်ငံရုပ်ရှင်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရန်၊ ပိုမိုများပြားသောပရိသတ်များအား ဆွဲဆောင်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်းရိုက်ကူးထုတ်လုပ်သော ရုပ်ရှင်းများ၏ ဈေးကွက်ပါဝင်မှု ပိုမိုများပြားလာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့သည် တစ်နေ့တစ်ခြားပွင့်လင်းမြင်သာမှုရှိသော ဈေးကွက်ယှဉ်ပြိုင်မှုများအတွင်း တရုတ်နိုင်ငံ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၏ ဦးဆောင်အခန်းကဏ္ဍမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်စေရေးတို့အတွက် အလွန်အရေးကြီးပါကြောင်းဖြင့် သုံးသပ်ပြောဆိုခဲ့ကြပါသည်။

# rarEiaom w½wc&;pO

## 难忘的中国之行

我来自法国，2013年去中国留学，对中国的印象很好。我要说中国是一个很好的国家，绝大多数中国人都很友好。尽管有一些人的生活水平不高，可是他们总是看起来很高兴。我对自己在中国度过的一年非常满意，要是有机会我希望再去中国。

ကျွန်တော်သည် ပြင်သစ်နိုင်ငံမှ ရောက်ရှိလာခြင်းဖြစ်ပေရာ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပညာတော်သင်အဖြစ်ဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည့်အတွက် တရုတ်နိုင်ငံအပေါ် အလွန်အမြင်ကောင်းကြောင်း ပြောပြလိုပါသည်။ တရုတ်နိုင်ငံသည် အလွန်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နေရာအသီးသီး၏ အခြေအနေများသည် မတူခြားနားချက်များစွာရှိသည်ကို တွေ့ရှိနိုင်ပေသည်။ တရုတ်နိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ရှုခင်းလှနေရာများသည် များစွာရှိသည်ကို လေ့လာရရှိခဲ့ပါသည်။ ဥပမာ၊ မဟာတံတားကြီးနှင့် ရှေးဟောင်းနန်းတော်များရှိပါသည်။ ကျွန်တော်သည် ပေကျင်းမြို့ကို သွားရောက်လေ့လာခဲ့ရာ ထျန်အန်မိန်းရင်ပြင်ကြီးနှင့် ခန့်ညားကြီးမြင့်သော မဟာတံတားကြီးများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ကျွန်တော်သည် ရှန်ဟဲးမြို့ကိုလည်း သွားရောက်လေ့လာခဲ့ရာ ရှန်ဟဲးမြို့သည် ဥရောပနိုင်ငံရှိမြို့များနှင့်အလွန်တူညီမှုရှိပါကြောင်း၊ လူဦးရေအင်မတန်များပြားလျက်၊ ရှန်ဟဲးစကားကို နားလည်ရန် အလွန်ခက်ခဲပါကြောင်းဖြင့် တွေ့ရှိခဲ့ပါသည်။ ကျွန်တော်သည် စီချွန်းချိန်တူးမြို့၊ အယ်လ်မေရှန်းတောင်၊ ယူနန်ပြည်နယ်ရှိ လီကျန်းမြို့၊ ကွမ်စီပြည်နယ်ရှိကွေလင်းမြို့၊ ဟူထျောက်ရှားလျှိုမြောင် ဟုခေါ်တွင်သောရှုခင်းအလှနေရာများကို သွားရောက်လှည့်လည်ခဲ့ပေရာ ကွန်တုံးပြည်နယ်ကိုလည်း သွားရောက်လေ့လာခဲ့သည့်အတွက် ကျွန်တော်အမြဲသတိရသည်မှာ လီကျန်းမြို့နှင့် ဟူထျောက်ရှားဟုခေါ်တွင်သော ရှုခင်းအလှနေရာများဖြစ်ပါသည်။ ဟူထျောက်ရှားဟုခေါ်တွင်သော ရှုခင်းလှနေရာသည် ခန့်ညားကြီးမြင့်ရှိလျက်အေးချမ်းသာယာမှုလည်းပြည့်စုံပါကြောင်း၊ လီကျန်းမြို့သည် လှပသောရှေးဟောင်းမြို့တစ်မြို့ဖြစ်ပါလျက်အေးချမ်းမှုရှိကာကမ္ဘာလှည့်ခရီးသည်များအလွန်များပြားသည့်မြို့တစ်မြို့ဖြစ်ပါကြောင်းဖြင့် လေ့လာတွေ့ရှိနိုင်ပေသည်။

လှည့်လည်ရေးခရီးစဉ်အတွင်း ကျွန်တော်သည် အတော်များပြားသူများကို ကြုံတွေ့ခဲ့ပေရာ သူတို့သည် ကျွန်တော့်ကို အကူအညီများစွာပေးခဲ့ပါသည်။ တစ်ချို့တရုတ်လူမျိုးသည် အလွန်ထူးဆန်းလျက်၊ ကျွန်တော့်ကို ဘာကြောင့်တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်သည့်အကြောင်း၊ ဘယ်ကလာသည့်အကြောင်းများအစရှိသည်ကို မေးမြန်းခဲ့ပါသည်။ ကြည်နန်းမြို့တွင်လှည့်လည်ကြည့်ရှုသောကာလအတွင်း တရုတ်ကျောင်းသားကျောင်းသူများသည် ကျွန်တော့်အပေါ်အလွန်သဘောကောင်းထားလျက် ကျွန်တော်တို့သည် အမြဲအဖော်အနေဖြင့် သွားရောက်လှည့်လည်ခဲ့ပါကြောင်း ပြောကြားလိုပါသည်။ အတော်များပြားသည့်တရုတ်လူမျိုးသည် ပြင်သစ်နိုင်ငံကို နှစ်သက်ပါကြောင်း၊ တစ်ချို့သည် အင်္ဂလိပ်စကားကို သိပ်မပြောတတ်သော်လည်းဘဲ ပြင်သစ်စကားပြောတတ်ပါကြောင်း ကျွန်တော်က လေ့လာတွေ့ရှိခဲ့ပါသည်။

တရုတ်နိုင်ငံ၏မြောက်ပိုင်းဒေသတွင် နွေရာသီသည် သိပ်မပူသော်လည်း ဆောင်းရာသီတွင် အလွန်အေးပါသည်။ ကြည်နန်းမြို့ နွေရာသီသည် အလွန်ပူလျက် ဆောင်းရာသီသည် သိပ်မအေးကြောင်း တွေ့မြင်နိုင်ပါသည်။ တရုတ်နိုင်ငံ၏ တောင်ပိုင်းဒေသတွင် အပူဓာတ်ငွေ့ ဖွင့်မပေးသည့်အတွက် ဆောင်းရာသီတွင် အေး၍ နွေရာသီတွင် အလွန်ပူကြောင်းခံစားရပါသည်။ တရုတ်နိုင်ငံရှိ အပူဆုံးမြို့(၃)မြို့စလုံးဖြစ်သည့် ချုံချင့်မြို့၊ ဝူဟန့်မြို့နှင့် နန်ကျင်းမြို့(၃)မြို့စလုံးသည် တရုတ်နိုင်ငံ၏ တောင်ပိုင်းဒေသတွင် တည်ရှိကြောင်းသိရှိခဲ့ပါသည်။

ကျွန်တော်သည် တရုတ်စကားကို ပိုမိုကောင်းမွန်စွာသင်ယူလေ့လာခဲ့သောအခါတွင် တရုတ်တိုင်းရင်းဆေးပညာရပ်ကို ဆည်းပူးလေ့လာရန် လိုအင်ဆန္ဒရှိလာပါသည်။ တရုတ်ယဉ်ကျေးမှုနှင့် ပြင်သစ်ယဉ်ကျေးမှုများသည် မတူခြားနားချက်ရှိပါကြောင်းတွေ့ရှိနိုင်ပေသည်။ ကျွန်တော်သည် အသက်အလွန်ငယ်သည့်အချိန်မှစတင်လျက် တရုတ်နိုင်ငံအကြောင်းအားစိတ်ဝင်စားမှုရှိလာခဲ့ခြင်းဖြစ်ပါသည်။ တရုတ်တိုင်းရင်းဆေးပညာရပ်များကို ဆည်းပူးလေ့လာမှုပြုလုပ်မည့်အပြင် တရုတ်လက်ဖက်ခြောက် ဆိုင်ရာယဉ်ကျေးမှုကိုလည်း လေ့လာရန်စိတ်ဝင်စားလျက်ရှိရာ ယခုလိုယဉ်ကျေးမှုကို လေ့လာခြင်းဖြင့် မိမိ၏အပြောအဆိုရော အပြုအမူပါပိုမိုယဉ်ကျေးမှုရှိလာအောင်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ကျွန်တော်က မျှော်လင့်ရှိပါသည်။

နောက်ဆုံးပြောကြားလိုသည်မှာ တရုတ်နိုင်ငံသည် အလွန်ကောင်းမွန်သောနိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်ပြည်သူအများစုသည် အလွန်သဘောထားကောင်းကြောင်း၊ တစ်ချို့တရုတ်လူမျိုးများ၏ ဘဝအဆင့်အတန်းသည် သိပ်မမြင့်သော်လည်း အမြဲပျော်ရွှင်မှုရှိပါကြောင်း ကျွန်တော်က လေ့လာရရှိခဲ့ပါသည်။ ကျွန်တော်သည် တရုတ်နိုင်ငံတွင် နေထိုင်ခဲ့သောတစ်နှစ်ကြာကာလအတွက် အလွန်ကျေနပ်မှုရှိပါကြောင်း၊ အခွင့်အရေးကြုံပါက ကျွန်တော်သည် တရုတ်နိုင်ငံသို့ နောက်ထပ်တစ်ကြိမ်လာရောက်လေ့လာရန် လိုအင်ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားရင်း နိဂုံးချုပ်ပါသည်။



ဟူထျောက်ရှာလျှိုမြောင်ရှိရှုခင်းအလှသည် ပန်းချီကားနှင့်တူအောင်လှပပါသည်
虎跳峡风景如画　cfp 图

文/陆 蕊　图/柳 杰

听语音请登陆：တရုတ်ဘာသာအသံထွက်နားဆင်ရန် http://mm.rivermk.com/xhy/leoxhy08.html

# ရိက္ခာကြမ်း(၅)မျိုးစားသုံးလျှင်ကိုယ်ခန္ဓာကျန်းမာလာမည်

wǔ gǔ zá liáng　chī chū lái de jiàn kāng

## 五谷杂粮——吃出来的健康

qíng jǐng duì huà

### 情 景 对 话：

အပြန်အလှန်စကားပြောခြင်း။

xiàn dài rén de shēng huó shuǐ píng tí gāo le　cān zhuō shàng de cài

A: 现代人的生活水平提高了，餐桌上的菜

yáo yě fēng fù le

看也丰富了。

အခုခေတ်လူတွေလူနေမှုအဆင့်အတန်းမြင့်မားလာတယ်။ စားပွဲပေါ်က ဟင်းလျာတွေလည်း ပေါများကြွယ်ဝလာနေတယ်လေ။

shì ya　wǒ men duō bàn chī jīng liáng cài yáo lǐ de yóu　tiáo wèi

B: 是呀，我们多半吃精粮，菜肴里的油、调味

liào yě bǐ jiào duō

料也比较多。

ဟုတ်တယ်လေ။ ကျနော်တို့အများအားဖြင့် ရိက္ခာအကောင်းစားတွေပဲစားသုံးကြတယ်။ ဟင်းလျာထဲက ဆီတို့၊ ဟင်းခတ်အမွှေးအကြိုင်တို့လည်း တအားသုံးနေတယ်လေ။

zhè yàng chī bìng bú jiàn kāng

A: 这样吃并不健康！

အဲ့တွေစားနေရင် ကျန်းမာရေးအတွက် မကောင်းဘူးလေ။

duì　wǒ men yīng gāi duō chī wǔ gǔ zá liáng　kē xué dā pèi yíng yǎng

B: 对，我们应该多吃五谷杂粮，科学搭配、营养

pèi cān

配餐。

ဟုတ်တာပေါ့။ တကယ်တော့ကျနော်တို့ဟာ ရိက္ခာကြမ်းတွေကို သိပ္ပံနည်းလမ်းတကျ အာဟာရဖြစ်စားသုံးသင့်တယ်လေ။

nǐ gěi dà jiā zhī jǐ zhāo

A: 你给大家支几招？

လုပ်ပါအုံး။ တစ်ကွက်နှစ်ကွက်လောက်လမ်းညွှန်ပြလိုက်ပါအုံး။

wǒ jiù jiè shào jǐ zhǒng cū liáng de zuò fǎ　nǐ kě yǐ shì yī shì

B: 我就介绍几种粗粮的做法，你可以试一试。

ကျနော်က ရိက္ခာကြမ်းလုပ်နည်းတချို့ကိုတော့ မိတ်ဆက်ပေးမယ်လေ။ မင်းလဲစမ်းကြည့်ပေါ့။

děng yí xià　wǒ qù qǔ zhǐ hé bǐ

A: 等一下，我去取纸和笔。

နေအုံး။ စာရွက်နဲ့ခဲတံယူလိုက်အုံးမယ်။

gāo liáng diǎn xīn　bǎ gāo liáng mǐ mó chéng fěn jiā rù pào dǎ fěn

B: 高粱点心，把高粱米磨成粉加入泡打粉、

bái táng　jī dàn hé shì liàng shuǐ tiáo dào nián chóu　róu chéng miàn

白糖、鸡蛋和适量水调到黏稠，揉成面

tuán zhēng shú　xià yóu guō shāo zhà　sǎ shàng zhī má jí kě

团，蒸熟，下油锅稍炸，撒上芝麻即可。

တရုတ်နှံစားပြောင်းနဲ့မုန့်လုပ်နည်းလေ။ နှံစားပြောင်းကို အမှုန့်ဖြစ်အောင်အရင်ဆုံးကြိတ်ရတယ်။ ပြီးတော့အဲဒီအမှုန့်ထဲဆိုဒါမှုန့်၊ သကြား၊ ကြက်ဥထည့်ပြီး သင့်တော်တဲ့ရေနဲ့ပျစ်နေအောင်မွှေပေးရတယ်။ ပြီးတော့အလုံးဖြစ်အောင်နယ်။ ကျက်အောင်ပေါင်းပေး။ ပြီးတော့ဆီနဲ့အနဲငယ်ကြော်ရတယ်။ နောက်ဆုံးနှမ်းဖြူးပြီးရင်ရပြီလေ။

gāo liáng bā duì yú wèi cháng gōng néng luè chà de rén lái shuō bù

A: 高粱粑对于胃肠功能略差的人来说不

hǎo xiāo huà　yě kě yǐ zuò chéng gāo liáng gēng

好消化，也可以做成高粱羹。

တရုတ်နှံစားပြောင်းဟာ အစာအိမ်နဲ့အူလမ်းကြောင်း သိပ်မကောင်းတဲ့လူတွေအတွက် အစာမကြေလွယ်ဘူးလေ။ ဒါကြောင့် တရုတ်နှံစားပြောင်းဟင်းရည်အနေနဲ့လဲလုပ်လို့ရသေးတယ်လေ။

qiáo mài miàn tiáo shì hé ér tóng　qí zhōng de lài ān suān hé jīng ān

B: 荞麦面条适合儿童，其中的赖氨酸和精氨

suān néng cù jìn hái zi chéng zhǎng

酸能促进孩子成长。

ပန်းဂျုံခေါက်ဆွဲကျတော့ ကလေးတွေနဲ့ကိုက်တယ်လေ။ အဲဒီထဲမှာပါတဲ့ Lysine and arginine တို့ဟာ ကလေးတွေကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားခြင်းကို ကူညီပံ့ပိုးပေးနိုင်တယ်။

qiáo mài miàn tiáo bú shì hé zǎo cān hé wǎn cān　bù róng yì xiāo

A: 荞麦面条不适合早餐和晚餐，不容易消

huà　měi cì bù yīng shí yòng guò duō　shì liàng zuì hǎo

化，每次不应食用过多，适量最好。

ပန်းဂျုံဟာ နံနက်စာနဲ့ညစာအတွက်တော့မသင့်တော်ဖူး။ အစာမကြေလို့လေ။ တခါစားရင်လည်းအများကြီးမစားသင့်ဘူး။ အနေတော်လောက်ပဲကောင်းတယ်။

yàn mài bā bǎo fàn　bǎ yàn mài　hēi nuò mǐ　cāo mǐ　dà dòu huáng

B: 燕麦八宝饭，把燕麦、黑糯米、糙米、大豆、黄

dòu lián zǐ　yì mǐ　hóng dòu děng jiā shuǐ jìn pào yī gè xiǎo shí　zài

豆、莲子、薏米、红豆等加水浸泡一个小时，再

zhǔ shú jiù hǎo le　lǐ miàn chōng zú de shí wù shàn shí xiān wéi

煮熟就好了，里面充足的食物膳食纤维

hé tàn shuǐ huà hé wù　shì hé zuò wéi zhǔ shí

和碳水化合物，适合作为主食。

အုတ်ဂျုံပဲ့ပေါင်းထမင်း။ အုတ်ဂျုံကို ကောက်ညှင်းငချိပ်၊ ဆန်ကြမ်း၊ ပဲသီး၊ ပဲဝါ၊ ကြာဖူး၊ ကျိတ်၊ ပဲနီ စတာတွေနဲ့ရောပြီး (၁)နာရီလောက်ရေစိမ်ထားပါ။ ပြီးရင်ချက်ပြုတ်လိုက်ရင်ရပါပြီ။ ထိုအထဲမှာ Dietary fibre အမျှင်များပါဝင်နေပြီး carbohydrate များလည်း ပြည့်ဝစွာပါဝင်နေပါတယ်။ ပင်မရိက္ခာအစားအစာအနေနဲ့စားသုံးသင့်ပါတယ်။

yàn mài hái kě yǐ yòng niú nǎi chōng pào zhe chī　yě bú cuò

A: 燕麦还可以用牛奶冲泡着吃，也不错！

အုတ်ဂျုံကို နွားနို့နဲ့မွှေသောက်လို့ရတယ်လေ။ မဆိုးပါဘူး။

nuò mǐ　yì mǐ　lián zǐ cū fěn　shān yào cū fěn　qiàn shí mǐ　fú líng

B: 糯米、薏米、莲子粗粉、山药粗粉、芡实米、茯苓

cū fěn　jiǔ niàng qǔ shì liàng hùn hé zài yī qǐ　fàng rù táng cí pén

粗粉、酒酿曲适量混合在一起，放入搪瓷盆

zhōng jiǎo yún　jiā shuǐ shì liàng zhēng xiǎo shí　fàng lěng　bàn rù

中搅匀，加水适量，蒸1小时，放冷，拌入

jiǔ niàng qǔ　fàng zài yuē　de huán jìng zhōng yuē　xiǎo shí

酒酿曲，放在约25℃的环境中，约36～48小时，

jí fā jiào chéng wéi jiǔ niàng

即发酵成为酒酿。

ကောက်ညှင်း၊ ကျိတ်၊ ကြာဖူးအမှုန့်၊ ပီလောပီနံမှုန့်၊ ဆန်ကြမ်း၊ စိန်နဘော်မှုန့်၊ စတာတွေကို သင့်တော်တဲ့ပမာဏအလိုက်ရောနှောကာမွှေပေးပါ။ ရေအတော်အသင့်ထည့်ပြီး (၁)နာရီခန့်ကျိုပေးပါ။ အရက်တဆေးဖြင့်ရောနှောပြီး ၂၅ ℃ အပူချိန်ရှိသောပတ်ဝန်းကျင်မှာ (၃၆-၄၈)နာရီခန့်ထားပေးပါ။ ကဆော်တိုက် ခြင်းဖြင့်အရက်ပျိုး ရရှိနိုင်ပါတယ်။

jiǔ niàng kě yǐ zài zhōng wǔ hé wǎn shàng fú yòng　bú dàn bāng zhù xiāo

A: 酒酿可以在中午和晚上服用，不但帮助消

huà　ér qiě zhèn jìng ān shén

化，而且镇静安神。

အရက်ပျိုးကိုနေ့လယ်နဲ့ညမှာသုံးဆောင်နိုင်ပါတယ်။ အစာကြေနိုင်တဲ့အပြင်ဘဝင်ငြိမ်စေနိုင်တယ်လေ။

bǎ jī tuǐ　fān qié yǔ yì mǐ yī qǐ dùn zhǔ　bú dàn róng yì xiāo huà

B: 把鸡腿、番茄与薏米一起炖煮，不但容易消化，

ér qiě néng qǐ dào fēi cháng hǎo de zī bǔ xiào guǒ

而且能起到非常好的滋补效果。

ကြက်ပေါင်၊ ခရမ်းချဉ်သီးနဲ့ကျိတ်တွေကိုရောပြီး ပြုတ်ကျိုရင်အစာကြေနိုင်တဲ့အပြင်အာဟာရလည်း အတော်ဖြစ်တယ်လေ။

yì mǐ bù róng yì xiāo huà　yào shì liàng　bú yào duō chī

A: 薏米不容易消化，要适量，不要多吃。

ကျိတ်ကအစာမကြေလွယ်ဘူးလေ။ အနေတော်လောက်ပဲစားပါ။ အများကြီးမစားသင့်ဘူး။

bǎ cāo mǐ jìn pào　fèn zhōng zuǒ yòu　zhǔ chéng zhōu　cāo mǐ zhōu

B: 把糙米浸泡30分钟左右，煮成粥。糙米粥

néng cì jī wèi yè de fèn mì　yǒu zhù yú xiāo huà hé yíng yǎng de

能刺激胃液的分泌，有助于消化和营养的

xī shōu

吸收。

ဆန်းကြမ်းကို (၃၀)မိနစ်ခန့်ရေစိမ်ပါ။ ဆန်ပြုတ်ဖြစ်အောင်ကျိုပါ။ ဆန်ကြမ်းဆန်ပြုတ်ဟာအစာအိမ်ရဲ့အစာချေအရည်တွေကို စိမ့်ထွက်ပေးဖို့နှိုးဆွပေးတယ်လေ။ အစာချေခြင်းနဲ့ အဟာရစုပ်ယူခြင်းတို့ကိုအားပေးနိုင်တယ်။

táng niào bìng huàn zhě zuì hǎo bú yào zhí jiē hē zhè zhǒng cāo mǐ bái

A: 糖尿病患者最好不要直接喝这种糙米白

zhōu　fǒu zé kě néng huì yǐn qǐ xuè táng de tū rán zēng gāo

粥，否则可能会引起血糖的突然增高。

ဆီးချိုရောဂါသည်တွေအတွက် အကောင်းဆုံးကတော့ ဒီလိုဆန်ကြမ်းဆန်ပြုတ်ကိုတိုက်ရိုက်မသောက်သင့်ပါဘူး။ သို့မဟုတ်ရင် ဆီးချိုရုတ်တရက်တက်တတ်တယ်လေ။

zài píng cháng de yǐn shí zhōng　wǒ men yī dìng yào cū xì dā pèi

B: 在平常的饮食中，我们一定要粗细搭配，

hé lǐ shàn shí　cái néng chī chū jiàn kāng

合理膳食，才能吃出健康！

သာမန်အစားအသောက်တွေမှာ ဆန်နဲ့ဆန်ကြမ်းအဆင်ပြေသလိုတွဲပေးရတယ်။ ဒါမှကျန်းမာရေးနဲ့ ကိုက်ညီမှာပါ။

jì xià le　huí qù yī yī shì lái

A: 记下了，回去一一试来。

မှတ်မိပါပြီ။ အိမ်ပြန်ရင်တစ်ခုချင်းစမ်းကြည့်ပါ့မယ်။

zán men qù zhǔn bèi shí cái ba

B: 咱们去准备食材吧！

ကဲ။ ဒို့ပြန်ပြီး ပြင်ဆင်ကြရအောင်လေ။



# တရုတ်မြန်မာနှစ်ဘာသာဆင်တူယိုးမှားစကားပုံနှင့်ဆိုရိုးစကားများ(၁၁)

## 汉缅成语对照（11）

林荣孚 选编　　丹 青 审校

227. 为虎添翼

替虎加翅膀。比喻助长恶人的势力。也作“为虎傅翼”。

အဆိပ်ပင် ရေလောင်း။

အဆိပ်ပင်ကို ရှင်သန်အောင် ရေလောင်းသကဲ့သို့ ဒုက္ခပေးမည့်သူကို အားပေးချီးမြှောက်သည်။

228. 为虎作伥

伥:鬼。古代迷信传说:人被老虎吃后，变成为伥鬼，又去引诱人来给老虎吃。

后用以比喻帮助恶人干坏事。

也作“为虎傅翼”。

သူခိုးဓားရိုးကမ်း။

သူခိုးဓားရိုးကမ်းသည့်သူကဲ့သို့ မိမိဘက်ကို သစ္စာဖောက်၍ ရန်သူကိုအားပေးကူညီသည်။

229. 惟命是听

一切听从命令，表示绝对服从。又作“惟命是从”。

ဖောင်းတော်ညိတ် စိတ်တော်သိ။

ရှင်ဘုရင် ဖောင်းတော်ညိတ်ရုံမျှဖြင့် ဘုရင့်အလိုတော်ကို သိသကဲ့သို့ လူကြီးသူကြီးတို့အရိပ်အကဲ ပြရုံမျှဖြင့် ဆိုလိုသည်ကို သိသည်။

ဖောင်းတော် = ရှင်ဘုရင်ပေါင်းသည့်ခေါင်းပေါင်း။

230. 我行我素

我照我平素的做法去做。不管别人怎样，我还是按我的做法去做。

也有指听不进意见，一意孤行。

ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက်။

ကိုယ့်မြင်းနှင့်ကိုယ်စိုင်းရာတွင် စစ်ကိုင်းသို့ပင်ရောက်ရောက်၊ မည်သည့်နေရာသို့ ရောက်ရောက်မမှုသကဲ့သို့ မိမိလုပ်လိုရာကို ဖြစ်ချင်ရာဖြစ် တစ်ဇွတ်ထိုးပြုလုပ်သည်။

(ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့မြင်းငါစိုင်း ညောင်ကိုင်းရောက်ရောက်–နှင့်အတူတူ။)

231. 无济于事

常说:杯水车薪，无济于事。指不顶事，不解决问题。

杯水车薪：用一杯水救一车着火的柴草。

又说：杯水救薪。

ဆင့်ပါးစပ် နှမ်းပက်။

ဆင်ကောင်ကြီးပါးစပ်အတွင်း နှမ်းစေ့အနည်းငယ်သာ ပက်ကျွေးနေသကဲ့သို့ အမြောက်အမြားလိုအပ်ရာတွင် မစို့မပို့သာပံ့ပိုးသည်။

232. 无巧不成书

没有巧合的情节，就不能构成长篇的故事。比喻事情非常凑巧。

ထန်းသီးကြွေခိုက်၊ ကျီးပျံခိုက်။

ကျီးပျံလာစဉ် ထန်းသီးကြွေကျသည်နှင့် မတော်တဆ တိုက်ဆိုင်ထိမှန်၍ ကျီးသေဆုံးရသကဲ့သို့ ဖြစ်ရပ်တစ်ခုနှင့်တစ်ခု တိုက်တိုက်ဆိုင်ဆိုင်ဆုံဆည်းဖြစ်ပွားသည်။

233. 无妄之灾

平白无故受到的牵连、损失。

ကြက်ကစပါးစား၊ ထရံကဒဏ်သင့်။

စပါးလာစားသည်ကကြက်၊ ခဲမှန်ခံရသည်ကထရံ ဖြစ်သကဲ့သို့ အပြစ်ကျူးလွန်သူက တစ်ဦး၊ မဆီမဆိုင်ခံရသူက တစ်ဦးဖြစ်သည်။

234. 物极必反

极：极端。反：向相反方向转变。事物发展到极端，就会向反面转化。

တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်။

စောင်းကြိုးညှိရာတွင် တင်းလွန်းလျှင် စောင်းကြိုးပြတ်တတ်၍ လျော့လွန်းပြန်လျှင်လည်း စောင်းကြိုးချင်း ရစ်ပတ်ရှုပ်ထွေးတတ်သကဲ့သို့ စည်းကမ်းထိန်းသိမ်းရေးနှင့် ဆက်ဆံရေးတို့တွင် တင်းလွန်းလျှင်သော်လည်းကောင်း လျော့လွန်းလျှင်သော်လည်းကောင်း အကျိုးမထင်ဖြစ်တတ်သည်။

235. 物尽其用，人尽其才

让各种东西的效用充分发挥出来。

让人人都充分发挥自己的才能。

စူးနေရာစူး၊ ဆောက်နေရာဆောက်။

စူးကိုစူးနှင့် သင့်လျော်ရာတွင်သာ သုံးရသည်၊ ဆောက်ကိုဆောက်နှင့် သင့်လျော် ရာသာသုံးရသည်။ ထို့နည်းတူ မည်သည့်ပစ္စည်း မည်သည့်ပုဂ္ဂိုလ်မဆို နေရာဌာနအလိုက်၊ စွမ်းအားအလိုက် သုံးရသည်။

236. 物以类聚

指事物按其性质分门别类各自聚集在一起。

ရတနာရှိရာ ရတနာစု။

ရတနာရှိရာသို့ ရတနာများစုဝေးရောက်ရှိ လာတတ်သကဲ့သို့ အကောင်းအမွန်များရှိရာ၊ များရာသို့ အကောင်းအမွန်ဥစ္စာ စသည်တို့ထပ်၍ရောက်ရှိလာသည်။

အမြုတေရှိရာ အမြုတေစု– နှင့်အတူတူ။

237. 息事宁人

指遇事不问是非，调和双方的纠纷，维持相安无事的局面。

ပိုနေမြဲ ကျားနေမြဲ။

မောင်ပိုနှင့်ကျားသည် မူလနေမြဲအတိုင်း ဖြစ်သွားကြသကဲ့သို့ အငြင်းအခုံကိစ္စတစ်ခုခုနှင့် ကြုံရသည့်အခါ၊ မူလအနေအထားကို မပြောင်းလဲဘဲ နဂိုနေမြဲအတိုင်း ရှိနေစေသည်။

238. 习非成是

错误的东西相沿成习惯，就会当成正确的东西。

也作“积非成是”。

အမှားကြာ အမှန်ဖြစ်။

အမှားကို ကြာရှည်လက်ခံလာသောအခါ အမှားကိုပင် အမှန်ဟု ထင်လာသည်။

239. 喜新厌旧

喜欢新的，厌弃旧的。多指爱情不专一，也指对事物的好恶态度不同。

也作“喜新厌故”。

မွေးလျှင်ပန်၊ နံလျှင်ပစ်။

မွှေးရနံ့ကြွယ်ဝစဉ် ဦးခေါင်း၌ ပန်ဆင်ခဲ့သော်လည်း၊ ရနံ့ပြယ်သည်နှင့် ထိုပန်းကို စွန့်ပစ်လိုက်သကဲ့သို့ သစ်လွင်စဉ်တပ်မက်သော်လည်း ဟောင်းနွမ်းသည်နှင့် စွန့်ပစ်သည်။

240. 先忧后乐

语本：先天下之忧而忧，后天下之乐而乐。指吃苦在先，享福在后。

အနာခံမှ အသာခံရ။

အနစ်နာခံ၍ ဆောင်ရွက်ပါမှ အကျိုးကျေးဇူးခံစားရမည်။

241. 相辅相成

指事物相互联系，相互制约，相互依存。

တောကြောင့်ကျားလုံ၊ ကျားကြောင့်တောလုံ။

တောအုပ်ကောင်းသဖြင့် ကျားသည်လုံခြုံစွာ ကျက်စားနိုင်သည်။ ကျားရှိနေသဖြင့် တောသည် လူသူလေးပါးဖျက်ဆီးမည့်အန္တရာယ်မှ လုံခြုံသည်။ ထို့အတူ၊ အချင်းချင်းအပြန်အလှန်အကျိုးပြုကြခြင်းဖြင့် နှစ်ဦးနှစ်ဝလုံခြုံစွာရပ်တည်နိုင်သည်။

242. 消患未形

在祸患尚未形成以前就予以消除。

မီးမလောင်မီက တား။

မီးကိုလောင်မှ ငြိမ်းသတ်သည်ထက် မလောင်မီက တားဆီးကာကွယ်ရသကဲ့သို့ အန္တရာယ်ကို ကျရောက်မှ ဖြေရှင်းသည်ထက် မကျရောက်မီက ကြိုတင်ကာကွယ်ထားရသည်။

243. 心广体胖

指心情开朗或无所用心，则身体肥胖壮实。

စိတ်ပျို ကိုယ်နု။

စိတ်နှလုံးကြည်လင်လန်းဆန်းနေလျှင် ကိုယ်ခန္ဓာလည်း ကျန်းမာနုပျိုနေသည်။

244. 幸灾乐祸

别人遭受灾祸，他却感到高兴。用于贬义。

တောမီးလောင် တောကြောင်လက်ခမောင်းခတ်။

တောမီးလောင်၍ တောတွင်းရှိ ယုန်၊ ပတတ် စသည့်သတ္တဝါငယ်ပြေးလွှားနေချိန်တွင် တောကြောင်က အခွင့်ကောင်းပေါ်ပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ လူအများဘေးဒုက္ခရောက်၍ ကြံရာမရဖြစ်နေချိန်တွင် လူယုတ်မာများက အခွင့်ကောင်းပေါ်ပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

245. 朽木不雕

比喻不堪造就的人。

语本《论语・公冶长》：朽木，不可雕也，……

ဝါးဆွေးကို ချွန်၍မထက်။

ဆွေးနေသောဝါးကို ထက်အောင်ချွန်၍ မရသကဲ့သို့ ပင်ကိုယ်အရည်အချင်းမရှိသူကို အရည်အသွေးတက်လာအောင် ပြုပြင်၍မရပေ။

246. 小题大做

比喻把小事加以渲染夸大，当着大事处理。也作：小题大作。

ခရုခါးတောင်းကျိုက်ဖမ်း။

ခရုကို အလွယ်တကူ ကောက်ယူရုံမျှနှင့် ရနိုင်ပါလျက် ပုဆိုးခါးတောင်းကျိုက်၍ အင်တိုက်အားတိုက်ဖမ်းဘိသကဲ့သို့ အလုပ်တစ်ခုကို အလွယ်တကူနှင့် ပြီးနိုင်ပါလျက် မလိုအပ်ဘဲ အကျယ်ချဲ့ကာ ပင်ပန်းကြီးစွာခံ၍လုပ်ကိုင်သည်။

247. 雪上加霜

比喻连续遭受灾祸，已很困，又碰到新的打击。

မြွေပူရာ ကင်းမှောင့်။

မြွေပေါ်များရာတွင် ကင်းကပါနှောင့်ယှက်ပြန်သကဲ့သို့ ပူပန်စရာများတွေ့ကြုံနေရာတွင် နောက်အပူတစ်မျိုးက ဝင်ရောက်နှောင့်ယှက်ပြန်သည်။

249. 言必信，行必果

称赞人说话信实，行动坚决，言行一致。

ဆိုခဲစေ မြဲစေ။

ပြောလည်းပြောခဲပါစေ၊ ပြောသည့်အတိုင်းလည်းတည်ပါစေ။

# တရုတ်-မြန်မာ-အင်္ဂလိပ်သိပ္ပံနှင့်နည်းပညာအဘိဓာန်(၈၆)

## 汉缅英科技词典（86）

王子崇　编译　　ဦးကြည်မြင့်

趸批卖出　လက်ကားရောင်းခြင်း　sell wholesale

dùn

钝化　အစွမ်းမဲ့စေသည်　inactivate

钝化作用　အစွမ်းပြယ်စေခြင်း　inactivation

钝角　ထောင့်ကျယ်　obtuse angle

钝角等分线　ထောင့်ကျယ်ထောင့်ဝက်လမ်း　obtuse bisectrix

盾牌星座　ဒိုင်းတာရာ　Scutum

盾形火山　ဒိုင်းပုံမီးတောင်　shield volcano

duō

多巴脱羧酶　ဒိုပါဒီကာဘိုအောက်ဆီလေ့(စ)　dopa decarboxylase

多巴氧化酶　ဒိုပါအောက်ဆီဒေ့(စ)　dopaoxidase

多贝耳氏溶液　ဒိုဘယ်ပျော်ဝင်ရည်　Dobell’s solution

多苯乙烯　ပေါ်လီစတိုင်ရင်း　polystyrene

多边形，多角形　ဗဟုဂံ　polygon

多层板　ဗဟုထပ်သား　multiply wood

多层线圈　လွှာများအခွေ　multi-layer coil

多重回声　အကြိမ်ကြိမ်ပဲ့တင်သံ　multiple echoes

多重积分　ထပ်ဆင့်သမှုဟ　multiple integral

多重结构　မာလတီပလက်　multiplet

多重调谐天线，复调谐天线　လှိုင်းစုံညှိကောင်းကင်ကြိုး　multiple tuned antenna

多重相关，复相关　ပေါင်းစုံဆက်စပ်ခြင်း　multiple correlation

多动脉炎　ဗဟိုသွေးလွှတ်ကြောရောင်ရမ်းနာ　polyarteritis

多尔纶　ဒေါ်လွန်　Dorlon

多尔塞呢　သက္ကလတ်　dorsel

多尔银，粗银　ရွှေစပ်ငွေ　dore silver

多分孢子　ပါရာစပိုး　paraspore

多酚　ပေါ်လီဖီနော　polyphenol

多酚氧化酶　ပေါ်လီဖီနောအောက်ဆီဒေ့(စ)　polyphenol oxidase

多任务电报机，复式电报机　လှိုင်းစုံလွှင့်ကြေးနန်းစက်　multiplex telegraph

多任务制，多路系统　လှိုင်းစုံလွှင့်အဖွဲ့အစည်း　multiplex system

多功能，多用途　အထွေထွေအသုံးပြုနိုင်ခြင်း　multipurpose

多官能化合物　ဓာတ်ပြုအုပ်စုများပါဒြပ်ပေါင်း　polyfunctional compound

多官能团分子　ဓာတ်ပြုအုပ်စုများပါမော်လီကျူး　multi-functional molecule

多硅酸盐　ပေါ်လီဆီလီကိတ်　polysilicate

多果定（农药）　ဒိုကွာဒင်း၊ ဂွါနီဒင်း　Doquadine,guanidine

多核苷酸酶　ပေါ်လီနယူကလီယိုတိုက်ဒေ့(စ)　polynucleotidase

多核配合物　နယူကလီယာများပါဒြပ်ပေါင်း　polynuclear complex

多核体，合体细胞，合胞体　ဆဲလ်ထွေး　syncytium

多环化合物　ကွင်းဆက်များဒြပ်ပေါင်း　polycyclic compound

多辉粗玄岩　ဆိုဂျန်ဒါလိုက်ကျောက်ဆောင်　soggendalite

多极　ဗဟုပိုစွန်း　multipole

多极泵　အဆင့်များပန့်စက်　multistage pump

多极放大器　အဆင့်ဆင့်ချဲ့စက်　multistage amplifier

多极管，复合管　ဗဟုယူနစ်မီးလုံး　multi-units tube

多极辐射　ဗဟုပိုစွန်းဖြာထွက်မှု　multipole radiation

多价碱，多元碱　အက်ဆစ်ကိန်းများဖေ့(စ)　polyacid base

多价染色体　မာလတီဗယ်လင့်ခရိုမိုဆုမ်း　multivalent chromosome

多价元素　မာလတီဗယ်လင့်ဒြပ်စင်　multivalent element

多碱价酸　ဖေ့ကိန်းများအက်ဆစ်　polybasic acid

多晶　ဗဟုပုံဆောင်ခဲ　polycrystalline

多晶硅　ပေါ်လီဆီလီကွန်　polysilicon

多聚甲醛，仲甲醛　ပါရာဖွန်၊ပါရာဖော်မယ်ဒီဟိုက်　paraform,paraformaldehyde

多聚酶，聚合酶　ပေါ်လီမာရေ့(စ)　polymerase

多孔菌素　ပေါ်လီပိုရင်　polyporin

多孔菌酸　ပေါ်လီပိုရစ်အက်ဆစ်　polyporic acid

多孔性砖　အုတ်ပွ　porous brick

多孔岩石　ရေစိမ့်ကျောက်ဆောင်　porous rock

多丽菌素　ဒေါ်ရီဆင်　doricin

(မှတ်ချက်--ဤအဘိဓာန်မှာ စာမျက်နှာစုစုပေါင်း၅၀၀ရှိသည်။ ယခုဤအဘိဓာန်တစ်အုပ်လုံးကို ပုံနှိပ်ထုတ်ဝေပြီး ဖြန့်ချိနေပါပြီ။ စာအုပ်ဝယ်လိုသူတို့သည် ကူမင်းမြို့နှင့်ရွှေလီမြို့ ရှင်ဟွာစာအုပ်ဆိုင်များတွင် ကူမင်းမြို့ တရုတ်အိုဗာစီမိတ်သဂ်ဟအသင်းတွင် ဝယ်နိုင်ပါသည်။)

**MEKONG** *An Authoritative Magazine in Thai*

**AUSPICIOUS** *An Authoritative Magazine in Myanmar*

**FRAGRANT PLANT** *An Authoritative Magazine in Lao*

# Preferential Activity for Advertisement Provided by the Three Publications

**Foreign Media Overbalance Investment Overal Agent Lower Price**




## Same Investment Different Return

In order to thank old & new customers for their kindness in giving **MEKONG, AUSPICIOUS & FRAGRANT PLANT** support for a long time, " The Three Publications " Golden Combination Suit advertisement has been specially worked out for customers.

Please contact the general agent for detailed information:

**Ji Xiang Magazine**

Tel: 86-871-64112973 (Fax)

Tel: 86-871-64101644

E_mail: yunnanjixiang@163.com


ဗောက်ထတာဟာ မှိုရောဂါတစ်မျိုးပါ
ဟာက်နီးလ်
ဗောက်ပျောက်ခေါင်းလျှော်ရည်
HAICNEAL®
Dedandruff Antipruritus
HAICNEAL®
COMPOUND KETOCONAZOLE
LOTION FOR
SCALP DISORDERS
EXTERNAL USE
50ml / tube
DIHON
Sino-American
HAICNEAL
COMPOUND KETOCONAZOLE
LOTION FOR
SCALP DISORDERS
5ml / bag
DIHON
Myan. Reg. 0704A5509
Distributed by
EMP
ph: 01-291839, 203008, 296995, 02-31363
e-mail: emp@mptmail.net.mm, emp-mdy@cybertech.net.mm
Manufactured By Kunming Dihon Pharmaceutical Co., Ltd. China.